
ကောက်ဥ၏ မုတုန့်ကျင်းတောင်း
1997
ဇော်ရဲအောင်(TZ)
နန္ဒကျော်သူ
အချုပ်အချယ်မဲ့ တံဆိပ်တော်
နှစ်အုပ်တွဲသိုင်းစာစဉ်
ဒုတိယပိုင်း (ဇာတ်သိမ်း)
သိုင်းစာစဉ်များpage.
22.6.2017
ALIEN မှ pdf အဖြစ် စကန်ဖတ်သည်

# နုငွေကျော်ယူ

အချုပ်အချယ်မဲ့
တံဆိပ်ဓား



ပ+ဒု နှစ်အုပ်တွဲ

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၀၇/၉၇ (၆) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၃၂၇/၉၇ (၇) |
| ထုတ်ဝေအကြိမ် | ပထမအကြိမ် |
| ထုတ်ဝေကာလ | ၁၉၉၇-ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၉၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြဲ ၀၉၄၃) |
| | မိုးမင်းစာပေ |
| | အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးထောင့်ကန်၊ |
| | သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့ ။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး ပုံနှိပ်တိုက် |
| | အမှတ် ၁၂ ဒါနလမ်း၊ |
| | သာယာကုန်းရပ်ကွက်၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ ။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/၁၊ ၁၀ လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ |


## နန္ဒကျော်သူ

# အချုပ်အချယ်ယိုမှုတဲ့ဆိပ်တော်

(၂-အုပ်တွဲ သိုင်းတစ်စဉ်)

ထွန်းဝေဝေ
အမှတ် ၁၃ ၁၃၈၊ ဦး လမ်း
တောင် ၄ ခြီး
ဖုန်း ၂၁၄၄၄

# နန္ဒကျော်သူ

# အချုပ်အချယ်မဲ့ တံဆိပ်တော်

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

[ ဒုတိယပိုင်း ဇာတ်သိမ်း ]

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး

အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကာ

စည်းကမ်းရှိမှ တိုးတက်မည်

စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

သစ်ခေါင်းစခန်း....

သစ်ခေါင်းစခန်းသည် အမည်နှင့် လိုက်ဖက်စွာပင် တောအုပ်အတွင်း၌ တည်ရှိသော စခန်းတစ်ခုဖြစ်သည်။

စခန်းထိပ်တွင် လူသုံးဖက်ခန့် ကြီးမားသော သစ်ပင်ကြီး တစ်ပင် ရှိ၏။

ထိုသစ်ပင်ကြီး၏ ပင်စည်တွင် လူနှစ်ဦး အေးအေးဆေးဆေး ဝင်ထိုင်နိုင်လောက်အောင် ခေါင်းပေါက်တစ်ခု ရှိနေပေသည်။

ထိုသစ်ခေါင်းပေါက်ကို အစွဲပြုကာ သစ်ခေါင်းစခန်းဟု ခေါ်ခဲ့ခြင်း ဖြစ်ပေသည်။

သစ်ခေါင်းစခန်းသည် တောင်ပိုင်း သိုင်းလောကတွင် နာမည်ရှိသော သိုင်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။

သစ်ခေါင်းစခန်း၏ ခေါင်းဆောင်မှာ ကျိရိတင် ဖြစ်သည်။

ကျိရိတင်သည် သိုင်းလောက၌ ကောင်းသူကယ်မကောင်းသူပယ်သည့် သိုင်းသမားတစ်ယောက်ဖြစ်သည်။

သစ်ခေါင်းစခန်းကို မတည်ထောင်ခင် သိုင်းလောကတွင်း၌ တစ်ကိုယ်တော် လှည့်လည်ကျက်စားခဲ့သည်။

ထိုစဉ်ကတည်းက သူသည် အနက်ရောင်သိုင်းသမားများကို ရက်ရက်စက်စက်ချေမှုန်းသုတ်သင်ခဲ့သည်။

ထို့နောက်.... အသက်ရလာတော့မှ သူသည် တစ်ကိုယ်တော် သွားလာလှုပ်ရှားမှုမျိုးမပြုတော့ဘဲ စခန်းတည်ထောင်ခဲ့ခြင်း ဖြစ်၏။

သူသည် မြို့ကြီးပြကြီး၌ နေထိုင်ချင်စိတ်မရှိပါ။

ထို့ကြောင့်လည်း....သူက မြို့ရွာနှင့်မနီးသည့် သစ်တောအတွင်းတွင် စခန်းတစ်ခု တည်ထောင်ခဲ့ခြင်းဖြစ်သည်။

သူသည် စခန်းတစ်ခုအဖြစ် တည်ထောင်ပြီး နောက်ပိုင်းတွင် တပည့်များ လက်ခံကာ သူ၏သိုင်းပညာကို အမွေပေးလေသည်။

သို့ရာတွင် သူက တပည့်များများ လက်မခံပါ။



သူ၏စခန်းတွင် တပည့်အယောက်သုံးဆယ်သာရှိသည်။

ထိုတပည့်သုံးဆယ်နှင့်အတူ ယနေ့အချိန်အထိ ဒုစရိုက်သိုင်းသမားများကို ရှာဖွေချေမှုန်းနေဆဲဖြစ်ပါသည်။

သူ၏ အမည်မှာလည်း တောင်ပိုင်း သိုင်းလောကတွင် ကျော်ကြားလျက်ရှိနေဆဲဖြစ်ပါသည်။

* *

သစ်တောအုပ်အတွင်း—

ဘာသာဘာဝအောင်မြည်နေသော ကျေးငှက်သာရကာတို့၏ အသံမှလွဲ၍ မည်သည့်အသံမှ မရှိပါ။

ပတ်ဝန်း ကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

တောလမ်းကလေးသည် ကွေ့ကောက်လျက်ရှိပြီး သစ်လုံးစည်းရိုးအနား၌ အဆုံးသတ်သွားသည်။

သစ်ခေါင်းစခန်းသည် ဘစ်လုံးစည်းရိုးများ ကာရံထား ပြီး အခိုင်အမာစခန်းတစ်ခုဖြစ်၏။

တံခါးပေါက်တစ်ခုသာရှိပြီး ထိုတံခါးဝအထက်တွင် ကင်းစင်တစ်ခု တည်ဆောက်ထား၏။

ကင်းစင်ပေါ်ဝယ် အစောင့်နှစ်ဦးက လေး၊ မြား၊ ဓား၊ လှံ လက်နက်များနှင့်အတူ စောင့်ကြပ်နေကြပေသည်။

စည်းရိုးအတွင်းဝင်လိုက်လျှင် သစ်လုံးအိမ်တစ်လုံးကို တဲ ငယ် ငါးလုံးခန့်က ဝိုင်းပတ်၍ တည်ဆောက်ထားသည်ကို မတွေ့မြင်ရမည်ဖြစ်၏။

သစ်လုံးအိမ်ကလေးမှာ မကြီးလှပါ။

သစ်လုံးအိမ်ကလေးရှေ့တွင်မူ အတော်ကြီးမားသော ပန်း ဥယျာဉ်တစ်ခုရှိပေ၏။

ထိုသစ်လုံးအိမ်သည် သစ်ခေါင်းစခန်းခေါင်းဆောင် ကျီ ရိတင်၏ အိမ်ဂေဟာပင် ဖြစ်ပါ၏။

ယနေ့ ထူးခြားလှသည်ဟု ဆိုရပေမည်။



အကြောင်းမှာ... ကျီရိတင်၏ သစ်လုံးအိမ်လေးအတွင်း၌ သူ၏ငယ်သား တပည့်အားလုံး စုံညီစွာပင် ရှိနေကြသော ကြောင့် ဖြစ်ပါသည်။

အိမ်ကလေးအတွင်း ကြမ်းပြင်ပေါ်၌ လူရွယ်နှစ်ဆယ့်ရှစ် ယောက်တိတိ တင်ပျဉ်ခွေ၍ ထိုင်နေကြသည်။

သူတို့သည် အသက် ငါးဆယ်ကျော်ခန့်ရှိသော လူတစ်ဦး ကို ဝိုင်းရံ၍ ထိုင်နေကြခြင်းဖြစ်သည်။

ထိုလူကြီးက သစ်ခေါင်းစခန်းခေါင်းဆောင် ကျီရိတင် ပင် ဖြစ်ပါသည်။

အိမ်ကလေးထဲ၌ လူအများအပြားရှိနေသည်။

သို့ရာတွင် မည်သူမျှ စကားမပြောကြသောကြောင့် အပ် ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်၍ နေပေ သည်။

အားလုံးသည် ခေါင်းဆောင်ဖြစ်သူ ကျိုရိုတင်အား စိုက်ကြည့်နေသည်။

ကျိုရိုတင် ပြောလာမည့်စကားကို နားစွင့်နေကြလေသည်။

ကျိုရိုတင်သည် တပည့်များအား တစ်ယောက်စီလိုက်ကြည့်နေသည်။

ခဏကြာတော့မှ စကားစလာသည်။

'မင်းတို့ကို ကျုပ်ပြောစရာရှိလို့ ခေါ်ယူလိုက်တာပဲ'

တပည့်အားလုံး ငြိမ်နေကြသည်။

ကျိုရိုတင်က စကားဆက်လိုက်သည်။

'ဝတ်ရှုံရှင်ဟာ ဝံပုလွေတောင်ကုန်းကို ဖြိုဖျက်သွားခဲ့တဲ့ သတင်းကို မင်းတို့ ကြားပြီးပြီထင်တယ်'

တပည့်များ တစ်ယောက်မျှမလှုပ်ပါ။

ထိုသတင်းသည် တောင်ပိုင်းသိုင်းလောကအတွင်း ပျံ့နှံ့ခဲ့ပြီဖြစ်သည်။

အားလုံးလည်း ကြားပြီးကြပြီဖြစ်သည်။

ကျိုရိုတင်က....



'ဝတ်ရှုံရှင် ဘယ်သူလဲ၊ သူတာဘာကြောင့် ကျုပ်တို့တွေကို ဒုက္ခပေးရသလဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ၊ ကျုပ်တို့ မသိရဘူး၊ ဒါပေမယ့် သူဟာ ချိမ်းခြောက်သွားတဲ့အတိုင်း လုပ်ဆောင်နိုင်တယ်ဆိုတာတော့ ထင်ရှားနေပြီ'

တပည့်တစ်ယောက်က....

'ဝတ်ရှုံရှင်က ဝံပုလွေတောင်ကုန်းကို ဘယ်လိုဖြိုခွဲလိုက်သလဲဆိုတာ စဉ်းစားလို့မရဘူးဆရာ'

အခြား တပည့်တစ်ယောက်ကလည်း ဝင်ပြောလိုက်လေသည်။

'ဝံပုလွေတောင်ကုန်းဟာ အလွန်ခိုင်မာတဲ့ စခန်းတစ်ခုပါ၊ အခုလို ဖြိုခွဲခံရမယ်လို့ မယုံနိုင်စရာဘဲ'

ကျိုရိုတင်က သက်ပြင်းချလိုက်သည်။

'အေး....တောင်ပိုင်း သိုင်းလောကထဲမှာ အလုံခြုံဆုံး စခန်းတွေထဲမှာ ဝံပုလွေ တောင်ကုန်းဟာ ထိပ်ဆုံးကပါခဲ့တယ်၊ ဒါပေမယ့် ဝတ်ရှုံရှင်ကိုတော့ မကန့်တားနိုင်ခဲ့ဘူး၊ ဝတ်ရှုံရှင်ရဲ့ လက်ချက်နဲ့ ဝံပုလွေ တောင်ကုန်းသခင်ကွင်းချောင် အပါအဝင် အားလုံးသေဆုံးခဲ့ရတာ'

သူ၏အသံမှာ ကြေကွဲသံပါနေသည်။

'ဝတ်ရုံရှင်ဟာ အလွန်သေးအေးပြီး ရက်စက် ကြမ်းကြုတ်တဲ့ လူတစ်ယောက်ဆိုတာ ထင်ရှားနေပြီ'

တပည့်တစ်ဦးက....

'သူ့ရဲ့ သိုင်းပညာဟာ မမျှော်မှန်းနိုင်လောက်အောင် မြင့်မားနေမှာတော့ သေချာပါတယ်'

ကျီရိတင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကွင်းချောင်ကိုတောင် လုပ်ကြံနိုင်တဲ့အတွက် သူ့ရဲ့သိုင်းပညာအဆင့်ဟာ အလွန် မြင့်မားနေတာ အသေအချာပါပဲ'

'ဒါကြောင့် မင်းတို့ကို ကျုပ် မှာကြားစရာရှိတာ'

'ဟုတ်ကဲ့ ပြောပါဆရာ'

ကျိရိတင်က သက်ပြင်းအသာချပြီးမှ

'ဝတ်ရုံရှင်ဟာ ကျုပ်တို့သစ်ခေါင်း စခန်းကိုလည်း နှစ်လအတွင်း သွေးချောင်းစီးစေရမယ်လို့ ချိမ်းခြောက်သွားတာ မင်းတို့အားလုံးအသိပဲ'

တပည့်အားလုံး ငြိမ်ကျသွားသည်။

ကျိရိတင်က ဆက်ပြောလိုက်သည်။



'သူဟာ ပထမဆုံးအနေနဲ့ ဝံပုလွေတောင်ကုန်းကို ဖြိုခွင်းပြခဲ့တာဘဲ၊ ဒုတိယဟာ ဘယ်သူ့အလှည့်လဲ၊ ကျုပ်တို့သစ်ခေါင်းစခန်းဟာ ဝံပုလွေတောင်ကုန်းနဲ့ အတော်နီးတော့ ဒုတိယပစ်မှတ်ဟာ ကျုပ်တို့အဖွဲ့ ဖြစ်နိုင်တယ်'

အားလုံး ငြိမ်ကျသွားသည်။

ရင်ထဲ၌လည်း လေးလံသွားကြသည်။

ကျိရိတင်ထံ....

'ဒီဝတ်ရုံရှင်ကို ကျုပ်တို့ခုခံဖို့ အခြေအနေဟာ အမှန်အတိုင်း သုံးသပ် ပြောဆိုရမယ်ဆိုရင်တော့ သူ့ကိုခုခံနိုင်စွမ်းရှိမှာ မဟုတ်ဘူး'

တပည့်တစ်ဦးက မခံချင်စိတ် ဖြစ်သွားသည်။

'သူ လုပ်ချင်တိုင်း လုပ်တာကို ကျွန်တော်တို့ ငုံ့မခံနိုင်ဘူး၊ သူ့ပညာအဆင့် ဘယ်လောက်ပဲ မြင့်မား မြင့်မား ကျွန်တော်တို့ မကြောက်ပါဘူး'

ဟု ရဲဝံ့စွာ ပြောလိုက်၏။

အခြားတစ်ယောက်ကလည်း ဝင်ပြောလိုက်၏။

'ဟုတ်တယ်၊ ဝတ်ရုံရှင်ဟာ လာစမ်းပါစေ၊ သူသေကိုယ်သေ ရင်ဆိုင်ဖို့ အသင့်ပါပဲ'

ကျီရီတင်မျက်နှာ ပြုံးရွှင်သွား၏။
သူက ခေါင်းညိတ်ပြီ
'မင်းတို့သတ္တိကို ကျုပ်က သိပြီးသားပါ၊ ကဲ—အခု ကျုပ်ပြောမယ့်စကားကို သေချာချာ နားထောင်ကြ'

'ဟုတ်ကဲ့....ပြောပါဆရာ'

ကျီရီတင်က....

'မင်းတို့အားလုံး မနက်ဖြန် နေ့လက်သုံးထာ ပြီး ဒီကနေ ထွက်သွားကြပါ'

'မျာ'

'ဟင်'

မထင်မှတ်သော စကားကြောင့် အားလုံး အံ့အားသင့် သွား၏။

ကျီရီတင်က—

'ဟုတ်တယ်၊ မင်းတို့ ကျုပ်စကားကို နားထောင်ကြပါ၊ အားလုံး သစ်ခေါင်းစခန်းကနေ ထွက်သွားကြပါ'

သူ့စကားသံက ပြတ်သ ။

တပည့်တစ်ဦးက—

'ကျွန်တော်တို့...'



သူ့စကားမှဆုံးခင် ကျီရီတင်က လက်ကာပြ၏။
'မင်းတို့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် မင်းတို့ကို ကျုပ်က အသေမခံနိုင်ဘူး၊ ဝံပုလွေ တောင်ကုန်းကို အားလုံး ပျက်စီးဆုံးရှုံးရတာမျိုး ကျုပ်မလို ချင်ဘူး၊ ဒါကြောင့် မင်းတို့ ထွက်သွားကြပါ'

တပည့်တစ်ဦးက....

'ကျွန်တော့်တို့က ရန်သူကို လက်မြှောက်ရမှာပေါ့ ဟုတ် လား ဆရာ'

ဟု စိတ်ထိခိုက်စွာ မေး၏။

ကျီရီတင်က ပြုံး၍....

'လက်မြှောက်တာ မဟုတ်ဘူး၊ ရန်သူကို တိုက်ခိုက်နိုင်ဖို့ အားယူတဲ့ သဘောမျိုးပဲ'

အားလုံး သူ့စကားကို နားမလည်ကြ။

သူက ဆက်ပြောသည်။

'မင်းတို့ကို ကျုပ်အရှင်းဆုံး ဥပမာပေးမယ်၊ ဝံပုလွေ တောင်ကုန်း ဖျက်ဆီးခံရတယ် ဒီအတွက် ဝက်ရှုံရှင်ကို ဘယ်သူက တုံ့ပြန်နိုင်မလဲ၊ ဘယ်သူမှမကျန်တဲ့အတွက် တုံ့ပြန်ခွင့် မရှိတော့ဘူး မဟုတ်လား'

တပည့်တစ်ဦးက....

'ဆရာဆိုလိုတာက—'

ကျီရိတင်က ပြုံး၍—

'ဒီကနေ့ သစ်ခေါင်းစခန်း ဖြိုခွဲခံရတယ်ဆိုပါတော့ မင်းတို့ အဝေးမှာရောက်နေရင် နောက်တစ်နေ့ ဝတ်ရုံရှင်ကို တုံ့ပြန်ပြီး ကျုပ်ရဲ့ သစ်ခေါင်းစခန်းကို ပြန်တည်ထောင်နိုင်တဲ့ အခွင့်အရေး ရှိတာပေါ့'

တပည့်များ ငြိမ်သွား၏။

သူက ဆက်၍—

'ကျုပ်စကားအတိုင်း လိုက်နာကြပါ၊ ဒါမှသာ ဝတ်ရုံရှင်ကို တုံ့ပြန်ဖို့ အခွင့်အရေးရမယ်'

တပည့်တစ်ဦးက အံကြိတ်၍....

'ကောင်းပါပြီ ဆရာ၊ ကျွန်တော်တို့ဟာ တစ်နေ့ ဝတ်ရုံရှင် ဘယ်သူဖြစ်တယ်ဆိုတာ ရအောင်ဖော်ထုတ်ပြီး သစ်ခေါင်းစခန်းကို တည်ထောင်ဖို့ ကြိုးစားပါမယ်'

ဟု ကတိပေး၏။

အားလုံးကလည်း ကတိပြုသည်။
ကျီရိတင် ပြုံးသွား၏။



'ကျေးဇူးတင်ပါတယ်၊ ကဲ... ဒီည ကျုပ်တို့ ဆရာတပည့်တွေ ပျော်ပျော်ပါးပါး ညစာစားကြဖို့ ကျုပ်စီစဉ်ထားတယ်၊ ကဲ....တစ်ယောက်သွားစမ်း၊ စုံစန်းကိုမေးကြည့်စမ်း၊ အားလုံး အသင့်ဖြစ်ပြီလားလို့'

ဟု စကားကို အဆုံးသတ်လိုက်အည်။

* * *

နောက်တစ်နေ့ည....
သစ်ခေါင်းစခန်းသည် တိတ်နေ၏။
ယနေ့ညတွင် ပို၍ပင် ငြိမ်သက်နေသည်။
ကျီရိတင် အိပ်မပျော်သေးပါ။
သူ့ရင်ထဲ ပြင်းပြစွာ ခံစားနေရ၏။
ယခု သူ့တပည့် တစ်ယောက်မှ မရှိတော့ပါ။
အားလုံးကို သူက ထွက်ခွာခိုင်းခဲ့ပြီ ဖြစ်၏။

တစ်ခေါင်းစခန်းအတွင်း သူတစ်ယောက်သာ ထီးတည်းကျန်ခဲ့၏။

တစ်ယောက်တည်းဟုဆိုသော်လည်း အမှန်ဆိုလျှင် တစ်ယောက်တည်း မဟုတ်ပါ။

ထို့အပြင် အခြားသူတစ်ယောက်ရှိနေသေး၏။

ထိုသူကား သူ၏ ထမင်းချက် စုစန်းပင်ဖြစ်သည်။

စုစန်းကိုလည်း ပြန်လွှတ်ချင်သည်။

သူ၏ စားသောက်ရေးအတွက် မတတ်သာသောကြောင့်သာ ပြန်မလွှတ်ဘဲ ထားရခြင်းသာ ဖြစ်ပေသည်။

ညဥ့်နက်နေပြီ ဖြစ်၏။

ကျီရိုတင်မှာ မည်သို့မျှ အိပ်မရပါ။

အိပ်မရသည့်အတူတူ သူက အိပ်ရာထက်တွင် လဲလျောင်းမနေချင်တော့ပါ။

ထို့ကြောင့် ဗျပ်စောင်းကိုဆွဲကာ ထွက်လာခဲ့သည်။ သူ၏ သစ်လုံးအိမ်ကလေးရှေ့ရှိ ပန်းဥယျာဉ်အတွင်း ဆင်းလာခဲ့သည်။

ထို့နောက် ခုံတန်းလျားလေးတွင်ထိုင်ကာ ဗျပ်စောင်းကို တို့ခတ်ကစားလိုက်သည်။



သာယာနာပျော်ဖွယ်ရာ ဂီတသံက ထွက်ပေါ်လာသည်။ သူသည် ဗျပ်စောင်းကို တို့ခတ်ကစားရင်းမှ တေးသီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါတီးခတ်လိုက်သည်။ မရည်ရွယ်ဘဲနှင့် သူက ထိုတေးသီချင်းကို တီးခတ်မိခြင်းဖြစ်သည်။

ထိုတေးသီချင်းသည် တိဘက်သီချင်းတစ်ပုဒ်ဖြစ်သည်။

ကျီရိုတင်မှာ ငယ်စဉ်က တိဘက်နယ်တွင် နေထိုင်ခဲ့ဖူး၏။ ထိုစဉ်က သူရခဲ့သော တိဘက်သီချင်းတစ်ပုဒ်ကို သတိရကာ ပြန်လည် တီးခတ်လိုက်ခြင်းပင်ဖြစ်သည်။ သူ၏ စိတ်အစဉ်မှာလည်း ဂီတသံနှင့်အတူ လွင့်မျောသွားသည်။

ငယ်စဉ်က တိဘက်နယ်အတွင်းနေထိုင်ခဲ့ပုံများကို ပြန်လည်၍ သတိရလာမိလေသည်။

စတ်ဝန်းကျင်တစ်ခုလုံးတွင် ဗျပ်စောင်းသံအသာ ငြိမ့်ငြောင်းသာယာစွာ ဖုံးလွှမ်းနေပေသည်။

ကျီရိုတင်သည် သိုင်းပညာထူးချွန်သည် မဟုတ်ပါ။

ဂီတပညာတွင်ပါ ထူးချွန်သူဖြစ်ကြောင်း သူ၏ ဗျပ်စောင်းလက်သံကို နားဆင်မိသည်နှင့် မှတ်ချက်ချမိမည်မှာ သေချာလှ သည်။

ကျီရိတစ် ကိုယ်တိုင်လည်း ပက်ဝန်းကျင်ကို မေ့လျော့သွား၏။

ဗျပ်စောင်းကိုသာ စိတ်ဝင်စားစွာ တီးခတ်နေလေသည်။

ထိုအခိုက်မှာပင်....

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံက ပေါ်ထွက်လာလေသည်။

ရုတ်တရက် ပေါ်ထွက်လာသော လက်ခုပ်သံကြောင့် ဗျပ်စောင်းသံသည် တိခနဲ ပြတ်တောက်သွားလေသည်။

ကျီရိတစ်သည် လက်ခုပ်သံပေါ်ထွက်လာရာသို့ လှမ်းကြည့်လိုက်သည်။

ပန်းရုံများကြားမှ အဖြူရောင်အရိပ်တစ်ရိပ် ထိုးထွက်လာသည်။

လရောင်ဖြင့် ထိုအဖြူရောင်အရိပ်ကို ကောင်းစွာတွေ့လိုက်ရ၏။

လှပနုနယ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

မမျှော်လင့်ဘဲ ညဉ့်နက်သန်းခေါင်တွင် နုနယ်သော မိန်းကလေး တစ်ယောက်အား တွေ့လိုက်ရခြင်းကြောင့် အံ့အားသင့်မိ၏။



ဥစ္စာစောင့်မလေးတစ်ယောက်ပင်လော။

ကျီရိတစ် မျက်မှောင်ကုပ်ကာ ကြည့်နေမိသည်။

ထိုစဉ် မိန်းကလေးထံမှ အပြုံးတစ်ချက်နှင့်အတူ စကားသံထွက်ပေါ်လာ၏။

'ဦးရဲ့ 'နေဝင်ချိန်' ဆိုတဲ့ တေးသွားဟာ အလွန်ပဲ နားထောင်ကောင်းလှပါတယ်'

ဟု ချီးကျူးလိုက်လေသည်။

ကျီရိတစ် သက်ပြင်းချလိုက်သည်။

မိန်းကလေး က ဆက်ပြောလာပြန်သည်။

'ဒီတေးသွားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်ကနေ ခုထိ မရိုးနိုင်ပါဘူး၊ ပြီးတော့ ပြည်မမှာလဲ ဒီတေးသွားကို ရတဲ့လူ မရှိသလောက်မှပါပဲ'

ကျီရိတစ် အံ့သြနေမိ၏။

ထိုတေးသီချင်းသည် ထိဘက်သီချင်းတစ်ပုဒ်ဖြစ်သည်။

တိဘက်နယ်တွင် အလွန်ကျော်ကြားသော သီချင်းလည်း ဖြစ်သည်။

မိန်းကလေးပြောသလိုပင် ပြည်မတွင် ထိုသီချင်းကို ရသူ မဆိုထားနှင့် ကြားဖူးသူပင် နည်းပါးပေလိမ့်မည်။

ယခု မိန်းကလေးက သိနေသည်။

ထိုမိန်းကလေးသည် တိဘက်ကလေးသာ။

ကျီရီတင်က—

'ဒီတေးသွားဟာ နေဝင်ချိန်ဆိုတာ မင်းဘယ်လိုသိသလဲ တိဘက်စကားကိုကော နားလည်သလား၊ မင်းက တိဘက်ကလား'

ဟု ပြန်မေးလိုက်သည်။

မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး....၊

'ကျွန်မ တိဘက်စကားနားမလည်ပါဘူး၊ တိဘက်နယ်ကိုလဲ တစ်ခါမှ မရောက်ဖူးပါဘူး'

ဟု ပြန်ပြောလိုက်၏။

ကျီရီတင်၏ မျက်ခုံးများ တွန့်ချိတ်သွား၏။

ကျီရီတင်က—

'အံ့သြစရာပဲ၊ မင်းက တိဘက်နယ်ကို မရောက်ဖူးဘူး ပြီးတော့ တိဘက်စကားကို နားမလည်ဘူး ဟုတ်လား'

'ဟုတ်ပါတယ်ရှင့်'



'ဒါဆိုရင် ကျုပ်အခုတီးခတ်နေတဲ့ တေးသွားဟာ 'နေဝင်ချိန်'လို့ မင်းက ဘာကြောင့် အတိအကျ ပြောနိုင်ရတာလဲ' မှန်သည်။ အလွန် မေးထိုက်သော မေးခွန်းပင် ဖြစ်ပါသည်။

မိန်းကလေးက ရယ်မောလိုက်၏။

'ခစ် ခစ် ခစ် ကျွန်မက ဒီတေးသွားကို မသိပါဘူး၊ ဒါပေမယ့် ဘွားဘွားလျှံကတော့ နားလည်တယ်ရှင့်— သူကတိဘက်နယ်မှာ အနှစ်နှစ်ဆယ်လောက် နေထိုင်ခဲ့တယ်လေ'

သူမစကားက ဝေ့လည်လည်နိုင်လှသည်။

သူမစကားအရဆိုလျှင် သူမ တစ်ယောက်တည်း မဟုတ်ပါ။

နောက်တစ်ယောက် ပါလာဟန်တူ၏။

'ဘွားဘွားလျှံ ဟုတ်လား၊ ဘွားဘွားလျှံဆိုတာ ဘယ်သူလဲ'

'ကျွန်မပါပဲရှင့်'

ကျီရီတင်၏အမေးစကားဆုံးသည်နှင့် စကားသံက သူ၏ အနောက်ဘက်မှ ထွက်ပေါ်လာသည်။

ကျော်ရိုတင်က အသံလာရာဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

သစ်ပင်များကြားမှ အဘွားအိုတစ်ယောက် တိုးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

အဘွားအိုတစ်ယောက် ဖြစ်၏။

ရုပ်ရည်က အကျည်းတန်လှသည်။

အဘွားအိုသည် ငွေရောင် လင်းလက်တောက်ပနေသော လင်းမန်းတစ်ချက်ကို ကိုင်ဆောင်ကာ လျှောက်လာနေ၏။

ထိုငွေလင်းပန်းထဲဝယ် ပဝါနီနှင့်ထုတ်ထားသော အထုပ်ကလေးတစ်ထုပ်လည်း ပါရှိလာသည်။

အဘွားအို၏ လှုပ်ရှားမှုများက အလွန် ညင်သာသည်ဟု မှတ်ချက်ချလိုက်သည်။

ကျော်ရိုတင်က မိန်းကလေးဘက် ပြန်လှည့်လိုက်ပြီး...

'ဒီအဘွားအိုက မင်းနဲ့ ဘာတော်သလဲ မိန်းကလေး'

ဟု မေးလိုက်သည်။

မိန်းကလေးက ပြုံးပြီး....

'အထိန်းတော်....ကျွန်မရဲ့ အထိန်းတော်ပါ'



ကျော်ရိုတင်က—

'မင်းတို့ ညဉ့်နက်သန်းခေါင် ကျုပ်စခန်းထဲကို ဘာဖြစ်လို့ ကျူးကျော်ဝင်လာရတာလဲ'

မိန်းကလေးက ဦးညွတ်၍—

'ခွင့်လွှတ်ပါရှင်၊ ကျွန်မကို ခေါ်ကြည့်ပါဦးတော့တယ် တယ်သူမှ မရှိတဲ့အပြင် စည်းရိုးတံခါးကလဲ ဟနေတာနဲ့ ဝင်လာမိတာပါ၊ ဒီအတွက် တောင်းပန်ပါတယ်'

ကျော်ရိုတင်က....

'ထားပါတော့၊ ဘာကိစ္စများ အရေးကြီးလို့ အခုလို ညဉ့်နက်သန်းခေါင် ရောက်လာရတာလဲ'

သူမက ရယ်လိုက်သည်၊

သူမ၏ရယ်သံ ဂီတသံတစ်ခုနှယ်။

ကျော်ရိုတင်က သူမကို မျက်မှောင်ကုပ်ကာ ကြည့်နေ၏။

မိန်းကလေးက....

'ကိစ္စက ဦးအတွက်တော့ အလွန်အရေးကြီးမှာပါ၊ ဒါ့ကြောင့် အချိန်ကို ဂရုမပြုနိုင်ပဲ ရောက်လာမိတာပါ'

ကျော်ရိုတင်က—

‘ကျုပ်အတွက် အရေးကြီးတယ်၊ ဟုတ်လား’

‘ဟုတ်ပါတယ်ရှင်’

‘ကဲ ပြောစမ်းပါဦး’

မိန်းကလေးက သူ့ကို ကြည့်၍....

‘သစ်ခေါင်းစခန်းတော့ ဖျက်ဆီးခံရမယ်၊ သွေးချောင်းစီးမယ့် အန္တရာယ်နဲ့ တွေ့ကြုံနေတယ် မဟုတ်လား’

သူက ပြုံး၍....

‘အဲ့ဒါ ဘာဖြစ်သလဲ’

မိန်းကလေးက—

‘အဲဒီလို အဖြစ်ဆိုးတွေ မဖြစ်ရအောင် ကူညီဖို့ ကျွန်မဒီကို ရောက်လာခဲ့တာပါရှင်’

ကျီရိုဘင် မျက်မှောင်ကုပ်သွား၏။

မိန်းကလေးကို စိုက်ကြည့်ပြီး....

‘မင်းက ကူညီမယ် ဟုတ်လား’

မိန်းကလေးက ခေါင်းညိတ်သည်။

‘ဟုတ်ပါတယ်ရှင်’



ကျိရိုတင် သဘောကျစွာ ရယ်သည်။

‘ဟား ဟား ဟား’

မိန်းကလေးက...

‘ဦးက ဘာကြောင့်ရယ်တာလဲရှင်’

ကျိရိုတင်က ရယ်ရင်း....

‘မင်းစကားက ရယ်စရာကောင်းလို့ပါ’

သူမမျက်နှာ တည်သွားပြီး....

‘ကျွန်မပြောတဲ့အထဲမှာ ရယ်စရာ တစ်ခုမှ မပါပါဘူး’

ကျိရိုတင်က—

‘မင်းလို နုနယ်တဲ့ မိန်းကလေးတစ်ယောက်က ကျုပ်တို့ သစ်ခေါင်းစခန်းတစ်ခုလုံး သွေးချောင်းမစီးရလေအောင် ကူညီမယ် ဟုတ်လား’

‘အမှန်ပဲ’

ကျိရိုတင်က ပြုံး၍....

‘မင်း ဘယ်လိုကူညီမှာလဲ၊ ပြောပါဦး’

‘ကျွန်မ ကူညီနိုင်တယ်၊ ဒါပေမယ့် အဲဒီအကူအညီကို ဦးအနေနဲ့ အလကားရမှာ မဟုတ်ဘူးရှင့်’

ကျော်ရီတင်က သူမကို ကြည့်လိုက်၏။

မိန်းကလေးက သူ့ကို အတည်ပြောနေခြင်း ဖြစ်သည်ကို သူက ကောင်းစွာ နားလည်လိုက်သည်။

ကျော်ရီတင်က—

'စိတ်ဝင်စားစရာပါလား'

သူမက ပြုံး၍....

'အမှန်တကယ်ကို စိတ်ဝင်စားဖို့ ကောင်းတာပေါ့ရှင်'

'ကဲ—ပြောစမ်းပါဦး'

'ဦးတို့ရဲ့ သစ်ခေါင်းစခန်း သွေးချောင်း မစီးဖို့ အတွက် အဓိကကတော့ တံဆိပ်တော်ပါပဲ'

ကျော်ရီတင် မျက်မှောင်ကုပ်သွား၏။

'တံဆိပ်တော် ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ရှင်၊ တံဆိပ်တော်ပါ၊ တံဆိပ်တော်ရှိရင် အသက်ရှင်ခွင့် ရရှိမယ်လေ'

ကျီရီတင် မျက်မှောင်ကုပ်သွား၏။



'တံဆိပ်တော်ရှိရင် အသက်ရှင်ခွင့်ရမယ်'
ဟု တီးတိုးရွတ်လိုက်သည်။

ထိုစကားသည် ဝတ်ရုံရှင်သွေးနှင့်ပက်စဉ် တစ်ချိန်တည်း ထွက်ပေါ်လာသည့်စကားပင် မဟုတ်ပါလော။

ကျီရီတင်က မိန်းကလေးကို ကြည့်လိုက်ပြီး....

'တံဆိပ်တော်ဆိုတာ ဘာလဲ'

'အချုပ်အချယ်မဲ့ တံဆိပ်တော်ပါ'

'ဒီတံဆိပ်တော်ရဲ့ အဓိပ္ပာယ်ကကော'

'ရှင်းပါတယ်၊ တံဆိပ်တော်ရှိတဲ့နေရာဟာ ဘာအချုပ်အချယ်မှ မရှိပါဘူး၊ ဘယ်သူ့ရဲ့ ခြိမ်းခြောက်မှုကိုမှ ဂရုစိုက်စရာလဲ မလိုပါဘူးရှင်'

ကျီရီတင်က ပြုံးသွား၏။

'ဆန်းလှချည်လား'

မိန်းကလေးက....

'ကျွန်မပြောတာ အမှန်ပဲ၊ ဒီအချုပ်အချယ်မဲ့ တံဆိပ်တော်ကို ဝယ်ယူပြီး ဦးရဲ့စခန်းအဝင် မြင်သာတဲ့နေရာမှာ ချိတ်ဆွဲထားပါ၊ ဒါဘာအန္တရာယ်မှ စခန်းကို မကျရောက်စေရဘူးလို့ အာမခံပါတယ်'

ကျော်ရီတင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး—

'ဒီတံဆိပ်တော်အစွမ်းကို မင်းက ဘာကြောင့် အာမခံနိုင်တာလဲ'

မိန်းကလေးက—

'ကျွန်မက တံဆိပ်တော်သာ၀င်မလေးပဲ'

ကျော်ရီတင် ရယ်မောလိုက်၏။

မိန်းကလေးက....

'ရှင် ဘာရယ်တာလဲ'

'ဘာမှ မဟုတ်ပါဘူး'

'ရှင် တံဆိပ်တော်ကို၀ယ်မှာလား'

'စိတ်ဝင်စားစရာတော့ ကောင်းပါတယ်၊ ဈေးနှုန်းလေးကော သိပါရစေဦးဗျာ'

ကျော်ရီတင်က မေးလိုက်၏။

မိန်း ကလေးက လှပစွာပြုံးလိုက်ပြီး....

'သိပ်မများလှပါဘူး၊ ယွမ်းငွေဘစ်သောင်းနဲ့ ဦးရဲ့ ဓား ကောက် သုံးကျမ်းစာအုပ်ပါပဲရှင်'

'ဘာ'



ကျော်ရီတင် မျက်လုံးပြူးသွား၏။

သူသည် မိန်းကလေးအား မျက်လုံးပြူးကြည့်လိုက်ပြီး—

'တံဆိပ်တော်က ဒီလောက်တောင် ဈေးကြီးသလား'

မိန်းကလေးက....

'သစ်ခေါင်းစခန်းက လူအားလုံးရဲ့အသက်နဲ့ နှိုင်းယှဉ်ရင်တော့ ကျွန်မပြောတဲ့ တန်ဖိုးက မပြောပလောက်ပါဘူးရှင်'

ကျော်တင်က....

'မင်းကသာ မပြောပလောက်ဘူးဆိုတယ်၊ မင်းတောင်းတဲ့ပမာဏဟာ ကျုပ်ပိုင်ဆိုင်သမျှ အကုန်နီးပါပဲကွ'

မိန်းကလေးက—

'ဒါပေမယ့် ဦး တို့အသက်တော့ ကျန်နေတယ်လေ'

ကျော်ရီတင်က ပြုံးလိုက်၏။

'မင်းမဆိုးဘူး အပြောကောင်းသားပဲ'

'ကျွန်မက အပြောကောင်းတာ မဟုတ်ပါဘူး၊ ဒီအချုပ်အချာမဲ့ တံဆိပ်တော်ဟာ ဦးတို့အတွက် အလွန်ကိုတန်ဖိုးရှိတဲ့အရာပါပဲ'

'ကောင်းပြီ၊ မင်းရဲ့အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ကျုပ်ကမဝယ်ဘူးဆိုရင်ကော'

မိန်းကလေးက ဘာမှမပြောပါ။

သူမအစား ဘွားဘွားလျှံကပင် အဖြေပေးလိုက်သည်။

'ဝံပုလွေတောင်ကုန်းဟာ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို မဝယ်ခဲ့ဘူး၊ ဒီတော့အားလုံး ပျက်စီးသွားခဲ့ရတယ်'

ကျိရိတင်က သဘောကျစွာ ရယ်မောလိုက်၏။

'ဟား ဟား ဟား တယ်လဲရယ်စရာ ကောင်းပါလား၊ မင်းတို့က သူတစ်ပါးဒုက္ခရောက်ချိန်မှာဝင်ပြီး အမြတ်ထုတ်ချင်ကြတာကိုး'

မိန်းကလေးက ခေါင်းခါယမ်း လိုက်၏။

'ဦး—အထင်လွဲနေပြီ၊ ကျွန်မတို့က ဟောဒီ သစ်ခေါင်းစခန်းကို အချိန်မီ ကယ်တင်နိုင်ဖို့ ရောက်လာကြတာပါ'

ကျိရိတင်က—

'ကျေးဇူးတင်ပါတယ်၊ ကျုပ်မဝယ်ပါဘူး'

မိန်းကလေးက ကျိရိတင်အား စိုက်ကြည့်လိုက်ပြီးမှ—



'ဦး....သေသေချာချာ စဉ်းစားပါဦး'

ကျိရိတင်က နှာခေါင်းရှုံ့လိုက်ပြီး....

'ကျုပ်က ဘာမှစဉ်းစားစရာမလိုပါဘူး'

'တံဆိပ်တော်တို့ မဝယ်ဘူးပေါ့'

'ဟုတ်တယ် ကျုပ်က မင်းတို့ပြောတဲ့ အချုပ်အချယ်မဲ့တဲ့ တံဆိပ်တော်ကိုဝယ်ဖို့ စိတ်ကူးမရှိပါဘူး'

ကျိရိတင်က ပြတ်သားစွာပြောလိုက်၏။

ဘွားဘွားလျှံက—

'ရှင်က ခေါင်းမာပါလား၊ ရှင့်ဆုံးဖြတ်ချက် မှားတာနဲ့ ရှင့်ရဲ့ ငယ်သားတွေအားလုံးရဲ့ အသက်ကိုစတေးရသ ဖြစ်သွားလိမ့်မယ်'

ကျိရိတင် မျက်နှာ မည်းမှောင်သွား၏။

သူသည် ဘွားဘွားလျှံအား အေးစက်သောမျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး....

'ဘာလဲ ကျုပ်ကိုခြိမ်းခြောက်နေတာလား'

ဘွားဘွားလျှံက ပခုံးသာတွန့်လိုက်၏။

မိန်းကလေးက....

'ကျွန်မနောက်ဆုံး မေးပါရစေ၊ ဦးအနေနဲ့ အချုပ်အချယ်မဲ့တံဆိပ်တော်ကို ဝယ်မလားမဝယ်ဘူးလား'

ကျိရိတင်က တုံးတိတိပင် ဖြေပေးလိုက်၏။

'မဝယ်ဘူး'

မိန်းကလေးက သက်ပြင်းချလိုက်၏။

'အင်း....ကျွန်မတို့က ကယ်တင်ချင်ပေမယ့် အခုတော့ဘာမှ မတတ်နိုင်တော့ဘူးပေါ့၊ ကဲ....ကျွန်မတို့ကို သွားခွင့်ပြုပါဦး'

ဟု နှုတ်ဆက်လိုက်၏။

ထို့နောက်....ဘွားဘွားလျှံကိုခေါ်၍ ပန်းဥယျာဉ်တွင်းမှ တစ်လှမ်းချင်းလျှောက်ကာ ထွက်သွားလေသည်။

ကျိရိတင်သည် မိန်းကလေးတို့ကို ဟန့်တားရန် ဟန်ပြင်လိုက်၏။

ပြီးမှ သူက စိတ်ပြောင်းသွားပြီး မခေါ်တော့ပါ။



သူ့အနေနှင့် သစ်ခေါင်းစခန်းအတွင်း ယခုလို ဝင်ချင်သလိုဝင် ထွက်ချင်သလို ထွက်သွားခြင်းမျိုးကို ခွင့်မပြုချင်ပါ။

မိန်းကလေးနှင့် အဘွားအိုတို့အား ဆုံမလိုက်ချင်သေးသည်။

မိန်းကလေး၏ သိုင်းပညာကို သူခန့်မှန်းမရပါ။

သို့သော် ဘွားဘွားလျှံ ဆိုသော အဘွားအိုမှာမူ သိုင်းပညာ အဆင့်မြင့်သူတစ်ယောက်ဟု ခန့်မှန်းမိ၏။

သူသည် မလိုလားအပ်ဘဲ တိုက်ပွဲများ မဆင်နွှဲလိုသေးပါ။

အလွန်အရေးကြီးသော တိုက်ပွဲတစ်ပွဲဆင်နွှဲရဦးမည်မဟုတ်ပါလော။

ထို့ကြောင့် မိန်းကလေးနှင့် အဘွားအိုတို့ ထွက်သွားသည်သို့ လက်ပိုက်၍ ကြည့်နေလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

နေဝင်စအချိန်ဖြစ်သည်။

နေရောင်ခြည်သည် အလွန်အားပျော့စွာနှင့် တည်ရှိနေဆဲ ဖြစ်၏။

ဖျော့တော့သော အလင်းရောင်နှင့်အတူ အမှောင်ထု ကလည်း အားပြိုင်တိုးဝင်နေလေသည်။

အနောက်ဘက်မှလေသည် တဟူးဟူး တိုက်ခတ်နေသည်၊

ရွက်ဝါတို့သည် လေအဝေ့တွင် မြေပြင်ပေါ်သို့ ဝေ့ ဝိုက်ကာဖြင့် တဖြုတ်ဖြုတ်ကြွေကျနေကြသည်။

သစ်လုံးအိမ်ကလေးရှေ့ ပန်းဥယျာဉ် အစွန်းဝယ် ကျိရိ တင်သည် ဓားကောက်ဖြင့် ဓားကွက်များ လေ့ကျင့်နေလေ သည်။

ရွက်ဝါတို့မြေအခမှာ ဝေ့ဝိုက်ယိမ်းနွဲ့ဝဲပျံ နေသလို ကျိ ရိတင်၏ ဓားကောက်လှုပ်ရှားမှုကလည်း ဝေ့ကာဝဲကာ ဝဲပျံ နေသည်။

ဓားချက်များက ယိမ်းနွဲ့နေသော်လည်း အလွန်ပင် လျင် မြန်လှပေသည်။

ဓားရိပ်များက ဖြာ၍ထွက်နေသည်။

ကျူရိတင်သည် ဓားကွက်များထဲ အာရုံနှစ်ဝင်နေ၏။



သူ၏ ဓားကွက်များသည် လျင်မြန်ရာမှ တဖြည်းဖြည်းနှေး ကွေးလာသည်။

သို့ရာတွင် ဓား၏ စွမ်းပကားကမူ မူလထက် နှစ်ဆမက တိုးကာ ပို၍ ပြင်းထန်လာသည်ကို တွေ့ရမည် ဖြစ်ပေသည်။

ကျိရိတင်သည် ဓားကောက်သိုင်းကွက်များကို လစ်ဟာမှု မရှိရလေအောင် အပြန်ပြန်အလှန်လှန် လေ့ကျင့်နေခြင်း ဖြစ် သည်။

တဖြည်းဖြည်း အချိန်များ ကုန်ဆုံးလာလေလည်။

အလင်းရောင်က ပျောက်ကွယ်လာသည်။

အမှောင်ထုက တစ်စထက်တစ်စ ကြီးစိုးလာခဲ့သည်။

လကွေးလေးလည်း ထွက်လာပြီဖြစ်၏။

လရောင်သည် အမှောင်ထုကို အံတုကာ အလင်းရောင် များကို လောကအနှံ့ ဖြန့်ဝေပေးနေလေသည်။

ကျိရိတင်သည် လထွက်လာတော့မှ ဓားကွက်များ လေ့ ကျင့်ခြင်းကို ရပ်နားလိုက်သည်။

ဓားကောက်ကို ခါးစည်းကြိုးကြားတွင် ထည့်လိုက် သည်။

ထို့နောက်...ကိုယ်ပေါ်မှ ချေးများကို မျက်နှာသုတ် ပဝါနှင့် သုတ်လိုက်သည်။

ပြီးမှ—ပန်းဥယျာဉ်တွင်းမှ ဖြတ်လျှောက်ကာ အိမ်ကလေး ဆီသို့ပြန်ရန်ပြင်လိုက်သည်။

သို့သော်...ကျော်ရိုဘင် ခြေမလှမ်းဖြစ်ပါ။

တစ်ခဏ တျောက်ရပ်ဖြစ်သွား ရလေသည်။

အကြောင်းမှာ ပန်းဥယျာဉ်တွင်းရှိ ခုံတန်းလျားလေး ပေါ်တွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်ပါသည်။

*

ခုံတန်းလျားတွင် လူတစ်ယောက်ထိုင်နေ၏။

သစ်ရွက်ရိပ်များကြောင့် သူ၏မျက်နှာကို မမြင်ရပါ။

ထိုလူသည် ရွှေခြည်ထိုးထားသော ဝတ်ရုံရှည်ကြီးတစ် ထည်ကို လွှမ်းခြုံထားသည်။



ကျော်ရိုဘင်မှာ ထိုလူ၏မျက်နှာကို မတွေ့ရသော်လည်း ထိုလူ၏ ဝတ်ရုံကြီးကို တွေ့လိုက်ရသည်နှင့် ချက်ချင်းသိလိုက် သည်။

'ဝတ်ရုံရှင်'

ဟု ရေရွတ်လိုက်သည်။

ရင်ထဲ၌လည်း ထိတ်ခနဲဖြစ်သွားမိသည်။

မျက်နှာလည်း ပျက်သွား၏။

ဝတ်ရုံရှင်က....

'ဟား....ဟား....ဟား—ဟုတ်တယ်၊ ကျုပ်ပဲ'

ဟု ရယ်မောလျက် ပြန်လည်အဖြေပေးလိုက်သည်။

ကျော်ရိုဘင်သည် သက်ပြင်းချရင်း ဝတ်ရုံရှင်ကို ကြည့်လိုက် သည်။

ဝတ်ရုံရှင်သည် ဘောင်ပိုင်းသိုင်းလောက တစ်ခုလုံးကို ထိတ်လန့်ချောက်ချားသွားအောင် ဖန်တီးခဲ့သူပင်ဖြစ်သည် မဟုတ်ပါလား။

ကျော်ရိုဘင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

စိတ်ကိုလည်း တည်ငြိမ်အောင်ပြုပြီးမှ ဝတ်ရုံရှင်အား ပြောလိုက်သည်။

'ခင်ဗျား ကျုပ်ဆီကို ရောက်လာမှာမဲ့လို့ ကျုပ်စောင့်မျှော်နေတာပါ၊ ဒါပေမယ့် ဒီလောက် မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မယ်တော့ မထင်ခဲ့ဘူးဗျ'

ဝတ်ရုံရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

'ကျုပ်က စောစောစီးစီးရောက်လာဖို့အကြောင်း ဖန်လာတော့လဲ ရောက်လာရတာပေါ့ဗျာ'

'ဩော်—'

'ကျုပ် စောစောစီးစီးရောက်လာတော့လဲ မင်းအတွက် ကောင်းတာပေါ့၊ စောစောသေ စောစောအေးတာပေါ့ မဟုတ်ဘူးလား'

ဝတ်ရုံရှင်၏ စကားက ရင့်သီးလှသည်။

ကျီရိတင်တို့အား သူ၏ မျက်စိထဲ လုံးဝထည့်ထားသည့်ဟန်မျိုးပင် ဖြစ်သည်။

ကျီရိတင်ကမဲ့လိုက်ပြီး....

'ခင်ဗျားက ကျုပ်တို့ ဘောင်ပိုင်း သိုင်းသမားတွေကို အထင်သေးလွန်းပါလားဗျ'

ဟု ခွန်းတုံ့ပြန်လိုက်သည်။



ဝတ်ရုံရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား ဟား ဟာ.....မင်းတို့ တောင်ပိုင်းသိုင်းသမားတွေကကော ဘယ်လောက်အထင်ကြီးစရာကောင်းလို့လဲ ပြောပါဦး'

ကျီရိတင်က—

'ကောင်းပြီလေ၊ ဒီနေ့ ဘယ်သူအရင်သေမလဲဆိုတာ သိရမှာပေါ့'

'အဖြေက ရှင်းပါတယ်၊ မင်းပဲ သေရမှာပေါ့'

'ကျုပ်က သေဖို့အသင့်ဖြစ်ပြီးသားပါ၊ ခင်ဗျားသာ သေမသွားအောင် သတိထားပါ'

ဝတ်ရုံရှင်က....

'မင်းတို့ တောင်ပိုင်းသိုင်းသမားတွေထဲမှာ ကျုပ်ကို ယှဉ်နိုင်တဲ့လူတစ်ယောက်မှ မရှိဘာ အသေအချာပဲကွ'

ဟု အလွန်ပိုင်နိုင်သော လေသံဖြင့် ပြောလိုက်သည်။

'မှန်တယ်၊ ခင်ဗျားရဲ့ သိုင်းပညာဟာ အလွန်မြင့်မားပါတယ်၊ ကျုပ်လဲ ခင်ဗျားကို ယှဉ်နိုင်မှာ မဟုတ်ပါဘူး'

ဝတ်ရုံရှင်က....

'မင်းက အမှန်တရားကိုသိသွားပဲ၊ ဒီအတွက် မင်းကိုကျုပ်က အသက်ရှင်ခွင့် သုံးလေးရက် ဘပ်ပေးရင် ကောင်းမယ်ထင်တယ်'

ကျီရိတင် မျက်မှောင်ကုပ်သွား၏။

သူ တစ်စုံတစ်ရာကို စဉ်းစားလိုက်မိ၍ ဖြစ်၏။

သူက စဉ်းစားမိသည့်အတိုင်း ချက်ချင်းပင် မေးလိုက်၏၊

'ဒီသုံးလေ ရက်အတွင် ကျုပ်က အချုပ်အချယ်မဲ့တံဆိပ်တော်ကို ဝယ်ခေချင်တဲ့ သဘောလား'

ဝတ်ရုံရှင်က ခေါင်းညိတ်သည်။

'စဉ်းစားလေ၊ ဒါဟာ မင်းအတွက် နောက်ဆုံး အခွင့်အရေးဖြစ်လာနိုင်တာပဲ'

သူက ရယ်မောလိုက်သည်။

'ဟား ဟား ဟား...အခုမှ ကျုပ် ကောင်းကောင်းနားလည်သွားပြီဗျာ၊ ဟား...ဟား'

သူသည် အတောမသတ်နိုင်ဘဲ ရယ်မောနေသည်။

ဝတ်ရုံရှင်က မျက်မှောင်ကုပ်သွားသည်။

'ဘာလဲ၊ မင်းက သေရမှာကြောက်ပြီးဘော သွေးရူးသွေးတမ်းဖြစ်နေသလား'

သူက —

'ကျုပ်သဘောကျလို့ပါ၊ ခင်ဗျားရဲ့ မဟာရည်ရွယ်ချက်ကို ကျုပ် ကောင်းကောင်း နားလည်သွားလို့ပါ'

ဝတ်ရုံရှင်က

'မင်း...မင်း'

'ကျုပ်အသက်ကြီးပါပြီ၊ သေလဲ သေပျော်ပါပြီ၊ ကျုပ်က အမိုက်ခံပြီးတော့ တံဆိပ်တော်ကို ဝယ်မယ့်ဟုမသိုတ်ဘူးဗျ၊ ဟား ဟား'

ဝတ်ရုံရှင်က မဲ့လိုက်၏။

'ရယ်စမ်း၊ မင်း ဘယ်သောက်ရယ်မှာလဲ၊ မဒီးရဲ့ကပ္ပ်သုံးဆယ်အတွက် ရယ်လိုက်စမ်း၊ ဟဲ ဟဲ ဟဲ'

'ဟင်–'

သူ အရယ်ရပ်သွားသည်။

ပါးစပ်လည်း အဟောင်းသားဖြစ်သွား၏။

ကျောရိုးထဲ အေးစိမ့်သွားသလို ဖြစ်သွားသည်။

သူ၏ လက်ဝါးနှစ်ဘက်တွင်မူ ချွေးစီးများ ထွက်လာသလိုလည်း ခံစားလိုက်ရလေသည်။

သူက....

'ခင်ဗျား ဘာကို ရည်ရွယ် ပြောနေတာလဲ'

ဝတ်ရုံရှင်က....

'ဩော်....မင်း ရဲ့ တပည့်တွေပါ'

'သူ—သူတို့....'

'သူတို့ ကျုပ်လက်က လွတ်မယ်ထင်သလား'

'ဘာ'

ကျော်ရိတင် မျက်နှာ ဖြူလျော်သွား၏။

ဝတ်ရုံရှင်က....

'သူတို့ ကျုပ်ကို ရှောင်တိမ်းထွက်ပြေး လို့မရပါဘူး၊ ဒီလိုပဲ ကျုပ်လက်က ဘယ်သူမှ လွတ်အောင် မပြေးနိုင်ပါဘူး'

သူ့အသံက အေးစက်နေ၏။

ကျော်ရိတင် မျက်နှာပျက်သွား၏။



သူ့တပည့်များအတွက် စိုးရိမ်မိသည်။

ဝတ်ရုံရှင် စကားအရဆိုလျှင် သူ့တပည့်များသည်လည်း ဝတ်ရုံရှင်လက်မှ မလွတ်နိုင်ဟု အဓိပ္ပာယ်ရ၏။

သူ့တပည့်များကို သူက လျှို့ဝှက်ထွက်သွားခိုင်းခြင်း ဖြစ်သည်။

တပည့်များကို တစ်ဦးချင်း စခန်းမှ တိတ်တဆိတ် ထွက်ပြေးခိုင်းခြင်း ဖြစ်၏။

ထိုအကြောင်းကို မည်သူမျှ မသိနိုင်ပါ။

ဝတ်ရုံရှင်က မည်သို့ သိခဲ့သနည်း။

သူ့ထံတွင် သစ္စာဖောက် ရှိနေပါသလော။

ဝတ်ရုံရှင်က ပြုံး၍—

'ကျော်ရိတင် မင်း ကြောက်သွားပြီလား၊ မင်းတစ်ယောက်တည်းနဲ့ ကျုပ်ကို ဘယ်လိုအနိုင်ယူမှာလဲ'

ကျော်ရိတင် နှာခေါင်းရှုံ့၏။

'ဒီမှာ ကျုပ်တစ်ယောက်တည်းရှိတယ်လို့ ထင်ရင် မှားမှာပေါ့၊ အဆင့်မြင့် သိုင်းပညာရှင်တွေ ကျုပ်ဆီမှာ ရှိနေပါသေးတယ်'

သူက ခပ်တည်တည်ဖြင့် ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်သည်။

ဝက်ရှံ့ရှင်က ...

'ဟား ဟား ဟား—ချယ်ရီအပဲ၊ ဘာလဲ မင်းက မင်းရဲ့ ထမင်းချက် စုစန်းကို အဆင့်မြင့် သိုင်းပညာရှင်လို့ ပြောချင်သလား'

ကျိုရိတင် လန့်သွား၏။

သူနှင့် စုစန်း နှစ်ယောက်သာ ကျန်နေကြောင်းကို ဝက်ရှံ့ရှင် သိနေပြီမဟုတ်လော။

ထိုစဉ်မှာပင် သစ်လုံးအိမ်ထဲမှ လူတစ်ယောက် ခုန်ထွက်လာ၏။

အသက် သုံးဆယ်ကျော်ခန့် လူရွယ်တစ်ဦး ဖြစ်၏။

သူ့လက်ထဲတွင် ဓားလွတ်တစ်ချောင်း ကိုင်ထား၏။

ထိုလူရွယ်ကား ဘစ်ခေါင်းစခန်း၏ ထမင်းချက် စုစန်း ဖြစ်သည်။

ကျိုရိဘာလဲ မျက်မှောင်ကုပ်သည်။



စုစန်း၏ လှုပ်ရှားဟန်က သိုင်းပညာ ကောင်းစွာတတ် မြောက်ကြောင်း တွေ့ရ၍ ဖြစ်၏။

စုစန်းသည် သိုင်းပညာ အနည်းငယ်သာ တတ်သည်ကို သူ ရိပ်မိသည်။

ယခုသော် တတ်ကျွမ်းမည်ဟု သူ မထင်ပါ။

ယခု စုစန်း၏ လှုပ်ရှားမှုက ပေါ့ပါးနေ၏။

သို့ရာတွင် အဆင့်မြင့်သိုင်းသမား အဆင့်မျိုးတော့ မရှိသေးပါချေ။

စုစန်းသည် သူ့ဆီ ရောက်နေသည်မှာ ငါးနှစ်ခန့်ရှိပြီ ဖြစ်သည်။

ရိုးသားသော ထမင်းချက်တစ်ဦးဟုသာ သူသိထား၏။

စုစန်းသည် အိမ်ထဲမှ ခုန်ထွက်လာပြီး ကျိုရိတင်အနီး အရောက်တွင် ရပ်တံ့သွား၏။

ဝက်ရှံ့ရှင်က....

'မင်းက ထမင်းချက်ပဲ၊ ကိုယ့်နေရာ ကိုယ်နေစမ်းပါ'

စုစန်းက မဲ့လိုက်သည်။

'ဒီကား ခင်ဗျား ပြောစရာ မလိုပါဘူး'

သူက ရဲရင့်စွာ ပြန်ပြောသည်။

သူ့ကို ဝတ်ရုံရှင်က သိနေသည်ကို အံ့သြဟန် လုံးဝမရှိပါချေ။

ဝတ်ရုံရှင်က—

'သစ်ခေါင်းစခန်းမှာ ဘယ်သူမှ မရှိကြတော့ဘူး၊ မင်းက ဘာကြောင့် ထွက်မပြေးသေးတာလဲ'

ဟု မေးသည်။

စုစန်းက....

'ကျုပ်က ဘာကြောင့် ပြေးရမှာလဲ'

'ဩော်... မင်းက သတ္တိကောင်းပါလား၊ စခန်းအပေါ်လဲ သိပ်သစ္စာရှိကြောင်း ပြချင်တယ်ပေါ့'

'ကျုပ် ဘာသာ သစ္စာရှိချင်ရှိမယ်၊ မရှိချင်မရှိဘူး၊ ဒီကိစ္စခင်ဗျားနဲ့ မဆိုင်ဘူး၊ ကျုပ် ဒီမှာဆက်နေဖို့လိုအပ်နေသရွေ့ ဘာပဲဖြစ်ဖြစ် နေမှာပဲ၊ ထွက်သွားမှာမဟုတ်ဘူး'

ဝတ်ရုံရှင်က ခေါင်းညိတ်၏။

'ဟုတ်ပြီလေ၊ မင်းက သေရမှာ မကြောက်တဲ့လူပေါ့'

ကျိုရိတင် အံ့အားသင့်နေ၏။



ထမင်းချက် စုစန်းသည် ဝတ်ရုံရှင်ကို ရဲရင့်စွာပင် ပြန်ပြောနေ၏။

သို့သော် စုစန်း၏ သိုင်းပညာအဆင့်နှင့် ဝတ်ရုံရှင်ကို မည်သို့မျှ ယှဉ်မရကြောင်း သူက သိနေ၏။

ကျိုရိဟာင်က....

'ဒီမှာ ကျုပ်တပည့်တွေကို မင်း ဘာလုပ်လိုက်သလဲ'

ဟု မေးသည်။

ဝတ်ရုံရှင်က ရယ်၍....

'ကျုပ်နဲ့ တွေ့သူဘိုင်း သေရမှာပေါ့'

ကျိုရိတင် လန့်သွားသည်။

'သူတို့.... သူတို့'

'အားလုံး သေပြီ'

'ဘာ'

'ကျိုရိတင် ဒေါသထွက်သွားသည်။

သူက ဝတ်ရုံရှင်ကို မီးထွက်မတတ် မျက်လုံးများဖြင့် ကြည့်၍....

'ကောင်းပြီ၊ ဒီ...နေ့ ခင်ဗျားနဲ့ကျုပ် သူသေကိုယ်သေ တိုက်ကြတာပေါ့'

ဝတ်ရုံရှင်က ပြုံး၍....

'ဟုတ်တယ်၊ ကဲ...သတ်သိုက်စမ်း'

ဟု ပြောလိုက်သည်။

စုစန်းက....

'ကျုပ်ဓားပဲ အရင် မြည်းကြည့်ပါဦး'

ဟု အော်ဟစ်လိုက်၏။

ထို့နောက် ရှေ့တက်၍ ဓားဖြင့်ခုတ်ချ၏။

သူ့ဓားချက်က ဝတ်ရုံရှင်ထံ မရောက်ပါ။

ရုတ်ခြည်း ကွေ့ဝိုက်ကာ ကျိရိတင် ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာ၏။

ကျိရိတင် လန့်သွား၏။

'ဟေ့ ဘယ်လိုလုပ်တာလဲ'

သူက အလျင်အမြန်ရှောင်တိမ်းလိုက်၏။

သို့သော်...စုစန်း၏ ဓားချက်က မထင်မှတ်နိုင်လောက်အောင်ပင် လျင်မြန်နေသည်။

ကျိရိတင် ရှောင်လိုက်သော်လည်း မလွတ်ပါ။



'အား'

သူ မြေပေါ်လဲကျသွား၏။

သူ အဆောင်းပင် လူးလဲကာ ပြန်ထလိုက်၏။

စုစန်းကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး....

'မင်း မင်း'

စုစန်းက သဘောကျစွာ ရယ်မောလိုက်၏။

'ဟား ဟား ဟား'

ကျိရိတင် နားလည်လိုက်၏။

သူ၏ အဖွဲ့ထဲတွင် သစ္စာဖောက်ရှိနေပြီဟု စောစောကပင် သူ တွေးခဲ့၏။

ယခု သစ္စာဖောက်က သူ့ရှေ့ရောက်ရှိနေပြီဖြစ်သည်။

စုံစန်းသည် ကောက်ကျစ်စွာပင် ရယ်မောနေ၏။

သူ၏ ရယ်သံသည် အလွန်ပင် နှစ်သိမ့်ကျေနပ်စွာ ရယ်မောနေသံဖြစ်၏။

စုံစန်းသည် အဘယ်ကြောင့် သစ္စာဖောက်ရပါသနည်း။ ကျိရိတင် တွေးမရပါ။

ကျိုရိတင်က ရင်ဝမှ ဓားဒဏ်ရာကို လက်ဝါးဖြင့် ဖိ
အုပ်ထား၏။

သူ၏ လက်ချောင်းများကြားမှ သွေးတို့က ယိုစီးကျနေ
သည်။

ကျိုရိတင်က စုစန်းကို စိုက်ကြည့်လိုက်ပြီး....

'စုစန်း—မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဟု အံ့သြသံ မကုန်သော လေသံဖြင့် မေး လိုက်သည်။

စုစန်းက အချယ်ရပ်သွား၏။

ထို့နောက်—တည်ငြိမ်သော လေသံဖြင့် ပြန်ဖြေလိုက်၏။

'ကျုပ်ဖခင်အတွက် သွေးခံကြွေးဆပ်တာပါ'

'ဟင်'

ကျိုရိတင် အလွန်အံ့အားသင့်သွား၏။

စုစန်းက—

'ဟုတ်တယ်၊ ကျုပ်ဖခင်အတွက် ခင်ဗျားကို လက်စား
ချေဖို့ အခွင့်အခါစောင့်နေခဲ့တာ ကြာပြီ၊ ဒီသစ်ခေါင်း
စခန်းထဲမှာ ထမင်းချက် ဝင်လုပ်ရင်း အနီးကပ်လုပ်ကြံဖို့
ကြိုးစားခဲ့တာလဲကြာပြီ၊ တစ်ခါမှ အခွင့်အရေးမရခဲ့ဘူး၊
အခုမှပဲ ကျုပ်ရဲ့ဆန္ဒပြည့်ဝရတော့တယ်ဗျ'



ဟု ဒေါသတကြီး ပြောလိုက်ပြန်သည်။

ကျိုရိတင်က—

'မဟုတ်သေးပါဘူး'

'ဟုတ်တယ်'

'မင်းအဖေက ဘယ်သူလဲ'

'စုကျုံး'

ကျိုရိတင် မျက်မှောင်ကုပ်သွား၏။

'စုကျုံး....ဟုတ်လား'

'ဟုတ်တယ်'

'ကျုပ်မသိပါလား'

စုစန်းက မဲ့လိုက်သည်။

'ခင်ဗျားက ပြုခဲ့ကဲ့လူပဲ၊ ဘယ်မှတ်မိမှာလဲ၊ လွန်ခဲ့တဲ့
ဆယ့်နှစ်နှစ်လောက်အာ ခင်ဗျားရဲ့လက်ချက်နဲ့ ကျုပ်ဖခင် သေ
ဆုံးခဲ့ရတယ်ဗျ'

ကျိုရိတင် သက်ပြင်းချလိုက်၏။

'မင်းပြောသလို မင်းအဖေကို ကျုပ်သတ်ချင်လဲ သတ်မိ
မယ်၊ ကျုပ်လက်ချက်နဲ့ သေရတဲ့လူတွေ မနည်းပါဘူး၊ ဒါ
ပေမယ့်....တစ်ခုတော့ ကျုပ် ပြောရဲတယ်၊ ကျုပ်သတ်ခဲ့တဲ့
လူတွေမှန်သမျှ သေသင့်သေထိုက်တဲ့ လူဆိုးတွေပါပဲ'

စုစန်းက—

'အပိုတွေပြောမနေနဲ့၊ ဒီကနေ့ သေသွေးကြေးဆပ်ရမယ့်ပွဲ၊ ခင်ဗျား ဘာမှ မတတ်နိုင်တော့ပါဘူး'

သူသည် ရှေ့သို့ ခုန်တက်လိုက်သည်။

တစ်ဆက်တည်းပင် ဓားကို ဝေ့ယမ်းကာ ကျော်ရိုတင့်ခုတ်ချလိုက်သည်။

'ဝှီး'

ကျော်ရိုတင်က စုစန်း၏ ဓားချက်ကို အမှုမထားတော့ပါ

သူသည် စုစန်း၏ ဓားချက်ကိုရှောင်တိမ်းကာ ဓားကော့ကို ဆွဲထုတ်ပြီး တစ်ဆက်တည်းပင် ပြန်လည် တိုက်ခိုက်သည်။

စုစန်း ရင်ထိတ်သွား၏။

ကျော်ရိုတင်သည် သူ၏ ဓားချက်ထိမှန်ကာ ပြင်းထန်ဒဏ်ရာရထားလေသည်။

ယခုလို လျင်လျင်မြန်မြန် တုံ့ပြန်ကာနိုင်မည်ဟု မထင်ပါ၊

သူက လျင်မြန်စွာတုန့်ပြန်လာသောအခါ စုစန်း မရှောင်တိမ်းနိုင်တော့ပါ။



သူ၏ ဓားပညာက စုစန်းထက်အဆများစွာ သာလွန်ပေသည်။

'အာ—'

စုစန်းသည် နာကျင်စွာ အော်ဟစ်လိုက်၏။

လက်ထဲမှဓားလည်း လွတ်ကျသွားသည်။

လူမှာလည်း နောက်သို့ ယိုင်ထွက်သွားပြီးနောက် မြေပေါ်သို့ မှိုလဲကျသွားလေသည်။

'ဝှန်း....'

'ဟား ဟား ဟား—'

ဝတ်ရုံရှင်က သဘောကျစွာ ရယ်မောလိုက်၏။

သူက ဝတ်ရုံရှင်အား နာကြည်းစွာ ကြည့်လိုက်သည်။

'ခင်ဗျား ဓားထုတ်လိုက်ပါ'

ဝတ်ရုံရှင်က...

'မင်းက ကျုပ်နဲ့ တိုက်ခိုက်နိုင်စွမ်းသော ရှိလို့လား'

သူက—

'ကျုပ်အနေနဲ့ ခင်ဗျားကို သေသည်အထိ တိုက်ခိုက်သွားမှာပဲ'

ဝတ်ရုံရှင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'မင်းသတ္တိမဆိုးဘူး'

သူက ဘာမျှမပြောတော့ပါ။

သူသည် သေလူတစ်ယောက်ဖြစ်နေချေပြီ။

ဝတ်ရုံရှင်အား ကြောက်ရွံ့ခြင်း အလျဉ်းမရှိတော့

သူသည် ရုတ်ခြည်းပင် ဝတ်ရုံရှင်ထံပြေးဝင်ကာ
ထဲမှ ဓားကောက်ဖြင့် ပိုင်းချလိုက်လေသည်။

'ဝှီး....'

သူ၏ဓားချက်အား လျှင်မြန် ပြင်းထန်လှပေသည်

သို့သော် ဝတ်ရုံရှင်က သူ၏ဓားချက်ကို လှပစွာ
ရှောင်တိမ်းသွားသည်။

သူ အံကြိတ်လိုက်သည်။

လှုပ်ရှားလိုက်သဖြင့် သူ၏ ရင်ဝမှ ဒဏ်ရာက
အလှုန်ပင် ထွက်လာသည်။

သူက ဒဏ်ရာကို လုံးဝအရေးမထားတော့ပါ။

ဓားကောက်ကို ဝှေ့ယမ်းကာ ဝတ်ရုံရှင်အားတ
ပင် လိုက်လံ တိုက်ခိုက်လိုက်လေသည်။



သူ့ကိုယ်သူ သေလူဟု သဘောထားပြီးဖြစ်၍ သူ၏ ဓား
ချက်များကား ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။

သူ၏ တစ်သက်တာဝယ် ယခုတစ်ကြိမ်သည် အပြင်းထန်
ဆုံး တိုက်ပွဲဝင်ခြင်းသာ ဖြစ်လေတော့သည်။

ဓားကောက်အရိပ်မှာ ဝတ်ရုံရှင်၏ ခန္ဓာကိုယ်အား
ဖုံးလွှမ်းသွားလေသည်။

ဝတ်ရုံရှင် မပေါ်သရဲတော့ပါ။

သူသည် ကျားနာတစ်ကောင်ဖြစ်နေ၏။

သူ့အား လျော့တွက်၍ မရနိုင်တော့ပါ။

ဝတ်ရုံရှင်သည် သူ၏ ဓားချက်များကို ရှောင်တိမ်းရင်းမှ
ခါးကြားမှ ပလွေကို ဆွဲထုတ်လိုက်သည်။

ထို့နောက် ပလွေကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်
လိုက်လေသည်။

'တူ တူ တူ'

ဝတ်ရုံရှင်က ပလွေကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်
လိုက်သည်နှင့်....

သူ၏ ဓားချက်များ ပျက်ပြယ်သွားရလေသည်။

သူ ဒေါသချောင်းချောင်းထွက်သွား၏။

သူသည် ဘာကိုမျှ စဉ်းစားမနေတော့ပါ။

ဝတ်ရုံရှင်ထံ လူနှင့်ခေါးပါ တစ်ပြိုင်တည်းခုန်ဝင်သိုက်၏၊ သူ၏ တိုက်ခိုက်မှုက သိုင်းကွက်မဟုတ်တော့ပါ။

ရမ်းရမ်းကားကားပင် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ မိုက်မိုက် တိုက်ခိုက်လိုက်ခြင်းမျိုးသာ ဖြစ်နေပသည်။

ဝတ်ရုံရှင်က မဲ့လိုက်၏။

သူသည် ပလွေဖြင့် ကျော်ရိဘင်၏ခေါးကို ရိုက်ဖယ်လိုက်၏၊ တစ်ဆက်တည်းပင် ဘယ်လက်သီးဖြင့် ကျော်ရိဘင်၏ လည်မျိုကို ထိုးချလိုက်၏။

'ချမ်း'

'ခွပ်'

'အ ဝ့်'

ကျော်ရိဘင်၏ ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွား၏၊

သူသည် ပြန်လည်ထလာနိုင်ခြင်း မရှိတော့ပါ။

ဝတ်ရုံရှင်၏ သိုင်းပညာကား မြင့်မားလှပေစွ။

ဝတ်ရုံရှင်က အေးစက်စွာ ရယ်မောလိုက်၏။



'ဟား ဟား ဟား— ကျုပ်ကို အန်တုတဲ့လူတိုင်း ဒီလို အဖြစ်မျိုး နဲ့ ကြုံတွေ့ရမှာ အမှန်ပါပဲ'

သူသည် ကျော်ရိဘင်၏ အလောင်းကို တစ်ချက် ကြည့်လိုက်၏။

ထို့နောက် သစ်ခေါင်းစခန်းအတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

❀ ❀ ❀

ဝံပုလွေတောင်ကုန်း ဖြိုခွဲခံခဲ့ရပြီး မငြေးမနှောင်းမှာပင် သစ်ခေါင်းစခန်း ဖြိုခွဲဖျက်ဆီးခံရသောသတင်းက ထွက်ပေါ်လာ၏။

ထိုသတင်းသည်လည်း တောင်ပိုင်းသိုင်းလောကအကွက် တစ်ခဏအတွင်းမှာပင် ပျံ့နှံ့သွားလေသည်။

ထိုသတင်းများကြောင့် တောင်ပိုင်းသိုင်းလောကမှာ တုန်လှုပ်ချောက်ချားသွားရလေ၏။

သိုင်းလောကသားများအတွက် ရှင်တုန်ကြောက်ရွံ့ဖွယ် သတင်းဆိုးတစ်ခုလည်း ဖြစ်နေသည် မဟုတ်ပါလား။

ထိုသတင်းများနှင့်အတူ ဂတ်ရုံရှင်၏ အမည်ကလည်း တောင်ပိုင်းသိုင်းလောကအတွင်း တစ်ဟုန်ထိုး ကျော်ကြားလာခဲ့တော့၏။

လက်သံပြောင်လှပြီး ထိတ်လန့်ချောက်ချားဖွယ်ရာ အဖြစ်ဆိုးများကို ဖန်တီးနိုင်ခွင့်ရှိသူ ဂတ်ရုံရှင်မှာ မည်သူနည်း။

တောင်ပိုင်းသိုင်းလောကတွင်း၌ ဂတ်ရုံရှင်ဟူသောအမည်က တစ်ဟုန်ထိုး ကျော်ကြားလာသော်လည်း လူ၏အမည်ကိုမူ မည်သူမျှ မသိကြပါ။

မသိလည်း မသိရသေးပါ။

ထိုဂတ်ရုံရှင်သည် တစ်ကိုယ်တော်လော။

အဖွဲ့အစည်းနှင့်လော။

ထိုအကြောင်းကိုလည်း မည်သူမျှမသိကြပါ။



သူ၏ ခြိမ်းခြောက်စကားသည် တောင်ပိုင်းသိုင်းအဖွဲ့အစည်းများအတွက် သေမိန့်သဖွယ်ဖြစ်နေ၏။

ဂတ်ရုံရှင်ကို မည်သို့ တုန့်ပြန်ရမည်နည်း။

ထိုအဖြေကို မည်သူမျှ စဉ်းစားတွေးတော၍ မရသေးပါချေ။

သို့ရာတွင် ဂတ်ရုံရှင်၏ သေမိန့်မှ လွတ်မြောက်နိုင်ရန်အတွက်မူ သိုင်းအဖွဲ့အစည်းများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားနေကြတော့သည်။

*

ယန်ကျိုးမြို့....

ညနေဆည်းဆာအချိန်....

ယန်ကျိုးမြို့၏ ဆင်ခြေဖုံးအမှောင်ထုက ယှက်သန်းစပြုနေပြီ ဖြစ်၏။

လမ်းကြားလေးတစ်ခု။

တဲအိမ်ကလေးများက ပြည့်ညပ်နေ၏။

ထိုလမ်းကြားထဲတွင် အရက်ဆိုင်လေးတစ်ဆိုင်ရှိ၏။

အရက်ဆိုင်ထဲတွင် ဝါကျင့်ကျင့်မီးအိမ်ဘစ်လုံး ထွန်းညှိထားပြီဖြစ်၏။

မီးအိမ်မှ အလင်းရောင်သည် ဆိုင်အပြင်ဘက် လမ်းကြားလေးပေါ်အထိပင် ကျရောက်နေသည်။

ထိုအရက်ဆိုင်ကလေးအတွင်းရှိ ခုံပုကလေးတစ်လုံးဝယ် ယစ်ထုပ်ကြီးတစ်ဦးသည် အရက် အိုးလိုက်မော့ကာ သောက်နေ၏။

သူသည် ညနေခပ်စောစောပိုင်းကပင် ရောက်ရှိနေပြီး အရက်များ တစ်အိုးပြီးတစ်အိုးသောက်နေခြင်းဖြစ်၏။

သူ၏ ခုံပုလေးပေါ်ဝယ် အရက်အိုးအလွတ် ငါးလုံးတိတိ ရှိနေပြီဖြစ်သည်။

သာမန်လူတစ်ယောက်ဆိုလျှင် အရက်တစ်အိုးခန့် သောက်ပြီးသည်နှင့် လူမှန်းသူမှန်းမသိအောင် မူးသွားသည်မှာ သေချာ၏။

ဤယန်ကျိုးမြို့ရှိ အရက်သမားများပင်လျှင် ဤဆိုင်လေးမှ အရက်နှစ်အိုးကုန်အောင် မသောက်နိုင်ပါ။



ယခု လူကြီးကမူ အရက်ငါးအိုး တိတိ သောက်ခဲ့ပြီ ဖြစ်သည်။

သူ၏ ပုံမန်းဟန်မှာ အရက်မူးနေဟန်ရှိ၏။

သို့သော်....လဲမသွားသေးပါ။

အရက်ငါးအိုးကုန်သည်အထိ ထိုလူကြီး လဲမကျသွားသဖြင့် ဆိုင်ရှင်ကိုယ်တိုင်ပင် အံ့သြနေမိသေသည်။

ထိုလူသည် ယစ်ထုပ်ကြီးတစ်ယောက်သာ ဖြစ်ရမည်ဟု မှတ်ယူလိုက်လေ၏။

ယစ်ထုပ်ကြီးသည် မည်သည့် ဟင်းလျာအမြည်းကိုမှ မစားဘဲ အရက်ကိုသာ သောက်နေခြင်းဖြစ်သည်။

သူသည် မည်သူနှင့်မှလည်း စကားမပြောပါ။

ရောက်ကတည်းက ခုံပုကလေးတွင်ထိုင်ကာ အရက်တစ်အိုးပြီးတစ်အိုး သောက်နေခြင်း ဖြစ်ပေသည်။

ဆိုင်ရှင်သည် အရက်သောက်နိုင်လွန်းသော ယစ်ထုပ်ကြီးကို ကြည့်နေရာမှ ရုတ်တရက် ဆိုင်ထဲသို့ဝင်လာသူ တစ်ခုကြောင့် ချက်ချင်း ပျာပျာသလဲ ကြိုဆိုလိုက်၏။

'ကြွပါခင်ဗျာ—ကြွပါ'

'ကျွန်တော့်ဆိုင်က စုတ်ပေမယ့် အရက်ကတော့ ယောဒ္ဒယန်ကျုံးမြို့မှာ အကောင်းဆုံးပါပဲ'

သူက ကြို့ဆိုရင်း နေရာထိုင်ခင်းပေးလိုက်၏။

ဝင်လာသူများမှာ ငါးဦးခန့်ရှိ၏။

အားလုံးသည် လက်နက်ကိုယ်စီပါလာကြသည်။

သူတို့၏ ပုံဟန်မှာ သိုင်းသမားများ ဖြစ်ကြဟန် တူပေသည်။

ထို့အပြင် ထိုလူငါးဦးတို့သည် ရုပ်ရည်ချင်းဆင်တူ၏။

အသက် အငယ်ဆုံးနှစ်ဆယ်မှ အသက်အကြီးဆုံး လေးဆယ်ခန့်အထိရှိပေသည်။

ထို့ကြောင့် ထိုလူငါးဦးမှာ ညီအစ်ကိုများ ဖြစ်ရမည်ဟု ကောက်ချက်ချနိုင်ပေသည်။

မှန်ပါသည်။

ထိုလူငါးဦးသည် တောင်ပိုင်းသိုင်းလောကတွင် နာမည်ရှိသော ချီညီနောင်ဟူသည့် သိုင်းသမားများ ဖြစ်၏။

အစ်ကိုအကြီးဆုံးက ချီရို ဖြစ်၏။

ချီရိုက....

'ကဲ—အရက်နဲ့ အမြည်းကောင်းကောင်းသာ ပေးပါ'



ဆိုင်ရှင်က ဦးညွှတ်ပြီး....

'ဟုတ်ကဲ့၊ အခုပဲ ရပါစေမယ်'

သူက စားပွဲထိုးများကို ညွှန်ကြားလိုက်သည်။

* * *

ချီညီနောင်ဝင်ရှေ့ စားပွဲပေါ်တွင် အရက်နှင့် ဟင်းလျာတို့ ရောက်ရှိနေပြီ။

ဟင်းလျာ ခုနစ်မျိုးခန့် ရှိ၏။

ဟင်းများက မွှေးကြိုင်နေသည်။

သို့သော် သူတို့ငါးဦးက အရက်မသောက်ကြပါ။

မည်သူမျှလည်း ဟင်းလျာများကို တို့ထိခြင်းမရှိပါ။

သူတို့က ဆိုင်အပြင်ဘက်ကိုသာ မကြာခဏဆိုသလို လှမ်းကြည့်နေကြ၏။

သူတို့ပုံဟန်ကို ကြည့်ခြင်းဖြင့် သူတို့သည် တစ်စုံတစ်ဦးကို စောင့်နေသည်မှာ ထင်ရှား၏။

ချိုညီနောင်သည် မည်သူ့ကို စောင့်နေပါသနည်း။

အချိန်က တရွေ့ရွေ့ ကုန်ဆုံးလာ၏။

အမှောင်ထုက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ပြီ ဖြစ်သည်။

အရက်ဆိုင်ထဲမှ ဝါကျင်ကျင် မီးအိမ်က အမှောင်ထုကို မနည်းပင် အံတုနေရ၏.

အလင်းရောင်က အားနည်းလာ၏။

အရက်ဆိုင်ထဲ၌ လူရှင်းသွားသည်။

အရက်ဆိုင်သည် တိတ်ဆိတ်နေသည်။

အရက်ဆိုင်ထဲ၌ ယစ်ထုပ်ကြီးနှင့် ချိုညီနောင်တို့သာ ကျန်ခဲ့တော့၏။

သူတို့ကလည်း တစ်ဦးတစ်ယောက်မှ စကားပြောဆိုခြင်း မရှိသည်ကြောင့် ယခုလို တိတ်ဆိတ်နေခြင်းဖြစ်၏။

'ဝါး'

ဆိုင်ရှင်က သန်းဝေလိုက်၏။

စားပွဲထိုးများလည်း အနားရခိုက် ကြုံရာစားပွဲတွင် ထိုင်ကာ ငိုက်မြည်းနေကြသည်။

ချိုညီနောင်ငါးဖော်အနက် အငယ်ဆုံးမှာ ချိုဝူး ဖြစ်၏၊ ချိုဝူးသည် လူငယ်သဘောက် စိတ်မြန်သူဖြစ်၏။



ယခုလည်း စောင့်နေရခြင်းကို စိတ်ရှည်ဟန်မတူ။ ထို့အပြင် တိတ်ဆိတ်မှုကိုလည်း သည်းခံနိုင်စွမ်းမရှိတော့ ဟန် ရှိသည်။

တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။

'အစ်ကိုကြီး ချိုရီ... ဘာထိုင်လုပ်နေတာလဲ၊ စားစရာရှိတာ စားသောက်ပြီးရင် သွားကြမယ်'

ချိုရီက -

'သွားလို့ မဖြစ်သေးဘူး၊ တို့ လူစောင့်ရဦးမယ်'

'ခုထိ ပေါ်မလာသေးတာ၊ ဘာဖြစ်လို့ ကျွန်တော်တို့က ဆက်ပြီး စောင့်နေရမှာလဲ'

'စောင့်ရမယ်၊ သူ လာတဲ့အထိ စောင့်ရမယ်'

ချိုဝူး မကျေမနပ် ဖြစ်သွား၏။

'ဒီလူက ဘာမို့လို့ ကျွန်တော်တို့က စောင့်ရမှာလဲ'

ချိုရီ သက်ပြင်းပြ၍—

'သူက ဖူဝစ်၊ မင်း သူ့ကို မစောင့်ဘဲ နေမှာလား'

ချိုဝူး ပါးစပ်ပိတ်သွား၏။

ဖူဝစ် ဟူသော အမည်ကို သူ ကောင်းစွာသိ၏။

ဖူစစ်သည် မုစန်းကျေးရွာရှင် ဖူချန်စိန်၏ တစ်ဦးတည်းသောသား ဖြစ်၏။

ဖူဝစ်သည် သိုင်းလောကတွင် လုံးဝ နာမည်မရှိပါ။

သူက သိုင်းပညာမတတ်၍ မဟုတ်ပါ။

ဖူဝမ်၏ သိုင်းပညာက အတော်ကောင်း၏။

သို့သော် အမည် မကျော်ကြားခြင်းက ဖူဝမ်ကိုယ်တိုင်က နာမည် ကျော်ကြားလိုစိတ် မရှိသောကြောင့် ဖြစ်၏။

သူသည် သိုင်းလောကထဲ သွားလာမှု နည်းပါး၏။

သွားလာလျှင်လည်း သူ့အမည်ကို ထုတ်ဖော်အသုံးပြုခြင်း မရှိသလောက် ဖြစ်၏။

ချိရိက....

'သူဟာ ကျုပ်တို့အပေါ်မှာ ကျေးဇူးရှိခဲ့တယ်'

ချိဝူ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော့်တို့ စောင့်ရမယ့် ပူဟာ ဖူဝမ်ဆိုရင်တော့ ဘယ်နှစ်ရက် စောင့်ရစောင့်ရ ကျွန်တော် စောင့်မှာပါ'

ချိရိက....



'သူချိန်းထားတယ်၊ သူ လာမှာပါ'

ချိဝူးက....

'သူက ဘာကြောင့် ချိန်းရတာလဲ'

ချိရိက ပခုံးတွန့်၍—

'ဘာကြောင့်ဆိုတာ မပြောဘူး၊ ဒါပေမယ့် သူဟာ ကျုပ်တို့ရဲ့ အကူအညီ လိုနေတာ သေချာတယ်'

ချိဝူးက....

'သူက အကူအညီ လိုနေတယ်လို့ အစ်ကိုကြီးက ဘယ့်နှယ်ကြောင့် အတပ်ပြောနိုင်တာလဲ'

ချိရိက ပြုံး၍—

'သူတို့ ဖူစန်းကျေးရွာကို စက်ရုံရှင်က ခြိမ်းခြောက်ထားတဲ့ အတွက်ကြောင့်ပေါ့ကွာ'

ချိဝူး ငြိမ်သွား၏။

အတန်ကြာမှ ပြောလိုက်၏။

'ဝက်ရုံရှင်၊ ဒီလူက ဘယ်သူလဲ'

ချိရိ ခေါင်းခါ၍—

'မသိဘူး၊ ဘယ်သူမှလဲ ဒီလူ ဘယ်သူလဲဆိုတာ အခုထိ မသိကြဘူး'

'ဒီဝတ်ရုံရှင်ဟာ တောင်ပိုင်း သိုင်းလောကကို ကိုင်လှုပ်နိုင်တာတော့ အမှန်ပဲ'

'ဟုတ်တယ်၊ သူ့လက်ချက်နဲ့ ဝံပုလွေတောင်ကုန်းနဲ့ သစ်ခေါင်းစခန်းတို့ ပျက်စီးသွားပြီလေ'

ချိဝူးက—

'ဒီလူက တာကြောင့် ကျုပ်တော်တို့ တောင်ပိုင်းနယ်က သိုင်းအဖွဲ့တွေကို လိုက်ဖျက်ဆီးနေရတာလဲ'

သူက ပါးစပ်ပိတ်သွား၏။

ခနကြာမှ သက်ပြင်းချ၍....

'မသိဘူး၊ ဘာပဲပြောပြော ဒီဝတ်ရုံရှင်ဟာ ပြောတဲ့အတိုင်း တောင်ပိုင်းသိုင်းအဖွဲ့တွေကို ဖြိုခွဲနိုင်စွမ်းရှိတာတော့ အမှန်ပဲကွ'

ချိဝူးက အံကြိတ်လိုက်၏။

'သူတစ်ယောက်တည်းနဲ့ တောင်ပိုင်း သိုင်းလောကတစ်ခုလုံးကို မွေးချင်တိုင်း မွှေနောက်ချင်တိုင်း နှောက်နေတာ ဖြင်းစရာပဲ အစ်ကိုကြီးရာ'

ချိယိက....



'ဟုတ်တယ်၊ သူ့ကြောင့် တို့ တောင်ပိုင်း သိုင်းသမားတွေ အလွန်ကို အရှက်ရနေတာပဲ'

ချိစန်းက....

'ဖူဝစ်က ကျုပ်တော်တို့ကို ခေါ်ထားတာ ဝတ်ရုံရှင်ကို ခုခံဖို့အတွက်ပဲပေါ့ဟုတ်လား'

ချိယိက....

'ဟုတ်တယ်'

ချိညီနောင်များ ငြိမ်ကျသွား၏။

ချိယိက သူ၏ညီ လေးယောက်အား ဝေ့စိုက် ကြည့်လိုက်ပြီး—

'ဒီကိစ္စဟာ အန္တရာယ်များလွန်းတယ်၊ အသက်အန္တရာယ်နဲ့လည်း နီးလွန်းတယ်၊ ဒါကြောင့် မလိုက်နိုင်တဲ့လူရှိရင်အခုကတည်းက ထွက်သွားနိုင်ပါတယ်'

ဟု ပြောလိုက်၏။

သူ့စကားဆုံးသည်နှင့် ချိဝူးက ဝင်မေးလိုက်၏။

'အစ်ကိုကြီးကကော'

ချိယိက သက်ပြင်းချလိုက်ပြီး....

'ကျုပ်ကတော့ ဖူဝစ်ကို ဒီမှာစောင့်မယ်၊ မနက်အထိ ပေါ်မလာရင် ဖူစန်းကျေးရွာကို လိုက်သွားမယ်လို့ ဆုံးဖြတ်ထားတယ်'

ချီဝူးက....

'ဖူဝစ်ရဲ့ကျေးဇူးဟာ ကျွန်တော်တို့ ညီအစ်ကိုတွေအပေါ်မှာ ရှိခဲ့ပါတယ်၊ အခု ကျေးဇူးဆပ်ခွင့် ကြုံပြီပဲ ဘာကို ကြောက်နေရမှာလဲ၊ ဝတ်ရုံရှင်နဲ့လည်း တွေ့ချင်ပါသေးတယ်'

ဟု ရဲဝံ့စွာ ပြောလိုက်၏။

ထိုစဉ် အိုမင်းသော စကားသံတစ်ခု ထွက်ပေါ်လာလေသည်။

'ဝတ်ရုံရှင်...ဝတ်ရုံရှင်ဆိုတာ ဘယ်သူလဲ'

ချီညီနောင် ငါးဖော်သည် စကားသံ ထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

စကားပြောလာသူကား တစ်ချိန်လုံး အရက်သောက်နေသော ယစ်ထုပ်ကြီးပင်ဖြစ်ပါသည်။

ချီဝူးက....

'မသိဘူးဗျ'



ယစ်ထုပ်ကြီးက ...

'မသိဘူး၊ မသိတဲ့ လူတစ်ယောက်ကို ဘာကြောင့်အရေးလုပ်ပြီး စကားပြောနေကြတာလဲ'

ချီဝူးက မဲ့လိုက်၏။

'ကျုပ်တို့က မသိပေမယ့် ကြားဖူးတယ်၊ ခင်ဗျားကတော့ ဒီနာမည်ကို ကြားတောင်မကြားဖူးဘူး မဟုတ်လား'

ဟု ချက်ချင်းခွန်းတုံ့ပြန်လိုက်၏။

ယစ်ထုပ်ကြီး ကြောင်သွားသည်။

ပြီးမှ သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား....ဟုတ်တယ်....ဟုတ်တယ်၊ မင်းပြောတာ အမှန်ပဲ၊ မင်းတို့က ကျုပ်ထက် တော်ပါတယ်'

ချီဝူး ကျေနပ်သွားသည်။

ယစ်ထုပ်ကြီးက....

'နေပါဦး၊ မင်းတို့ စောစောက ပြောတာ ကျုပ်ကြားမိသလိုပဲ နားကြားများလွဲသလားလို့'

ဟု မေးလိုက်ပြန်၏။

ချီဝူးက—

'ဘာကိုလဲ'

'ဝတ်ရုံရှင်ဟာ တောင်ပိုင်းသိုင်း လောကကို မမွှေချင်တိုင်း မွှေ နှောက်ချင်တိုင်း နှောက်နိုင်တယ်ဆို'

ချီဝူးက ခေါင်းညိတ်လိုက်၏။

'နားကြား မလွဲပါဘူး၊ ခင်ဗျားကြားတာ အမှန်ပါ ပဲလေ'

ယစ်ထုပ်ကြီးက မျက်မှောင်ကုပ်သွား၏။

'ဒါ အမှန်ပဲ မဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လိုကြောင့် ဒီစကားပြောနိုင်သလဲ၊ မင်းတို့ ကျုပ် ကို ဝတ်ရုံရှင်အကြောင်း ပြောပြနိုင်မလား'

ယစ်ထုပ်ကြီး က စိတ်ဝင်စားသော လေသံဖြင့် မေးလိုက် သည်။

ချီဝူးက ချီယီအား လှမ်းကြည့်လိုက်၏။

ချီယီက ခေါင်းအသာညိတ်ပြလိုက်၏။

ဖူဝစ်အား စောင့်ဆိုင်းနေစဉ် အားလပ်နေ၏။ ❀



ထို့အပြင် သိုင်းလောကတွင် ပျံ့နေသော သတင်းကို ပြောပြရန်သာဖြစ်၍ အပန်းမကြီးလှပါချေ။

ချီဝူးက—

'ဒီလိုဗျ၊ လွန်ခဲ့တဲ့ တစ်သားချိန်က တောင်ပိုင်း သိုင်း လောကထဲကို လူတစ်ယောက် ရောက်လာတယ်၊ ဒီလူကို ခု ထက်ထိ ကျုပ်မမြင်ဖူးသေးဘူး၊ ကြားရတဲ့ သတင်းအတိုင်း ဆိုရင်တော့ ဒီလူဟာ အသက် ငါးဆယ်ကျော်လောက်ရှိပြီး သူဟာ ရွှေခြည်ထိုးထားတဲ့ ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား တယ်၊ ဒီလူ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိကြတော့ ဒီလူကို အားလုံးက ဝတ်ရုံရှင်လို့ အလွယ်တကူ အမည်ပေး လိုက်ကြတယ်'

ယစ်ထုပ်ကြီးက....

'ထားပါတော့၊ သူ့အကြောင်း ဆက်ပြောစမ်းပါဦး'

ချီဝူးက....

'ဒီလူဟာ တောင်ပိုင်းနယ်ကို ရောက်ရောက်ချင်းပဲ ဘယ် သူမှ မပြုရဲတဲ့ အလုပ်ကို လုပ်ခဲ့တယ်'

'ဟုတ်လား—ဘယ်လိုလုပ်တာလဲ'

'သူဟာ မြို့စား ရဲတိုက်တံခါးကို သေနတ်နဲ့ပစ်ခဲ့ပြီး ရက်ပေါင်းခြောက်ဆယ်အတွင်း သေချောင်း စီးစေရမယ်လို့လဲ ချိမ်းခြောက်သွားခဲ့တယ်'

ယစ်ထုပ်ကြီး မျက်မှောင်ကုပ်သွား၏။

'တယ်ရမ်းကားတဲ့ လူပါလား'

'ဟုတ်တာပေါ့၊ အလွန်ရမ်းကားတဲ့ လူတစ်ယောက်ဘဲ'

'ဒီလူ ဒီလောက် ရမ်းကားတာကို မြို့စားရဲတိုက် ငြိမ်နေမယ်လို့ မထင်ဘူး'

ချိဝူးက သက်ပြင်းချလိုက်၏။

'ဒီလို စော်ကားတာမျိုးကို မြို့စားရဲတိုက်က ဘယ်လက်ခံမှာလဲ၊ မြို့စားကြီးနဲ့ သူ့ လက်ရုံးသုံးယောက် ထွက်တွေ့တာပေါ့'

ယစ်ထုပ်ကြီးက အလွန်စိတ်ဝင်စားသွားဟန် တူ၏။

သူ၏ ခန္ဓာကိုယ်သည် ရှေ့သို့တိုးလာလေသည်။

'ဆက်ပြောစမ်းပါဦး'

ချိဝူးက—

'တိတိကျကျတော့ မသိဘူး၊ ကြားရတဲ့ သတင်းအရဆိုရင်တော့ မြို့စားကြီးရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ စုံကျင်ဟာ အဲဒီဝတ်ရုံရှင်ရဲ့ လက်ချက်နဲ့ သေဆုံးသွားခဲ့ရတယ်၊ ပြီးတော့ မြို့စားကြီးလဲ ဒီဝတ်ရုံရှင်ကို ရှုံးနိမ့်ခဲ့တယ်တဲ့'



'ဟင်....'

ယစ်ထုပ်ကြီး၏ မျက်လုံးအစုံမှုန်ကျယ်သွား၏။

မူးယစ်နေဟန်များလည်း လွင့်စဉ်သွားလေသည်။

'ဒါ....ဒါတကယ်ပဲလား'

ချိဝူးက ခေါင်းညိတ်လိုက်၏။

'ဒါတင် ဘယ်ကမှာလဲ၊ ကျွန်တော်တို့ တောင်ပိုင်းနယ်က နာမည်ကြီးတဲ့ သိုင်းအဖွဲ့အစည်းအတော်များများဟာ မြို့စားရဲတိုက်လိုပဲ ရန်စခြိမ်းခြောက်ခြင်း ခံရတယ်'

ယစ်ထုပ်ကြီးက....

'ဝတ်ရုံရှင်တစ်ယောက်တည်းက အားလုံးကို ခြိမ်းခြောက်ခဲ့တာပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်'

'ခြိမ်းခြောက်တာပဲ၊ သိမ်းတော့ မှုစရာမလိုဘူး မဟုတ်လား'

ချိဝူးက ခေါင်းခါယမ်းလိုက်၏။

'ပထမတော့ ခြိမ်းခြောက်ရုံသက်သက်လို့ ထင်ရတယ်၊ အခုတော့ ဝတ်ရုံရှင်ဟာ သူ ခြိမ်းခြောက်ခဲ့သလို လက်တွေ့လုပ်ပြနိုင်ခွင့်ရှိတယ်ဗျ'

'ဘယ်...ဘယ်လို'

'သူ့...က်ချက်နဲ့ ဝံပုလွေတောင်ကုန်းနဲ့ သစ်ခေါင်းစခန်း ဆိုတဲ့ အဖွဲ့နှစ်ဖွဲ့ဟာ သွေးချောင်းစီးခဲ့ရပြီးပြီ'

'ဟာ....'

ယစ်ထုပ်ကြီး၏ အရက်ခိုးပြန်နေသော မျက်နှာသည် သွေးဆုတ်သကဲ့သို့ ဖြူလျော်သွားလေသည်။

ချီဝူးက—

'ဒီဝက်ရှူးရှင်အကြောင်းပြောရရင် သူနဲ့ တစ်ဆက်တည်း ပေါ်ပေါက်လာတဲ့ စကားကိုလဲ ပြောရဦးမယ်ဗျ'

ယစ်ထုပ်ကြီးက—

'ဘာစကားများလဲ'

ချီဝူးက ...

'တံဆိပ်တော်ရှိရင် အသက်ရှင်ခွင့်ရမယ်တဲ့'

ယစ်ထုပ်ကြီးက....

'ဘာအဓိပ္ပာယ်လဲ'

ချီဝူးက ပခုံးတွန့်လိုက်ပြီး—



'မသိဘူး၊ ဒါပေမယ့် အခုတလောမှာတော့ ခြိမ်းခြောက်ခံရတဲ့ သိုင်းအဖွဲ့အစည်းအချို့ကို အချုပ်အချယ်မဲ့ တံဆိပ်တော် လာရောင်းချနေတယ်ဆိုတဲ့ သတင်းသဲ့သဲ့ကိုတော့ ကြားရတာပဲ'

ယစ်ထုပ်ကြီးက မဲ့ပြုံးပြုံးသည်။

'ဒါဆိုရင်တော့ တံဆိပ်တော်ရောင်းတဲ့ အဖွဲ့ဟာ ဝက်ရှူးရှင်နဲ့ တစ်ဖွဲ့တည်းပဲ ဖြစ်ရမယ်'

ဟူ မှတ်ချက်ချလိုက်၏။

ချီဝူး မျက်လုံးပြူးသွား၏။

၂၁၇၄၄

'ဟင်....'

'ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ ဒီလိုတစ်ခါမှ ဆက်စပ်ပြီး မတွေးမိသေးဘူး'

ယစ်ထုပ်ကြီးက သက်ပြင်းချလိုက်၏။

'အင်း—ကျုပ်လဲ အရက်ထဲနစ်နေတာနဲ့ လောကကြီးမှာ ဘာဖြစ်နေတယ်ဆိုတာ မသိလောက်အောင် ဖြစ်နေရတာပဲ၊ ဒုက္ခ—ဒုက္ခ'

သူသည် ဒယီးဒယိုင်နှင့် ထလိုက်၏။

ထို့နောက် မည်သူ့ကိုမှ နှုတ်ဆက်မနေဘဲ အရက်ဆိုင်အတွင်းမှ ဒယီးဒယိုင်နှင့် ထွက်ခွာသွားလေတော့သည်။

ချိုညီနောင်သည် ယစ်ထုပ်ကြီး၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

သိမ်းငှက်အဖွဲ့....

သိမ်းငှက်အဖွဲ့ ဌာနချုပ်တံခါးသည် တင်းကြပ်စွာ ပိတ်ထား၏။

ထိုတံခါးမကြီး၏နောက်ဝတ် သိမ်းငှက်အဖွဲ့သား ဆယ်ဦးသည် လက်နက်ကိုယ်စီကိုင်စွဲလျက် စောင့်ကြပ်နေကြ၏။

သိမ်းငှက် ဌာနချုပ်သီးသန့်ခန်းရှေ့တွင်လည်း သိမ်းငှက်အဖွဲ့သား ငါးယောက်က လက်နက်ကိုယ်စီကိုင်ကာ စောင့်ကြပ်နေပေသည်။



သီးသန့်ခန်းထဲ၌မူ သိန်းငှက်အဖွဲ့ခေါင်းဆောင် ကျူလျူမင် ထိုင်နေ၏။

သူသည် လုံးဝမအိပ်ဘဲ ထိုင်နေသည်မှာ သုံးရက်ရှိပြီ ဖြစ်သည်။

သူ၏ ရုပ်သွင်သည် တစ်လကျော်အတွင်း၌ မမှတ်မိနိုင်လောက်ပအောင် အိုမင်းရင့်ရော်သွားလေ၏။

သူသည် ဝတ်ရုံရှင်၏ ခြိမ်းခြောက်မှုခံရပြီးကတည်းက စိတ်ခောက်ကျဆင်းနေခြင်းဖြစ်သည်။

ယခု ဓံပုလွေတောင်ကုန်းနှင့်သစ်ခေါင်းစခန်းတို့ ဖျက်ဆီးခံရသည့်သတင်းကြားသောအခါ အလွန်ပင် ထိတ်လန့်တုန်လှုပ်သွား၏။

စင်စစ် ကျူလျူမင်သည် သေးနုည်းသူတစ်ယောက်မဟုတ်ပါ။

သူသည် ရဲရင့်သော သိုင်းသမားတစ်ယောက်ဖြစ်၏။

တခု ဝတ်ရုံရှင်သည် သူ့ထက် သိုင်းပညာအရာတွင်များစွာအဆင့်မြင့်၏။

သူ့အနေနှင့် ဝတ်ရုံရှင်ကို ယှဉ်ပြိုင်နိုင်စွမ်းမရှိကြောင်းကို ကောင်းစွာသိရှိထား၏။

သူ တစ်ယောက်တည်းအတွက်မူ ဝတ်ရုံရှင်ကို လုံးဝ မကြောက်ပါ။

သူ မယှဉ်နိုင်သော်လည်း သတ္တိရှိရှိနှင့် အသက် သေဆုံးသွားသည်အထိ ယှဉ်ပြိုင်တိုက်ခိုက်ဝံ့သည်။

ယခု သူစိုးရိမ်ကြောင့်ကြနေသည်က သူ့အတွက် မဟုတ်ပါ။

သူ့ကို မှီခိုနေရသော သူ၏ တပည့်များအတွက် ဖြစ်သည်။

သူ့လက်အောက်တွင် ငယ်သားတစ်ရာခန့်ရှိပေ၏။

ထိုငယ်သားများ၏ အသက်ရှင်ရေးကိစ္စအတွက်ကို သူ အလွန်ပင် ပူပန်နေမိခြင်းဖြစ်သည်။

ဝတ်ရုံရှင်သည် သူတစ်ယောက်တည်းတင် မကဘဲ သူ၏ ငယ်သားအားလုံးကိုပါ ချမ်းသာပေးမည် မထင်ပါ။

ထိုအချက်ကို စံပုလွေတောင်ကုန်းနှင့်သစ်ခေါင်းစခန်းတို့၏ အဖြစ်အပျက်က သက်သေခံနေသည် မဟုတ်ပါလား။

'ဝူး'

သူ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

သူ ဘာလုပ်ရမှန်းကိုစဉ်းစား၍မရပါ။



ထို့ကြောင့် အရက်အိုးကိုလှမ်းယူလိုက်သည်။

သောက်မည်ပြုပြီးမှ မသောက်တော့ပါ။

အရက်သောက်ခြင်းသည် အမှားကိုဖြစ်စေ၏။

သူ့အတွက် အမှားမခံနိုင်ပါ။

သူသည် ကုလားထိုင်နောက်ကျောကို မှီလျက် ကိုယ်ကို ဖြေလျော့၍ သက်သောင့်သက်သာထိုင်နေလိုက်သည်။

ထိုအချိန်တွင် ဌာနချုပ်တံခါးမကြီးမှ တံခါးခေါက်သံ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

'ဒေါက် ဒေါက် ဒေါက်'

သိန်းငှက်ဌာနချုပ်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ထိုအချိန်တွင် တံခါးခေါက်သံအကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တံခါးမကြီးအနီးတွင် စောင့်ကြပ်နေသော သိန်းငှက်အဖွဲ့သားတို့၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားကြလေသည်။

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဝတ်ရုံရှင် ရောက်လာပြီလော။

အားလုံး ထိတ်လန့်သွား၏။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော်လည်း မည်သူမှ တံခါးမဖွင့်ရဲကြပါ။

တံခါးဖွင့်ရန်မဆိုထားနှင့်၊ တံခါးမကြီးအနီးမှ နောက်သို့ပင် တစ်လှမ်းခန့် ဆုတ်သွားကြလေသည်။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ ထပ်မံထွက်ပေါ်လာ၏။

သိန်းငှက်အဖွဲ့သားတို့ တုတ်တုတ်မျှ မလှုပ်ပါ။

ထိုစဉ် တံခါးခေါက်သံနှင့်အတူ စကားသံကိုပါ ကြားလိုက်ရလေသည်။

'သိန်းငှက်အဖွဲ့ခေါင်းဆောင်ကြီးရှိပါသလားရှင်'

အလွန် ချိုလွင်လှသော မိန်းကလေးတစ်ယောက်၏အသံပင် ဖြစ်ပါသည်။



နူးနယ်သော မိန်းကလေးအသံကြောင့် သိန်းငှက်အဖွဲ့သားများမှာ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

အနည်းငယ်ရဲဝံ့သော သိန်းငှက်အဖွဲ့သားတစ်ဦးက တံခါးမကြီးသို့ လျှောက်သွားကာ ချောင်းကြည့်ပေါက်ကလေးမှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

အပြင်ဘက်တွင် ငယ်ရွယ်ချောမောသော မိန်းကလေးတစ်ယောက်နှင့် ရှပ်ဆိုးအကျည်းတန်အဘွားအိုတစ်ယောက်ကို မြင်လိုက်ရသည်။

'ဟော....မိန်းကလေးတစ်ယောက်နဲ့ အဘွားအိုတစ်ယောက်ကွ'

အဖွဲ့သားတစ်ဦးက....

'ဝတ်ရုံရှင်ကော'

'မတွေ့ပါဘူး၊ အဲဒီနှစ်ယောက်ပဲ'

'ဘာကိစ္စလဲ မေးကြည့်စမ်း'

သိန်းငှက်အဖွဲ့သားက ချောင်းကြည့်ပေါက်တံခါးငယ်ကို ဖွင့်လိုက်ပြီး....

'ဟော....ဘာကိစ္စလဲ'

မိန်းမလေးက လှပစွာ ပြုံး၍....

'ရှင်တို့ရဲ့ ခေါင်းဆောင်ကြီးနဲ့ တွေ့ချင်လို့ပါရှင်'

သိန်းငှက်အဖွဲ့သားက....

'ခေါင်းဆောင်ကြီးဟာ ဘယ်ဧည့်သည်နဲ့မှ လက်ခံတွေ့ဆုံမှာ မဟုတ်ပါဘူး'

မိန်းကလေးက....

'ကျွန်မနဲ့တော့ တွေ့မှဖြစ်မယ်ရှင့်'

'ခက်ပါလား၊ ဒီရက်ပိုင်းအတွင်းမှာ ဘယ်ဧည့်သည်ကိုမှ မတွေ့ဘူးလို့ အမိန့်ထုတ်ထားပါတယ်'

သူမက သက်ပြင်းချပြီး....

'ခက်တာက ရှင်တို့ပဲ၊ ကဲ—ရှင်တို့ ခေါင်းဆောင်ကြီးကို သွားပြောလိုက်ပါ၊ သိန်းငှက်အဖွဲ့သားအားလုံးရဲ့ အသက်ကို ကယ်တင်နိုင်မယ့် နည်းလမ်း ဆွေးနွေးဖို့ ရောက်လာတယ်လို့'

'ဗျာ'

'ကျွန်မပြောတာ မကြားဘူးလား၊ သွား....ရှင်တို့ခေါင်းဆောင်ကို အမြန်ဆုံး အကြောင်းကြားလိုက်ပါ'

သိန်းငှက်အဖွဲ့သား တွေသွား၏။

ထူးတော့ ထူးနေသည်။



သူက ခေါင်းဆောင်ကြီးကို သတင်းပို့ရန် စိတ်ကူးလိုက်သည်။

'ကောင်းပြီ၊ ဒီမှာ ခနစောင့်နေကြပါ၊ ကျုပ် ခေါင်းဆောင်ကြီးဆီ သတင်းပို့ပေးမယ်၊ သူက လက်မခံဘူးဆိုရင်တော့ ဘာမှ မတတ်နိုင်ပါဘူး'

သူမက....

'ကျွန်မနဲ့တွေ့ရင် သိမ်းငှက်အဖွဲ့ကို ကယ်တင်နိုင်မယ့်နည်းလမ်း ရစေရမယ်ဆိုတာကို သေသေချာချာ ပြောပြပါ'

'ကောင်းပါပြီ'

သိန်းငှက်အဖွဲ့သားက ချက်ချင်းပင် အထဲကို ဝင်လာခဲ့လေသည်။

* * *

ကျူလူမင်း မျက်မှောင်ကုပ်သွား၏။

'တို့အဖွဲ့ကို ကယ်တင်နိုင်မယ့် နည်းလမ်းကောင်း ရနိုင်မယ် ဟုတ်လား'

'ဟုတ်ပါတယ် ခေါင်းဆောင်ကြီး၊ သူတို့က ဒီအတိုင်းပဲ ပြောလိုက်ပါတယ်'

'လာထားက မိန်းကလေးတစ်ယောက်နဲ့ အဘွားအို တစ်ယောက်၊ တခြားလူကော'

'ဘယ်သူမှ မပါဘူး'

ကျူလူမင် တွေဝေသွား၏။

သူသည် ခနစဉ်းစားပြီး မှ—

'သူတို့ကို ခေါ်လာခဲ့ပါ'

သိမ်းငှက်အဖွဲ့ကို ကယ်တင်နိုင်မည့် နည်းလမ်းဆို၍ သူ စိတ်ဝင်စားမိသည် မဟုတ်လော။

* * *

ကျူလူမင်က မိန်းကလေးနှင့် အဘွားအိုကို အကဲခတ် ကြည့်သည်။

အဘွားအို၏ လှုပ်ရှားမှုက သိုင်းပညာ အဆင့်မြင့်မြင့်ချ ဖြစ် ရမည်ဟု ခန့်မှန်းမိသည်။

ကျူလူမင်လ ကုလားထိုင်များ ညွှန်ပြ၍—



'ထိုင်ပါ'

သူမက ဦးညွှတ်ပြီး....

'အခုလို တွေ့ဆုံခွင့်ပြုတာ ကျေးဇူးတင်ပါတယ် ရှင်'

ဟု ယဉ်ကျေးစွာပြော၍ ထိုင်လိုက်သည်။

ကျူလူမင်က—

'လာရင်းကိစ္စကို ပြောပါ'

သူမက....

'ကျွန်မတို့က သိမ်းငှက်အဖွဲ့ ကြုံတွေ့နေရတဲ့ ဒုက္ခဆိုးက လွတ်မြောက်အောင် ကယ်တင်ဖို့ ရောက်လာတာပါရှင်'

ကျူလူမင်က....

'ဘာလဲ....မင်းတို့က သိမ်းငှက်အဖွဲ့ ဘက်ကနေ ဝတ်ရုံရှင် ကို တိုက်ပေးမယ် သဘောလား'

သူမက ခေါင်းခါပြီး—

'မဟုတ်ပါဘူးရှင်'

ကျူလူမင် က ပြုံးပြီး....

'ဒါဆို ဘာကြောင့် ကျုပ်တို့သိမ်းငှက်အဖွဲ့ကို ကယ်တင်ဖို့ ရောက်လာတာဆို၊ ဘာဖြစ်လို့ ကြီးကြီးကျယ်ကျယ် ပြောရတာလဲ'

သူမက...

'ဒီလိုပါ၊ သိမ်းငှက်အဖွဲ့ကို ဝတ်ရုံရှင်က ဒုက္ခမပေးအောင် ကျွန်မတို့က ကူညီနိုင်ပါတယ်'

'စိတ်ဝင်စားစရာပဲ၊ ပြောပါဦး၊ မင်းတို့က ဘယ်လို ကူညီနိုင်လို့လဲ'

'တံဆိပ်တော်ရှိရင် အသက်ရှင်ခွင့်ရမယ်တဲ့၊ ဒီစကားကို ဟောဒီက သိမ်းငှက်ခေါင်းဆောင်ကြီးက သိမယ်ထင်ပါတယ်'

ကျူလူမင်က ခေါင်းညိတ်၏။

'သိတယ်၊ ဝတ်ရုံရှင်နဲ့ တစ်ပြိုင်တည်း ပေါ်လာတာပဲ မဟုတ်လား'

မိန်းကလေးက ပြုံးပြီး....

'ဒါကြောင့် သိမ်းငှက်တဖွဲ့လုံး အသက်ရှင်ရေး အတွက် တံဆိပ်တော်ဟာ မရှိမဖြစ် လိုအပ်နေပါတယ်'

'တံဆိပ်တော်၊ ဘာတံဆိပ်တော်လဲ'

'အချုပ်အချယ်မဲ့ တံဆိပ်တော်ပါ'

ကျူလူမင်က....

'ကျုပ် တစ်ခါမှ မကြားဖူးဘူး'



သူမက....

'ဒီအချုပ်အချယ်မဲ့ တံဆိပ်တော်ဟာ အလွန်အစွမ်းထက်ပါတယ်၊ ဒီတံဆိပ်တော်ကို သိမ်းငှက်ဌာနချုပ်တံခါးဝ မြင်သာတဲ့နေရာမှာ ချိတ်ထားလိုက်ရင် ဘယ်လိုဘေးအန္တရာယ်မှ မကျရောက်နိုင်တော့ပါဘူး'

'ဝတ်ရုံရှင်ကကော'

'ဒီတံဆိပ်တော်ကို တွေ့ရင် သူလဲ အနှောင့်အယှက်ပေးမှာ မဟုတ်ပါဘူးရှင်'

ကျူလူမင်က....

'မင်းက ဘာကြောင့် ဒီလို သေချာပေါက် ပြောနိုင်ရတာလဲ'

သူမက....

'ကျွန်မက အချုပ်အချယ်မဲ့ တံဆိပ်တော် သခင်မလေး ဖြစ်နေလို့ပါပဲ'

ကျူလူမင်းက မိန်းကလေးအား စိုက်ကြည့်လိုက်လေသည်။

မိန်းကလေးက လှပစွာ ပြုံးလိုက်ပြီး—

'ကျွန်မက ဒီတံဆိပ်တော်ကို သိမ်းငှက်အဖွဲ့အတွက် ယူဆောင်လာခဲ့ပါတယ်'

ကျူးလူမင်းက—

'အဲဒီ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ကျုပ်တို့သိမ်းငှက် အဖွဲ့ကို အလကား ပေးမယ်လို့တော့ မမျှော်လင့်ပါဘူး....'

မိန် ကလေးက သဘောကျစွာ ရယ်မောလိုက်၏။

'ခစ် ခစ် ခစ်....မှန်တာပေါ့ရှင်၊ ဒီလောကတန်ဖိုးရှိတဲ့ တံဆိပ်တော်ကို အလကားရဖို့ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ၊ ကျွန်မတို့က ဒီတံဆိပ်တော်ကို ရောင်းချဖို့ ရောက်ရှိလာတာပါရှင်'

ကျူးလူမင်းက....

'ကဲ...ပြောပါဦး၊ အချုပ်အချယ်မဲ့ တံဆိပ်တော်ရဲ့ တန်ဖိုးက ဘယ်လောက်လဲ'

မိန်းကလေးက...

'အချုပ်အချယ်မဲ့ တံဆိပ်တော်ရဲ့ တန်ဖိုးက အတိအကျ သတ်မှတ်လို့တော့ မရဘူးရှင့်'

'တန်ဖိုးမသိဘဲ ဘယ်လိုရောင်းမှာလဲ'



'သိမ်းငှက် အဖွဲ့အတွက် ရောင်းချရမယ့် တန်ဖိုးကိုတော့ ကျွန်မ သိပါတယ်ရှင်'

ကဲ ပြောပါ'

မိန်းကလေးက သီးသန့်ခန်းအတွင်း တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ....

'သိမ်းငှက်အဖွဲ့အတွက် ဆိုရင်တော့ အင်း ယွမ်....တစ်သောင်းနှစ်ထောင်နဲ့ သိမ်းငှက် လက်သည်း သိုင်းကျမ်းနဲ့ အလဲအလှယ်ပြုရင် ရနိုင်လောက်ပါပြီ'

'ဘာ'

ကျူးလူမင်း၏ခန္ဓာကိုယ် တုန်ခါသွား၏။

ဝုန်းခနဲပင် ထရပ်လိုက်မိ၏။

သူသည် မိန်းကလေးအား စူးစူးရဲရဲနှင့် စိုက်ကြည့်လိုက်ပြီး....

'မိန်းကလေး မင်း တောင်းဆိုကာဟာ မလွန်လွန်းဘူးလား'

မိန်းကလေးက....

'သိမ်းငှက်အဖွဲ့မှာ အင်အား တစ်ရာလောက်ရှိတယ်၊ လူတစ်ရာရဲ့ အသက်တန်ဖိုးနဲ့ ယှဉ်ရင် ကျွန်မ....တောင်းဆိုတဲ့ ပမာဏဟာ နည်းတောင်နည်းပါသေးတယ်'

ကျူးလူမင်းက—

'မင်းဟာက ငွေညစ်တာပဲ'

'ကျွန်မ ရောင်းချမယ့် အချုပ်အချယ်မဲ့ တံဆိပ်တော် ဟာလဲ တကယ်ပဲ ရှင်တို့အသက်ကို ကယ်တင်နိုင်ပါတယ်'

ကျူးလူမင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ကျုပ်နားလည်ပြီ၊ ကောင်းကောင်းနားလည်ပါပြီ'

'ဘာကို နားလည်တာလဲရှင့်'

'ဝတ်ရုံရှင်ရဲ့ ရည်ရွယ်ချက်ကို နားလည်သွားတာပါ'

မိန်းကလေးက မျက်မှောင်ကုတ်သွားလေသည်။

ကျူးလူမင်းက ...

'ဝတ်ရုံရှင်ဟာ သူ့ရဲ့ သိုင်းပညာစွမ်းကို ပြသပြီး သိုင်း အဖွဲ့တွေကို ချိမ်းခြောက်တယ်၊ ပြီးတော့ တစ်တက်လှည့် တံဆိပ်တော်ကို ရောင်းတယ်၊ ဒါဟာ လှပတဲ့ လှည့်ကွက် လေးတစ်ခုပဲ၊ အင်း...လက်စသတ်တော့ ဝတ်ရုံရှင်ဟာ ဓား ပြတစ်ယောက် ဖြစ်နေတာကိုး'

မိန်းကလေးက ရယ်မောလိုက်၏။



'ရှင်က ဉာဏ်အတော်ကောင်းသားပဲ၊ ကျွန်မ တစ်ခုတဲ သိချင်တယ်၊ ရှင်တံဆိပ်တော်ကို ဝယ်မလား၊ မဝယ်ဘူး လား ဆိုတာသာ ပြောပါ'

ကျူးလူမင်းက—

'မဝယ်ရင်ကော'

မိန်းကလေးက မဆိုင်းမတွပင် အဖြေပေးလိုက်၏။

'မဝယ်ရင် သိမ်ငှက်အဖွဲ့ဟာလဲ ဝံပုလွေတောင်ကုန်းနဲ့ တစ်ခေါင်း စခန်းတို့လို လိုက်ရမှာဘဲ'

ကျူးလူမင်းက မဲ့ပြုံးပြုံးလိုက်၏။

'မင်းတို့ဟာ အလွန်ဟုတ်မှာ ကောက်ကျစ်တာဘဲ'

မိန်းကလေးက....

'လောကမှာ အင်အားကြီးတဲ့လူဟာ အနိုင်ရမှာဘဲ၊ ဒါ ကောက်ကျစ်ယုတ်မာတယ်လို့ မဆိုနိုင်ပါဘူးလေ'

ကျူးလူမင်းက မိန်းကလေးကို ကြည့်လိုက်၏။

မိန်းကလေးက....

'ဘာလဲ...ရှင်က ကျွန်မတို့ကို ဖမ်းပြီး အလဲအလှယ်လုပ်ဖို့ း စိတ်ကူးနေသလား'

ကျူးလူမင်း ရင်ထိတ်သွား၏။

သူ့စိတ်ထဲမှ အတွေးကို မိန်းကလေးက ကြိုတင်သိနေသည် မဟုတ်ပါလား။

မိန်းကလေး ဆက်ပြောလိုက်၏။

'ကျွန်မတို့က ကြိုတင်ပြင်ဆင်ပြီး လာခဲ့တာပါ။ ဒါကြောင့် ရှင် အဲဒီလို စိတ်ကူးရင် မှားသွား လိမ့်မယ်'

ကျူလူမင်က...

'မိန်းကလေးတို့က အကွက်စေ့ပါပေတယ်'

'ဒါတွေ ထားလိုက်ပါတော့ရှင်၊ တံဆိပ်တော်ကို ဝယ်မယ် မဝယ်ဘူး ဆိုတာသာ ပြောပါ'

ကျူလူမင် စဉ်းစားလိုက်၏။

မိန်းကလေးက....

'အဖွဲ့တွေရဲ့ အသက်ကို ထည့်သွင်းစဉ်းစားဖို့တော့ လိုမယ်'

ကျူလူမင် အံကြိတ်လိုက်၏။

သူ၏ ရင်ထဲ၌ အလွန်ပင် ခံပြင်းနေမိသည်။

ယခုကိစ္စသည် အကျပ်ကိုင် ငွေညှစ်ခြင်းသာ မဟုတ်ပါလား။

ဝတ်စုံရှင်သည် သူ၏ မြင့်မားသော သိုင်းပညာဖြင့် အနိုင်ကျင့်ခြင်းသာဖြစ်သည် မဟုတ်ပါလား။



မိန်းကလေးသည် ကျူလူမင်၏ စကားပြန်ကို စောင့်ဆိုင်းနေ၏။

ကျူလူမင် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

မိန်းကလေးက သဘောကျစွာ ပြုံးလိုက်ပြီး....

'ရှင်ဝယ်တော့မယ် မဟုတ်လား'

ကျူလူမင်၏ မျက်နှာသည် ဆယ်နှစ်စာမက အိုမင်းနေသည်။

အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ဝယ်ယူမည် ဆိုလျှင် သူတစ်ပါးအား ဒူးထောက်အရှုံးပေးခြင်းသာဖြစ်သည်။

တစ်ဖန် သူ၏ သိုင်းပညာကျမ်း အပါအဝင် ငွေကြေးအမြောက်အမြားကိုပါ ပေးရဦးမည်။

သူ၏မျက်နှာကို သူ့ဓားနှင့်သာ လှီးပစ်ချင်၏။

သို့သော် သူတစ်ယောက်တည်းအတွက် မဟုတ်ပါ။

သူ၏ ငယ်သား တစ်ရာခန့်၏ အသက်ရှင်သန်ရေးသည် သူ၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်နေပေသည်။

သူ၏ မာနများ သိက္ခာများကို ငဲ့ကွက်နေ၍ မဖြစ်တော့ပါ။

ကျူလှမင် သက်ပြင်းချလိုက်လေသည်။

'မင်းတို့ တောင်းဆိုတဲ့ ကြေးဟာ ကျုပ် ပိုင်ဆိုင်သမျှ စည်းစိမ်အကုန်နီးပါးပဲ၊ ဒါကြောင့် လျှော့ပါဦးလို့ တောင်းပန်ပါရစေ'

သူက ဈေးဆစ်လိုက်၏။

မိန်းကလေးက....

'ကျွန်မက ရှင်ပေးနိုင်တဲ့ အနေအထားပေါ် ကြည့်ပြီး တောင်းဆိုလိုက်တာပါ'

'ကျုပ်အနေနဲ့ ပေးချင်ပါတယ်၊ ဒါပေမယ့် မတတ်နိုင်လွန်းလို့သာ တောင်းပန်တာပါ'

မိန်းကလေးက တစ်ချက် စဉ်းစားဟန်ပြုလိုက်၏။

ခဏကြာတော့မှ—

'ကောင်းပြီလေ—ငွေသား ယွမ် ရှစ်ထောင်နဲ့ သိမ်းငှက် လက်သည်းကျမ်းပဲ ပေးပါ ဟုတ်လား'

ကျူလှမင် ခေါင်းညိတ်လိုက်၏။

သူ ယခုလို သဘောတူလိုက်ရသည့်အတွက်ကြောင့် သူ့အတွက် လွန်စွာမှပင် အရှက်ရခဲ့ချေပြီ။

သူ၏ ရင်ထဲ၌ အလွန်ပင် နာကျင်ကြေကွဲနေမိလေသည်။ သို့သော် သူ ဘာကိုများ တတ်နိုင်မည်နည်း။



သူ၏ ငယ်သားများ အသက်ထက် သူ ဘာကိုမျှ အလေးအနက် မထားနိုင်ပါချေ။

မိန်းကလေးမှာမူ ကျူလှမင် သဘောတူလိုက်သည့်အတွက်ကြောင့် သဘောကျသွားဟန်ဖြင့် အသံလွင်လွင်ကလေးနှင့် ရယ်မောလိုက်၏။

သူမအဖို့ တတိယအကြိမ် မြောက်သောအခါမှပင် အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ရောင်းချနိုင်ခဲ့သည် မဟုတ်ပါလော။

မိန်းကလေးနှင့် အဘွားအိုသည် သိမ်းငှက် ဌာနချုပ်မှ ထွက်ခွာလာခဲ့၏။

ခဏအကြာတွင် လမ်းမအတိုင်း မြင်းလှည်း တစ်စီးက မောင်းနှင် လာ၏။

ထိုမြင်းလှည်းသည် မိန်းကလေးနှင့် အဘွားအိုတို့ အနီးသို့ ရောက်သောအခါ အရှိန်လျော့သွား၏။

အဘွားအိုနှင့် မိန်းကလေးတို့သည် မြင်းလှည်းပေါ်သို့ ပေါ့ပါးစွာပင် ခုန်တက်လိုက်ကြလေသည်။

အဘွားအိုနှင့် မိန်းကလေးတို့ မြင်းလှည်းပေါ် ရောက်သည်နှင့် မြင်းလှည်းက အရှိန်မြှင့်ကာ ဆက်လက်မောင်းနှင် သွားလေသည်။

မိန်းကလေးနှင့် အဘွားအိုတို့သည် မြင်းလှည်းအိမ်၏ ညာဘက်ခုံတွင် ဝင်ထိုင်လိုက်ကြ၏။

'ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား'

ဘယ်ဘက်ခုံမှ စကားသံထွက်ပေါ်လာ၏။

မြင်းလှည်းအိမ်အတွင်းရှိ ဘယ်ဘက်ခုံတွင် လူတစ်ယောက် ထိုင်နေ၏။

ထိုလူကား တောင်ပိုင်းသိုင်းလောကတစ်ခုလုံးအား ခြိမ်း ခြောက်နေသော ဝတ်ရုံရှင်ပင် ဖြစ်ပါသည်။

မိန်းကလေးက ရယ်မောလိုက်ပြီး—

'ပြေပါတယ်၊ ဖေဖေက ဝံပုလွေတောင်ကုန်းနဲ့ သစ်ခေါင် စခန်းကို နမူနာပြပြီးပြီပဲ၊ သိမ်းငှက်ခေါင်းဆောင် ကူး ခင်လဲ ဘယ်အံ့တုရဲတော့မှာလဲ'



အဘွားအိုက—

'ဒီအတိုင်းဆိုရင် ကျန်တဲ့အဖွဲ့တွေလဲ လွန်ဆန်ဝံ့မယ် မထင်ဘူး၊ ကျွန်မတို့ တောင်းသမျှပေးကြမှာ သေချာပါ တယ်'

ဝတ်ရုံရှင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

အဘွားအိုက—

'တောင်ပိုင်းသိုင်းလောကတစ်ခုလုံး ကျွန်မတို့လက်အောက် ကို ရောက်လာမှာပါ၊ သခင်ကြီးရဲ့ ရည်ရွယ်ချက်အောင်မြင် ပါပြီ'

ဝတ်ရုံရှင် ခေါင်းခါယမ်းသည်။

'ကျုပ် ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုတာ ခုထက်ထိ လမ်း မတွေ့ရသေးပါဘူး၊ အင်း .. တစ်နေ့တော့ ကျုပ် ရည်ရွယ် ချက်အားလုံး ပြည့်ရမှာပါ'

မိန်းကလေးက....

'ဖေဖေ—အခု သမီးတို့ ဘယ်ကိုသွားရမလဲ'

ဝတ်ရုံရှင်က တစ်ချက်စဉ်းစားသည်။

အတန်ကြာမှ—

'ဒီလမ်းအတိုင်းဆိုရင် ရိရှင် အဖွဲ့ကိုရောက်တယ်၊ ဆက် သွားရင် ရွှေကျားအဖွဲ့ကို ရောက်မယ်'

'ဖွဲ့ဒီနှစ်ခနရာစလုံးသွားလိုက်မယ်ခေ'

'ကောင်းတယ်၊ ခပ်သွက်သွက်လုပ်ရှားအာ ကော
တယ်၊ ကဲ...သွားကြပေတော့၊ ဖေဖေ မလိုက်တော့ဘူး

ဝတ်ရုံရှင်က ပြောပြောဆိုဆိုနှင့် မြင်းလှည်းတံ
တွန်းဖွင့်ကာ အောက်သို့ ခုန်ဆင်းသွားလေတော့သည်။

အလွန်ပင် အရှိန်ပြင်းစွာ မောင်းနှင်နေသော မြင်းလှ
ပေါ်မှ ဝတ်ရုံရှင် ခုန်ဆင်းသွားသည်မှာ လှပနေ
မြေပြင်ဝယ် ညင်သာစွာပင် ကျရောက်သွား၏။

မြင်းလှည်းအား တစ်ခဏအတွင်း ဝတ်ရုံရှင်အာ
ထား ရစ်ခဲ့လေတော့သည်။

* * *

မိန်းကလေးနှင့် အဘွားအိုတို့သည် ရိုရှင်အဖွဲ့သို့
လာကြ၏။

ရိုရှင်အဖွဲ့အဝင် တံခါးဝတွင် ခေါ်းသမားနှစ်ဦးက
ကြပ်နေ၏။



မိန်းကလေးက ဦးညွှတ်လိုက်ပြီး-

'ရှင်တို့ခေါင်းဆောင်နဲ့ တွေ့ချင်လို့၊ ကျေးဇူးပြုပြီး
ကြောင်းကြားပေးပါရှင်'

ဟု ယဉ်ကျေးချိုသာစွာ လေသံဖြင့်ခွင့်တောင်းလိုက်၏။

အစောင့်က ခေါင်းခါယမ်းလိုက်ပြီး-

'ခေါင်းဆောင်ကြီးက ဘယ်သူနဲ့မှ မတွေ့နိုင်ပါဘူး'

'ကျွန်မတို့နဲ့တော့ မတွေ့လို့မဖြစ်ဘူး'

'ခင်ဗျားတို့နဲ့မှ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ မတွေ့ဘူးလို
မိန့်ပေးထားပါတယ်'

'ကျွန်မတို့က ရိုရှင်အဖွဲ့အပေါ်ကျရောက်နေတဲ့ အန္တရာယ်
ကာကွယ်နိုင်မည့် နည်းလမ်းကို စောင့်ကြပ်ဖို့ ရောက်
တာပါ၊ ကျွန်မတို့နဲ့ မတွေ့ရင် ရိုရှင်အဖွဲ့အတွက် အလွန်
ခင်တရစချဖြစ်သွားလိမ့်မယ်'

အစောင့်က ခေါင်းခါယမ်းလိုက်၏။

'ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့ လာလမ်းအတိုင်းသာ
ပြန်ကြပါ ခင်ဗျာ'

မိန်းကလေးက မျက်မှောင်ကုပ်သွားပြီး—

'ရှင်တို့ခေါင်းဆောင်ကိုသာ သွားပြီး အကြောင်းကြား
လိုက်ပါ'

'အမိန့်ကထုတ်ပြီးသားပဲ၊ ဘာကိစ္စပဲဖြစ်ဖြစ် အကြောင်း
ကြားမပေးနိုင်တာကို ခွင့်လွှတ်ပါ'

'ခက်ပါလား၊ ကျွန်မတို့လာတာ ရှင်တို့ ရိရှင်တစ်ပွဲ
ကို ကယ်တင်ဖို့ပဲရှင့်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့ သွားနိုင်
ပါပြီ'

အစောင့်နှစ်ဦးက ခေါင်းမာစွာပင် တားလိုက်ကြ၏။

ထိုအစောင့်နှစ်ဦးသည် ခေါင်းဆောင်၏ စကားတစ်ခွန်း
ကိုသာ မြေဝယ်မကျ နားထောင်မည့်သူများဖြစ်ကြောင်း
မိန်းကလေးက သဘောပေါက်လိုက်လေသည်။

သူမက အဘွားအိုဘက် လှည့်ပြီး....

'ကျွန်မတို့တော့ အထဲကို အတင်းဝင်မှ ရမယ့်ပုံပဲ'

ဟု ပြောလိုက်၏။

အစောင့်က ကြားသွားပြီး ...

'ခင်ဗျားတို့ ဒုက္ခမရှာချင်ပါနဲ့၊ ဘယ်သူ့ကိုမှ၊ ယော
အခန်းထဲ ခြေတစ်လှမ်းတောင် ပေးမဝင်နိုင်ပါဘူး'



'တကယ်လို့ ဝင်တယ်ဆိုရင်ကော'
အစောင့်က သက်ပြင်းချပြီး—
'ကျုပ်တို့ မလွှဲမရှောင်သာ တိုက်ခိုက်ရပါလိမ့်မယ်'

အစောင့်စကားဆုံးသည်နှင့် မိန်းကလေးက သဘောကျ
စွာ ရယ်မောလိုက်သည်။

ထို့နောက် အစောင့်များထံ တိုးဝင်သွား၏။
အစောင့်နှစ်ဦးက—
'မိန်းကလေး ကိုယ့်ဒုက္ခ ကိုယ်မရှာချင်နဲ့'

သူတို့သည် အော်ငေါက်ပြီး ဓားကိုဝှေ့ယမ်းကာ တိုက်
ခိုက်ကြသည်။

မိန်းကလေးက အစောင့်နှစ်ဦး၏ ဓားချက်ကို မမြင်သည့်
အလား ဆက်၍တိုးဝင်သွား၏။

အစောင့်နှစ်ဦး၏ ဓားချက်က မိန်းကလေး၏ ခန္ဓာကိုယ်
ပေါ်သို့ ကျရောက်လာ၏။

ထိုစဉ် အဘွားအိုက ရုတ်ခြည်းရောက်ရှိလာကာ လက်
တစ်ဘက် ဝှေ့ယမ်းလိုက်၏။

'ဟင်'

'ဟာ'

အစောင့်နှစ်ဦး၏ ခွေးများသည် အဘွားအိုသက်ထဲသို့ ရောက်သွား၏။

အစောင့်နှစ်ဦးမှာ သူတို့သက်ထဲမှခွေးကို အဘွားအိုမည်သို့ လုယူသွားကြောင်း မသိကြပါချေ။

အဘွားအိုက ခွေးကို အသယ်မှကိုင်ကာ ဆတ်ခနဲ လက်လွှပ်လိုက်သည်။

'ချွမ်း'

အစောင့်နှစ်ဦး၏ခွေးက ထက်ပိုင်းကျိုးသွား၏။

အဘွားအိုက ခွေးကျိုးများကို မြေပေါ် ပစ်ချ၏။

ထို့နောက် အစောင့်နှစ်ဦး၏ မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူရော်သွား၏။

သူတို့သည် နောက်ကို အလိုလိုဆုတ်သွား၏။

အဘွားအိုက...

'ကဲ... မင်းတို့သခင် ရှရိဂ်ကို ငါတို့ရောက်လာတဲ့အကြောင်းသွား ပြောလိုက်ပါ'

ဟု တစ်လုံး ချင်း ပြောလိုက်သည်။



အစောင့်နှစ်ယောက် အထွန့်မတက်ရဲတော့ပါ။ အထဲသို့ အလျင်အမြန် ပြေးဝင်သွားကြသည်။

မိန်းကလေးနှင့် အဘွားအိုတို့သည် ရိရှင်အဖွဲ့မှ ပြန်လည်ထွက်ခွာလာ၏။

အဘွားအိုသည် အထုပ်တစ်ထုပ်ကို ထမ်းကာ ပြန်ထွက်လာခြင်း ဖြစ်၏။

သူတို့နှစ်ယောက်၏ မျက်နှာက ပြုံးရွှင်နေကြ၏။

မြင်းလှည်းမောင်းသမား အဘိုးအိုသည် သူတို့ အဆင်ပြေလာကြောင်း သိလိုက်၏။

ထို့ကြောင့် မိန်းကလေးနှင့်အဘွားအိုတို့ မြင်းလှည်းပေါ် ရောက်သည်နှင့် မြင်းလှည်းကို မောင်းထွက်၏။

သူ၏ ဦးတည်ရာကား ရွှေကျားသိုင်းအဖွဲ့သို့ပင် ဖြစ်ပါတော့သည်။

* *

နေ့ရက်ခုနစ်ရက်ခန့်အကြာ—။

မြင်းလှည်းတစ်စီးသည် မြို့ကလေးတစ်မြို့၏ မင်းလမ်းမအတိုင်း ညင်သာစွာ မောင်းနှင်ဝင်လာသည်။

မြင်းလှည်းသည် မင်းလမ်းမအတိုင်း မောင်းနှင်လာရာမှ ညာဘက် လမ်းချိုးကလေးကို ချိုးကွေ့လိုက်၏။

လမ်းကြားကလေးမှာ တိုတောင်း၏။

ထိုလမ်းကြားအဆုံးတွင် အတော်သပ်ရပ်သော အိမ်လေးတစ်လုံး ရှိ၏။

မြင်းလှည်းက ထိုအိမ်လေး၏ရှေ့တွင် ရပ်တံ့သွား၏။

မြင်းလှည်း ရပ်သွားတော့မှ မြင်းလှည်းတံခါးပွင့်သွားပြီး မိန်းမပျိုတစ်ယောက် ဆင်းလာသည်။



သူမနောက်မှ အကျည်းတန်အဘွားအိုက ဆင်းလာ၏။

အဘွားအိုသည် အဝတ်အိတ်ကြီးတစ်လုံး ထမ်း၍ ဆင်းလာခြင်း ဖြစ်သည်။

မိန်းကလေးနှင့် အဘွားအိုတို့သည် အိမ်ကလေးထဲကို ဝင်လာခဲ့ကြ၏။

ထို့နောက် ဧည့်ခန်းထဲရှိ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

'သမီး ပြန်ရောက်လာပြီလား'

အသံနှင့်အတူ ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက် အခန်းထဲမှ ထွက်လာသည်။

ထိုလူကြီးကား သိုင်းလောကကို ခြိမ်းခြောက်ခဲ့သော ဝတ်ရုံရှင်ပင် ဖြစ်၏။

ယခု ဝတ်ရုံရှင်သည် သာမန်လူတစ်ယောက်ကဲ့သို့သာ ဝတ်ဆင်ထားသည်။

မိန်းကလေးက—

'ဟုတ်ကဲ့ ဖေဖေ၊ အခုပဲ ပြန်ရောက်ပါတယ်၊ သမီးက ဖေဖေ ပြန်မရောက်သေးဘူး မှတ်လို့'

ဝတ်ရုံရှင်က ပြုံး၍....

'ဖေဖေ ဆောင်ရွက်ဖို့ကိစ္စ မရှိသေးဘူးလေ၊ ဒါထက် သမီးတို့ နောက်ကျတယ်'

မိန်းကလေးက....

'ရှိရှင်နဲ့ ရွှေကျားသိုင်းအဖွဲ့အပြင် တစ်လက်စထဲ ပျားဒေဝီ ချင်ချင်းထံပါ ဝင်လာခဲ့လို့ပါ'

'ဘယ်လို...'

မိန်းကလေးက ရယ်ပြီး...

'ခစ် ခစ် ခစ်...သူတို့ဟာ ဖေဖေ့ရဲ့သိုင်းပညာကို ရင်ဆိုင်ဖို့ ကြောက်ရွံ့နေကြတယ်လေ၊ ဒီတော့လဲ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ရောင်းချဖို့ အသွန်အဆင်ပြေတာပေါ့၊ ဘွားဘွား လျှံ ရလာတာတွေ ဖေဖေ့ကို ပြလိုက်ပါဦး'

သူမက ဖခင်ကိုပြောရင်း အဘွားအိုကိုပါ တစ်ဆက်တည်း ခိုင်းလိုက်၏။

အဘွားအိုက သူ၏လက်ထဲမှ 'အဝတ်အိတ်ကိုဖွင့်ကာ စားပွဲပေါ်သို့ သွန်ချလိုက်၏။

ငွေအခြောက်အများ ထွက်ကျလာ၏။

ဘွားဘွားလျှံက...

'ငွေတွေ မနည်းဘူး သခင်ကြီး'



ဝတ်ရုံရှင်က ငွေများကို တစ်ချက်သာ ကြည့်၏။

ငွေကို စိတ်ဝင်စားဟန် မရှိပါ။

မိန်းကလေးက....

'ငွေအပြင် သိမ်းငှက်လက်သည်း သိုင်းကျမ်း၊ ရိမ္မင်အဖွဲ့က ညာပုလဲနဲ့ ပျားဒေဝီ ချိပ်မျဉ်းရဲ့ လက်နက်ပုန်းသိုင်း ကျင့်စဉ်ကိုပါ တောင်းယူလာခဲ့ပါတယ် ဖေဖေ'

ဟု ဖြည့်စွက် ပြောလိုက်၏။

ဝတ်ရုံရှင်က ခေါင်းညိတ်၍....

'ငါ့သမီးက စိတ်ချရသားပဲ'

မိန်းကလေးက ဝင့်ကြွားစွာ ပြုံးပြီး....

'ဖေဖေ့ကို သူတို့က အလွန်ကြောက်နေကြတော့ သူတို့ကို အလွယ်တကူ အကြပ်ကိုင်လို့ရတာပေါ့၊ အခုဆိုရင် သိုင်းအဖွဲ့ ငါးဖွဲ့ပဲ ကျန်တော့တယ်'

ဝတ်ရုံရှင်က....

'ကောင်းတယ်၊ ကျန်တဲ့အဖွဲ့တွေကိုလဲ မြန်မြန်ပဲ ရှင်းပစ်တာ ကောင်းတယ်'

'တုတ်ကဲ့ ဖေဖေ၊ ဒီနေ့ တစ်ရက် နားပြီးဟာနဲ့ ဖူခန့် ကျေးရွာကိုသွားဖို့ သမီး စိတ်ကူးထားပါတယ်'

ဝတ်ရုံရှင်က တစ်ချက်စဉ်းစားပြီးမှ....

'ကောင်းတယ်၊ ဖူခန်းကျေးရွာနဲ့ ဓားရဲတိုက်ကို ရှင်းပစ်ရင် တောင်ပိုင်းသိုင်းလောကတစ်ခုလုံး ပြိုကွဲသွားပြီလို့ပဲ ဆိုနိုင်တယ်'

'စိတ်ချ ဖေဖေ၊ နောက် လေးငါးရက်အတွင်း ဒီအဖွဲ့နှစ်ဖွဲ့စလုံး ဖေဖေ့လက်အောက် ရောက်လာမှာပါ'

ဝတ်ရုံရှင်က....

'သူတို့ကို လျော့တော့မတွက်နဲ့'

မိန်းကလေးက ဝင့်ကြွားစွာပြုံးယိုက်ပြီး....

'သုတ် ဘာအစွမ်းရှိလို့လဲ၊ သမီးနဲ့အတူ ဘွားဘွားလျံလဲ ပါနေတာပဲ၊ ဘာမှ ဂရုစိုက်စရာမလိုပါဘူး'

ဝတ်ရုံရှင်က အဘွားအိုဘက်လှည့်လိုက်ပြီး—

'ခင်ဗျားက သမီးကိုဂရုစိုက်ပါ'

ဟု သတိပေးလိုက်၏။

ဘွားဘွားလျံက—

'စိတ်ချပါ [illegible]သခင်ကြီး၊ သခင်မလေးကို ကျွန်မရှိနေသမျှ ဘယ်သူမှ လက်ဖျားနဲ့ တို့ထိခွင့် မရစေရပါဘူး'



ဟု ရဲရဲဝံ့ဝံ့ ကတိပေးလိုက်လေသည်။

ဝတ်ရုံရှင်က ကျေနပ်စွာ ပြုံးလိုက်ပြီး....

'ကောင်းပြီ၊ ကဲ—သမီးတို့ နားလိုက်ပါဦး'

* *

ဖူခန်းကျေးရွာ—

ဖူခန်းကျေးရွာဟု အမည်တွင်သော်လည်း စင်စစ် ကျေးရွာတစ်ခုတော့ မဟုတ်ပါချေ။

ဖူမိသားစုများသာနေထိုင်သော ရွာငယ်ကလေးသာ ဖြစ်သည်။

ဖူမိသားစုသည် သိုင်းလောကနှင့် အသွားအလာ အဆက်အဆံ နည်းပါးပြီး သီးသန့်ဆန်လှပေသည်။

ဖူမိသားစု၏ အရှင်သခင်မှ ဖူချန်စိန်ပင်ဖြစ်သည်။

ဖူခန်းကျေးရွာကလေးသည် သစ်လုံးစည်းရိုးနှင့် ကာရံထားပြီး သပ်သပ်ယပ်ယပ်ရှိလှပေသည်။

သစ်လုံးစည်းရိုးတွင် ကြီးမားသော သစ်သားတံခါး တစ်ခု တပ်ဆင်ထား၏။

ထိုတံခါး၌ အနီရောင်အကွက်များ နေရာအနှံ့အပြား၌ စွန်းထင်းနေပေသည်။

ထိုအနီရောင်အကွက်များက သွေးကွက်များ ဖြစ်ပါ သည်။

နေရောင်ခြည်သည် သစ်လုံးစည်းရိုးကို ကျော်လွှားကာ ကျရောက်နေပေသည်။

နေမရောင်ခြည်အောက်ဝယ် ရွာစည်းရိုးအတိုင်း လူတစ်စု လျှောက်နေကြသည်။

သူတို့သည် ရွာစည်းရိုးတစ်လျှောက် လှည့်ပတ်စစ်ဆေး နေကြခြင်းဖြစ်သည်။

ထိုလူစုသည် ဖူဝင်နှင့် ချိုညီနောင်ငါးဖော်တို့ပင် ဖြစ် ပါ၏။

ဖူဝင်သည် အသက် ၂၇ ခန့်သာရှိသော လူရွယ် တစ် ယောက်ဖြစ်သည်။

သူသည် ပိတ်အင်္ကျီကိုသာ ဝတ်ဆင်ထားသည်။

သူသည် ရုပ်ရည်မချောသော်လည်း ယောကျ်ားပီသသော ဥပဓိရုပ်ရှိလှပေသည်။

မာန်မာနကင်းသော မျက်နှာထားလည်းရှိ၏။

ဖူဝင်တို့သည် စည်းရိုးအတိုင်း လျှောက်လာရာမှ ရွာ တံခါးသို့ ရောက်သောအခါ ရပ်တန့်လိုက်သည်။

ထို့နောက် ချိုညီနောင်ကိုကြည့်၍....



‘နောင်ကြီးတို့ရောက်လာတာ ကျွန်တော်ဖြင့် အလွန် ဝမ်းသာတာပဲ’

ဟု စတင်ပြောလိုက်၏။

ချိုယိက....

‘ညီလေးဖူမှာလိုက်မှတော့ ကျုပ်တို့က လာရမှာပေါ့’

ချိုခန်းက—

‘ကျုပ်တို့က ညီလေးဖူကိုစောင့်နေသေးတာ၊ မလာနိုင် တာနဲ့ ထွက်လာကြတာပါ’

ဖူဝင်က....

‘ကျွန်တော်လာဖို့ပဲ၊ ဒါပေမယ့်....’

‘ကျုပ်သိပါတယ်၊ အခုအချိန်က အလွန်အရေးကြီးတဲ့ အချိန်ပဲ’

‘ဒီထိအချိန်မျိုးမှာ ရောက်လာတဲ့အတွက် နောင်ကြီး တို့ကို ဘယ်လိုကျေးဇူးတင်ကြောင်း ပြောရမှန်းတောင် မသိ ပါဘူး’

ချိုဝူးက လက်ကာပြလိုက်ပြီး....

‘မလိုပါဘူးဗျာ၊ ကျုပ်တို့အပေါ်မှာ ခင်ဗျားရဲ့ ကျေးဇူး တွေ ရှိနေတာပဲ၊ အခုကျေးဇူးပြန်ဆပ်ခွင့်ရတာကိုပဲ ကျုပ် တို့ညီအစ်ကိုတွေက ဝမ်းသာနေပါပြီ’

ဖူဝင်က အားတုံ့အားနာနှင့် ပြော၏။

'ကျုပ် ကူညီတဲ့ ကျေးဇူးဆိုတာက မဖြစ်စလောက်လေးပါ၊ အခုကိစ္စက....

ချီရိက—

'ထားလိုက်စမ်းပါ၊ ကျုပ်တို့က သေရမှာ ကြောက်တဲ့လူတွေ မဟုတ်ပါဘူး၊ ဝက်ရှိုးရှင်က တောင်ပိုင်းသိုင်းလောကကို အခုလို လာသောင်းကျန်းနေတာ ကျုပ်တို့လဲ ခံပြင်းနေကြတာပါ'

ဖူဝင်က...

'ကျေးဇူးပါပဲဗျာ'

ချီရိက—

'ဝက်ရှိုးရှင်ရဲ့ သိုင်းပညာယာ အလွန်မြင့်မားတယ်တဲ့၊ ဒါကြောင့် ကျုပ် အကြံတစ်ခုပေးချင်တယ်'

'ဟုတ်ကဲ့၊ ပြောပါ'

'ဝက်ရှိုးရှင်ရောက်လာရင် တစ်ဦးနဲ့ တိုက်ခိုက်မယ့်အစား အားလုံး စုပေါင်းတိုက်ခိုက်သင့်တယ်၊ အများနဲ့တစ်ယောက် ဆိုရင် သူဟာ ဘယ်လောက်ပဲ သိုင်းပညာအဆင့်မြင့်မြင့်ခံနိုင်မှာ မဟုတ်ပါဘူး'

ခဏကြာမှ သက်ပြင်းချလိုက်ပြီး—



'အများနဲ့ စိုင်းတိုက်ခိုက်ရင် သိုင်းလောကစည်းကမ်းနဲ့ ဘယ်ညီတော့မှာလဲ'

ချီဝူးက မဲ့လိုက်ပြီး....

'လူဆိုးလူညစ်တစ်ယောက်ကို တိုက်ခိုက်တဲ့ နေရာမှာ သိုင်းလောကရဲ့ စည်းမျဉ်းစည်းကမ်းတွေကို အရေးထားဖို့ လိုမယ်မထင်ပါဘူး'

ချီစန်းက...

'ဟုတ်တယ်၊ သူကတော့ ဘာစည်းကမ်းများ စောင့်ထိန်းသလဲ၊ သူ့ထက် သိုင်းပညာအလွန်နိမ့်ကျတဲ့ သာမန်အဖွဲ့သားတွေကိုတောင်မှ တစ်ယောက်မှ ချမ်းသာမပေးပဲ ရက်ရက်စက်စက် သတ်ဖြတ်တယ်'

ချီရိက....

'ဒီလို ထင်တိုင်းသောင်းကျန်းနေတာကို လက်ပိုက်ကြည့်ရင် ကျုပ်တို့ တောင်ပိုင်းသိုင်းလောကအဖို့ ဒုက္ခပိုရောက်မှာ'

ချီဝူးကလည်း ဝင်ပြောသည်။

'ဟုတ်တယ်၊ တကယ်ဆိုရင် သူ့ရဲ့ ခြိမ်းခြောက်မှုခံနေရတဲ့ သိုင်းအဖွဲ့တွေအားလုံးစုပေါင်းသင့်တယ်၊ တစ်ကွဲတပြားခုခံဖို့ ကြံစည်ရင် သူ့လက်ချက်မိမှာပဲ၊ အားလုံး စုပေါင်းပြီး ဝက်ရှိုးရှင်ကို ရှာဖွေသုတ်သင်ရမှာ'

ချိုရိတ....

'သိပ်မှန်တာပေါ့၊ တောင်ပိုင်းသိုင်းလောကရဲ့ အကျော်အမော်တွေအားလုံးစုစည်းပြီး ဝတ်ရုံရှင်ကို တိုက်ခိုက်ရင် ဝတ်ရုံရှင် ဘာခံနိုင်မှာလဲ'

ဟုပြောလိုက်၏။

ချိုညီနောင်ငါးဖော်၏ တစ်ယောက်တစ်ခွန်းပြောစကားများကို ကြားရသောအခါ ဖူဝင် ဝေတွေသွား၏။

ချိုညီနောင်တို့၏ စကားမှာ မှန်ကန်လှ၏။

အများနှင့် ဝိုင်းဝန်းတိုက်ခိုက်ခြင်းသည် ထကယ်တော့ ကောင်းလှသည် မဟုတ်ပါ။

သို့သော် ဝတ်ရုံရှင်ကဲ့သို့ သိုင်းပညာအဆင့်မြင့်သူတစ်ယောက်အား တစ်ဦးချင်းရင်ဆိုင်ရန် မလွယ်ပါ။

ချိုညီနောင် အကြံပေးသလို တောင်ပိုင်းသိုင်းလောက၏ အကျော်အမော်များအားလုံး စုစည်းကာ တိုက်ခိုက်သင့်၏၊

သို့မှသာ ဝတ်ရုံရှင်ကို အနိုင်ရပေမည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်က ရွှေကြေးဂိုဏ်းချုပ်သည် သိုင်းလောကအစိုး ချုပ်ကိုင်ရန် ကြံစည်ကြိုးစားခဲ့၏။

သူသည် သိုင်းလောကတစ်ခုလုံး သူ့လက်အောက်အတွင်း ရောက်ရှိစေရန် ရက်စက် ကြမ်းကြမ်းရမ်းရမ်း ပြုလုပ်သိမ်းသွင်း၏။



ရွှေကြေးဂိုဏ်းချုပ်၏ မြင့်မားသော သိုင်းပညာစွမ်းကြောင့် သိုင်းလောကရှိ သိုင်းလောကရှိ အဖွဲ့အစည်းများ ကံဆိုးမိုးမှောင်ကျခဲ့ရ၏။

ရွှေကြေးဂိုဏ်းချုပ်၏ သိုင်းပညာသည် သိုင်းလောက၏ ဦးစီးဦးဆောင်ဖြစ်သော ရှောင်လင်၊ ဝူတန်၊ ခွန်လွန်နှင့် ငိုမိဂိုဏ်းချုပ်တို့ထက်ပင် မြင့်မားခဲ့ပေသည်၊ နောက်ဆုံးတွင် ရွှေကြေးဂိုဏ်းချုပ်၏ လုပ်ရပ်များကို လက်ပိုက် ကြည့်နေ၍ မရတော့ပါ၊ ရှောင်လင်၊ ဝူတန်၊ ခွန်လွန်၊ ငိုမိဂိုဏ်းချုပ် အပါအဝင် ဖြစ်သည့် အဖြူရောင်သိုင်းလောက အကျော်အမော်များ စုပေါင်းကာ ရွှေကြေးဂိုဏ်းချုပ်ကို ရှင်းလင်းခဲ့ရသော သာဓကရှိခဲ့ပေသည်။ ယခုလည်း ဝတ်ရုံရှင်အား စုပေါင်းရှင်းလင်းသင့်သည်မှာ အမှန်ပင်ဖြစ်တော့၏။

ချိုဝူးက—

'ညီလေးဖူ—ဘာငိုင်နေတာလဲ'

ဟူသော အသံကြားမှ ဖူဝစ်က သတိဝင်လာ၏။

ဖူဝစ်က—

'နောင်ကြီးတို့ပြောတာ မှန်တယ်၊ ဝတ်ရုံရှင်ကို ကျုပ်တို့ သိုင်းအဖွဲ့တွေ စုစည်းပြီး ရင်ဆိုင်သင့်တယ်လို့ တွေးနေတာပါ'

ချိုယိက ပြုံးလိုက်၏။

'သိပ်မှန်တာပေါ့၊ စောစောစီးစီး စုခေါင်းသင့်တာ အခုတော့ အတော်နောက်ကျနေပြီ၊ အားလုံးသာ ညီညွတ်ကြမယ်ဆိုရင် ပံပုလွေတောင်ကုန်းနဲ့ သစ်ခေါင်းစခန်းဟာလဲ အခုလို လွယ်လွယ်ကူကူ ပျက်စီးမှာမဟုတ်ဘူး'

ဖူဝစ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဖေဖေ့ကို ပြောရမယ်'

ချီဝူကလည်း ဝင်ရောက်ထောက်ခံလိုက်၏။

'ဖူသခင်ကြီးက ဦးဆောင်ပြီး ကျန်တဲ့ သိုင်းအဖွဲ့တွေကို အမြန်ဆုံး စုစည်းပါ၊ အားလုံးကလဲ ဒီအကြံကို လက်ခံကြမယ်လို့ ကျုပ် ထင်ပါတယ်'

ဖူဝစ်က—

'ဟုတ်တယ်၊ ကဲ အခုပဲ ဖေဖေ့ကို သွားပြောမှယ်'

သူတို့သည် ရှာတံခါးအနီးမှခွာရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရှာတံခါးအပြင်ဘက်မှ စကားသံကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

'ဖူသခင်ကြီးနဲ့ တွေ့ပါရစေရှင်'

* * *



ဖူညီနောင် မျက်မှောင်ကုပ်သွား၏။

ဖူဝစ်လည်း အံ့အားသင့်သွား၏။

'မိန်းကလေးတစ်ယောက် အသံပါလား'

ချီယိက…

'ဘယ်သူများလဲ'

ထိုစဉ် တံခါးအပြင်ဘက်မှ စကားသံ ထပ်မံထွက်ပေါ်လာသည်။

'ဖူသခင်ကြီးနဲ့ တွေ့ပါရစေ'

ဖူဝစ်က ချက်ချင်းပင် ချောင်းကြည့်ပေါက်မှ ချောင်းကြည့်လိုက်၏။

'မိန်းကလေး တစ်ယောက်ဗျ၊ အဘွားအိုတစ်ယောက်လဲ ပါတယ်'

'ဘယ်သူလဲ'

'ကျုပ်လဲမသိဘူး'

'ထွက်ကြည့်ပါလား'

ဖူဝစ်က တစ်ချက်စဉ်းစားပြီး သဘောတူလိုက်၏။

ထို့နောက် သူတို့သည် တံခါးမကြီးကို ဖွင့်ကာ အပြင်သို့ ထွက်လိုက်ကြသည်။

ရှာတံခါးရှေ့တွင် နုနယ်သော မိန်းကလေးတစ်ဦး ရှိလေသည်။

သူ၏ ညာဘက်ဟွင် သူမနှင့်ဆန့်ကျင်ဘက် အရုပ်ဆိုးဆိုး အဘွားအိုတစ်ယောက် ရှိမေသည်။

ဖူဝစ်က လက်နှစ်ဖက်ဆုပ် ဦးညွတ်လိုက်ပြီး....

'ဘာကိစ္စများ ရှိလို့ပါလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက လှပစွာ ပြုံးပြလိုက်ပြီး....

'ကျွန်မတို့က ဖူ သခင်ကြီးနဲ့ တွေ့ချင်လို့ပါ'

'ဘာကိစ္စများလဲ၊ ဘယ်သူတွေက တွေ့ချင်တာလဲ ဆိုတာကို ပြောပြနိုင်မလား'

မိန်းကလေးက....

'ကျွန်မက ရှောင်သန် ကျင်းရှောင်ရန်ပါ'

'ဟုတ်ကဲ့၊ ကိစ္စက'

'ကိစ္စကတော့ ဖူကျေးရွာအရှင်သခင်နဲ့ တွေ့မှ ပြောပါရစေ'

ဖူဝစ်က ပြုံးလိုက်ပြီး....

'ကျုပ်က ဖူဝင်ပါ၊ ကျုပ်တို့ ဖူကျေးရွာအနေနဲ့ မိန်းကလေး ကို တစ်ခါမှ မမြင်ဘူး မသိကျွမ်းဘူးဟာတော့ သေချာတယ်'

မိန်းကလေးက ရယ်လိုက်သည်။



'ခစ် ခစ် ခစ်... ရှင်က ဖူသခင်လေးကိုး၊ မှန်ပါတယ်၊ ကျွန်မနဲ့ ဖူကျေးရွာ အရင်ကုန်းက တစ်ခါမှ မတွေ့ဘူး၊ မသိခဲ့ဖူးပါဘူး'

ဖူဝင်က....

'ကိစ္စ ပြောပြဖို့တော့ သင့်ပြီထင်ပါထယ်'

ကျင်ရှောင်ရန်က ...

'ရှင်~ ဖူးသခင်လေးဆိုတော့ ကျွန်မရဲ့ လာရင်းကိစ္စကို ပြောရမှာပေါ့၊ ဒါပေမယ့် အဆုံးအဖြတ်ပေးနိုင်တဲ့လူနဲ့ပြောရတာက ပိုပြီးကောင်းမယ် ထင်ပါတယ်'

သူက မှဲ့ချင် ဖြစ်သွား၏။

'ဖူကျေးရွာရဲ့ အုပ်ချုပ်ရေးတာဝန်ဟာ ကျုပ်လက်ထဲမှာပါ၊ ကိစ္စ မပြောနိုင်ရင်တော့ ဒီကပဲ လှည့်ပြန်သွားပါ'

ဟု ခပ်တင်းတင်း ပြောလိုက်သည်။

ကျင်ရှောင်ယန်က....

'ဒါဆိုလဲ ပြောပြရမှာပေါ့ရှင်၊ ကိစ္စက ဟခြားမဟုတ်ပါဘူး၊ ဟောဒီ ဖူကျေးရွာမှာ ကြုံတွေ့နေရတဲ့ အန္တရာယ်တွေ လွှတ်မြောက်နိုင်မယ့် နည်းလမ်း ဆွေးနွေးချင်လို့ပါ'

သူက မျက်မှောင်ကုပ်သွား၏။

'ကျုပ်တို့ ဖူစန်းကျေးရွာရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ ဟုတ်လား'

'ဟုတ်ပါတယ် ရှင့်'

'ဘယ်လို နည်းလမ်းမျိုးလဲ၊ ဆိုပါဦး'

ကျင်ရှောင်ယန်က—

'ဒီနည်းလမ်းကတော့ လွယ်လွယ်ကလေးပါ'

ထိုစဉ် ချီရိက ဝင်ပြော၏။

'ကျုပ်သိပြီ၊ ခင်ဗျားတို့က အချုပ်အချယ်မဲ့တံဆိပ်တော် လာရောင်းတာ မဟုတ်လား'

ကျင်ရှောင်ယန် အံ့အားသင့်သွား၏။

ချီရိက ပြုံးပြီး—

'သိတာပေါ့ဗျာ၊ ခင်ဗျားတို့ဟာ ဝက်ရှုံရှင်နဲ့ တစ်ဖွဲ့ထဲပါပဲ၊ ဝက်ရှုံရှင်က သိုင်းပညာအားကိုးနဲ့ အနိုင်ကျင့်တယ်၊ ခင်ဗျားတို့က ဒီအားနည်းချက်ကို အခွင့်ကောင်းယူပြီး တစ်ဖက်လှည့်နဲ့ ငွေညှစ်တာပဲ'

ကျင်ရှောင်ယန်က—

'ရှင် စကားဆင်ခြင်ပြောပါ၊ ဒါ ငွေသူ့စ်တာမဟုတ်ဘူး'

ချီရိက....

'မင်းတို့လူရဲ့ရန်ကို မင်းတို့က ပြန်ပြီး ကာကွယ်ပေးတယ်ဆိုပြီး အချုပ်အချယ်မယ့် တံဆိပ်တော်ကို မတန်တဆဈေးနဲ့ ရောင်းတာ ငွေညှစ်တာ မဟုတ်ဘူးလား၊ ငွေညှစ်တာမဟုတ်ရင် အေးဓားပြ တိုက်တာပဲပေါ့'



ကျင်ရှောင်ယန် မျက်နှာ နီရဲသွား၏။

ဘွားဘွားလျူက ဝင်ငေါက်လိုက်သည်။

'မင်းပါးစပ် ပိတ်ထားစမ်း၊ ကျုပ်တို့ ဖူမိသားစုနဲ့ ဆွေးနွေးနေတဲ့ ကိစ္စမှာ မင်း ဝင်မရှုပ်နဲ့'

ချီရိ ပြုံးသွား၏။

ဖူဝင်က....

'ခင်ဗျားတို့က အချုပ်အချယ်မဲ့ တံဆိပ်တော်ကို လာရောင်းချတာ ဟုတ်လား'

ကျင်ရှောင်ရန်က....

'ဟုတ်ပါတယ်၊ ဒီကိစ္စကို ရှင်က အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာကော ရှိရဲ့လား'

ဖူဝင်က ပြုံးလိုက်ပြီး၊

'ဖူစန်းကျေးရွာရဲ့ ကိစ္စအဝဝကို ကျုပ် ဖခင် ကိုယ်စား ကျုပ်ကပဲ စီမံခန့်ခွဲနေတာ ကြာပါပြီ'

ချီရိက ဖူဝင်အား တီးတိုးကပ်ပြောလိုက်၏။

ဖူဝင်က ခေါင်းညိတ်လိုက်၏။

ကျင်ရှောင်ရန်က....

'သခင်လေးဖူအနေနဲ့ တခြားလူတွေစကား နားမထောင်ပါနဲ့၊ ကျွန်မတို့ ပြောတာကိုသာ နားထောင်ပြီးမှ ဆုံးဖြတ်ပါ၊

ဖူဝင်က—

'ဟုတ်ကဲ့....ပြောပါဦး'

ကျင်ရှောင်ရန်က—

ကျွန်မရဲ့ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ရှင်တို့ဖူစန်းကျေးရွာမှာ ချိတ်ဆွဲထားမယ်ဆိုရင် ရှင်တို့ကျေးရွာမှာ ဘယ်လိုဒုက္ခမျိုးမှ မတွေ့ရဘူးလို့ ကျွန်မ အာမခံပါတယ်'

ဖူဝင်က....

'ဘယ်လိုဒုက္ခမျိုးဆိုတာထက် ဝတ်ရုံရှင်ပေးမယ့် ဒုက္ခလွတ်မြောက်မယ် ဆိုပါတော့'

'မှန်ပါတယ်ရှင်'

'တန်ဖိုးကော သိပါရစေဦး'

ကျင်ရှောင်ရန်က..

'အင်း.. တန်ဖိုးကတော့ ယွင်တစ်သောင်းရှစ်ထောင်နဲ့ ဖူမိသားစု အသက်ကယ်ဆေးလုံး ၁၀ လုံးပါပဲ'

ထိုစကားအဆုံးတွင် ဖူဝင်က ရယ်မောလိုက်၏။

ကျင်ရှောင်ရန်က—

'ရှင် ဘာရယ်တာလဲ'

ဖူဝင်က—

'နောင်ကြီးချီရိက ငွေညှစ်တယ်လို့ပြောတာ မှားတယ်မျိုးသူတို့ရဲ့ ဓားပြတိုက်နေတာမဲ'

ဟု ပြောလိုက်လေသည်။



ပြုံးနေသော ကျင်ရှောင်ရန့်၏မျက်နှာ တည်သွား၏။

'ကဲ....ရှင် အချုပ်ချယ်မဲ့ တံဆိပ်တော်ကို ဝယ်မလား မဝယ်ဘူးလားဆိုတာ ပြောပါ'

ဖူဝင်က—

'အိုး....ဒီလောက် အရေးကြီးတဲ့ကိစ္စကို ချက်ချင်းဆုံးဖြတ်ရမယ်ဆိုတာ မလွန်ဘူးလား၊ စဉ်းစားဖို့တော့ ပေးဦးမှပေါ့'

ကျင်ရှောင်ရန်က ...

'အခုပဲ စဉ်းစားပြီး ဆုံးဖြတ်ပါ'

ဖူဝင်က ခေါင်းကုပ်လိုက်၏။

ပြီးမှ သူက ကျင်ရှောင်ရန်အား ပြုံ့စစနှင့် ကြည့်လိုက်ပြီး....

'အင်း... ကျုပ်က အမြန်ဆုံး ဆုံးဖြတ်ချက်ချရမယ် ဆိုပါတော့ ဟုတ်လား'

'ဒါဆိုလဲ့ ရပါတယ်၊ ကျုပ် ဆုံးဖြတ်ပြီးပါပြီ'

ကျင်ရှောင်ရန်က ပြုံးလိုက်ပြီး...

'ရှင် ဘယ်လိုဆုံးဖြတ်သလဲ'

ဖူဝင်က....

'ခင်ဗျားတို့ကို ဖမ်းပြီး ဝတ်ရုံရှင်နဲ့ ရင်ဆိုင်ဖို့ပဲ'

သူသည် စကားဆုံးသည်နှင့် လက်ဝှေ့ယမ်းလိုက်၏။

ချီညီနောင်ငါးဖော်သည် ကျင်ရှောင်ရန်နှင့် အတွားအိုတို့အား ဝိုင်းရံထားလိုက်ကြပေသည်၊

ကျင်ရှောင်ရန် မျက်နှာပျက်သွား၏။

သူမက ဤ ဖြဆည့်လိုက်ပြီး...

'ရှင် သေချင်နေပြီလား'

ဟု ငေါက်ငမ်းလိုက်၏။

ဖူဝင်က ပြုံးလျက်...

'မိန်းကလေးအနေနဲ့ အေးအေးဆေးဆေး အဖမ်းခံပါ၊ မဟုတ်ရင်တော့ ကျုပ်အဆိုးမဆိုပါနဲ့'

ကျင်ရှောင်ရန်က....

'ရှင်တို့က ကျွန်မကို လွယ်လွယ်နဲ့ ဖမ်းလို့ရမယ်ထင်သလား'

ဖူဝင်က...

'မထင်ပါဘူးဗျာ၊ ဝှတ်ရှံရှင်ရဲ့ လူတွေကို ကျုပ်က ပေါ့ပေါ့သန်တန် သဘောမထားဝံ့ပါဘူး'

သူသည် စကားဆုံးသည်နှင့် စူးရှသောအသံတစ်မျိုး ပြုသည်။

ထိုအခါ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော သိုင်းသမားဆယ်ဦးခန့်ထွက်ပေါ်လာကြ၏။

အားလုံးသည် မိန်းကလေးနှင့်အဘွားအိုကို ဝိုင်းရံထားလိုက်ကြသည်။

ကျင်ရှောင်ရန်က ဖူဝင်ကို ဒေါသမျက်လုံးဖြင့် စိုက်ကြည့်လိုက်ပြီး —



'ရှင်က မိန်းမတွေကိုတောင်မှ အများနဲ့ အနိုင်ကျင့်ချင်သလား'

ဖူဝင်က...

'ခွင့်လွှတ်ပါဗျာ၊ ဝှတ်ရှံရှင်ဆိုတဲ့ လူယုတ်မာလူရမ်းကားကို ရင်ဆိုင်ဖို့ ကျုပ်တာလဲ နည်းလမ်းရွေးမနေနိုင်ပါဘူး'

ဘွားဘွားလျှံက...

'ဟင် — ဟင်း — မင်းတို့လောက်တော့ ငါတို့က ကြောက်နေရတာဆိုရင် ဒီအထိမလာခဲ့ဘူး'

ဖူဝင်က —

'ခင်ဗျားတို့ အေးအေးသက်သာအဖမ်းခံပါ'

ဘွားဘွားလျှံက....

'သွားစေလိုက်စမ်း'

သူမသည် ချက်ချင်းပင် တောင်ဝှေးကိုဝှေ့ယမ်းကာ ဖူဝင်၏ခေါင်းတို့ ရိုက်ချလိုက်သည်။

'ဝှီ'

ရိုက်ချက်က ပြင်းထန်လှသည်။

ဖူဝင်သည် လျှင်မြန်စွာရှောင်တိမ်းသွား၏။

တောင်ဝှေးမှ ထွက်ပေါ်လာသော အရှိန်ပင် ပြင်းထန်သဖြင့် အဘွားအို၏ အတွင်းအားသည် အလွန် မြင့်မားလှကြောင်းကို ကောင်းစွာ နားလည်လိုက်သည်။

'အားလုံး တိုက်ကြ'

ဖူဝင်က အမိန့်ပေးလိုက်သည်။

ချီညီနောင်ငါးဖော်နှင့် သိုင်းသမားတို့က ကျင်ရှောင်ရန်နှင့် ဘွားဘွားလျံတို့ကို ဝိုင်း၍တိုက်ခိုက်ကြ၏။

ဖူဝင်က ဘွားဘွားလျံကို အဓိကထားကာတိုက်ခိုက်လေသည်။

မမျှော်လင့်ဘဲ ဖူစန်းကျေးရွာ တံခါးရှေ့တွင် တိုက်ပွဲတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာတော့သည်။

* *

တိုက်ပွဲက ပြင်းထန်လှသည်။

ဘွားဘွားလျံ၏သိုင်းပညာက မြင့်မားလှသည်။

ဖူဝင်သည် ချီညီနောင်ငါးဖော်နှင့်အတူ ဘွားဘွားလျံကို တိုက်ခိုက်နေသော်လည်း အသာမရပါ။

ဘွားဘွားလျံ၏ တောင်ဝှေးရိုက်ချက်ကြောင့် ချီညီနောင်ငါးဖော်အနက် နှစ်ဦးပင် ဒဏ်ရာရနေခဲ့ပြီဖြစ်သည်။

ထို့အတူ ကျင်ရှောင်ရန်၏ သိုင်းပညာလည်း ကောင်းလှသည်။



သူမကို ဖူစန်းကျေးရွာမှ သိုင်းသမားဆယ်ဦးခန့်က ဝိုင်းတိုက်ခိုက်နေကြ၏။

သို့ရာတွင် သူမ၏ဓားချက်ကြောင့် သိုင်းသမားသုံးယောက်ခန့်ပင် သေဆုံးသွားကြလေပြီ။

ဖူဝင် ဒေါသထွက်သွားသည်။

သူသည် အတွင်းအားကို အသုံးပြု၍ စူးရှစွာ အော်ဟစ်လိုက်၏။

သူ့အသံအဆုံးဝယ် ဖူစန်းကျေးရွာအတွင်းမှ အချက်ပေးသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

ဘွားဘွားလျံ ရင်ထိတ်သွား၏။

ရွာထဲမှ သိုင်းသမားများထွက်လာလျှင် သူမတို့အတွက် အခြေအနေမကောင်းပါ။

သူမ၏သိုင်းပညာမြင့်မားသည်ဆိုစေကာမူ အင်အားချင်း အလွန်ကွာခြားသွားလျှင် တိုက်ခိုက်ရသည်မှာ မလွယ်တော့ပါ။

သူမသည် အခြေအနေကို ကောင်းစွာ သဘောပေါက်မိသည်။

သူမက ကျင်ရှောင်ရန်ဘက်လှည့်ကာ....

'သခင်မလေး သွားကြစို့'

သူမသည် တောင်ဝှေးကို ဆက်တိုက်ရိုက်ထုတ်လိုက်သည်။ ပြင်းထန်သော လေလှိုင်းလုံး ထွက်ပေါ်လာသည်။

ဖူဝင်နှင့်ချိုညီနောင်ငါးဖော်မှာ သူမ၏ တောင်ဓွေးရိုက်ချက်ကို တောင့်မခံနိုင်ကြပါ။

နောက်သို့ ဆုတ်လာကြရသည်။

ထိုစဉ် - အဘွားအိုသည် ကျင်ရှောင်ဝီရန်ဘက်သို့ ထွက်သွားသည်။

ကျင်ရှောင်ရန်၏လက်ကိုဆွဲကာ ဝိုင်းရံထားမှုကြားမှ အတင်းတိုးဖောက်ထွက်ခွာသွားလေသည်။

သိုင်းသမားများသည် အဘွားအိုကို ကြိုးစား၍ဟန့်တားတိုက်ခိုက်ကြ၏။

သို့သော် အဘွားအို၏ ပြင်းထန်သော တောင်ဓွေးရိုက်ချက်ကို မခံနိုင်ကြပါ။

နောက်ဆုံးတွင် အဘွားအိုနှင့် ကျင်ရှောင်ရန်တို့မှာ ပိတ်ဆို့နေသည့် ကြားမှ ထွက်ပြေး လွတ်မြောက်သွားကြလေသည်။

'တောက်'

ဖူဝင် မချိတင်ကဲတောက်ခေါက်လိုက်သည်။

ချိုရိက ...

'ကျုပ်တို့တော့ ကျားမြီးဆွဲမိပြီ၊ ဒီနေ့ကစပြီး သတိထားရတော့မယ်'

ဖူဝင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဝင်ရှုံရှင်ဟာ အချိန်မရွေးရောက်ရှိလာနိုင်ပြီ'



သူတို့သည် ဖူစန်းကျေးရွာတွင်း ပြန်ဝင်ကာ တံခါးကို
က်ထားလိုက်ကြသည်။

* *

ည....
လကျွေးကလေးသည် ကောင်းကင်၌ ချိတ်ဆွဲထားသလို
နေ၏။
တိမ်ညိုမည်းတစ်အုပ်သည် တရွေ့ရွေ့နှင့် ရွေ့လျားနေ
၏။
မကြာမီ တိမ်တိုက်တစ်ခုသည် လအကွေးကလေး ဖုံးအုပ်
းသည်။
ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိ ကျသွားလေ
၏။
ထိုသို့ မှောင်မိုက်သွားမှုကို အခွင့်ကောင်းယူ၍ လူတစ်စု
လျင်မြန်စွာ လှုပ်ရှားလာကြလေသည်။

ထိုလူစုသည် အဝါရောင်များ ဝတ်ဆင်ထားပြီး ဆယ်ဦး ခန့်ရှိ၏။

တိမ်တိုက်ကြားမှ လထွက်လာချိန်ခယ် ထိုလူစုသည် ဖူစန်းကျေးရွာ၏ သစ်လုံးစည်းရိုးလုံနီးသို့ ရောက်ရှိသွားကြလေသည်။

'ဝုန်း'

ကျယ်လောင်သော မြည်ဟည်းသံတစ်ချက်ထွက်ပေါ်လာသည်။

ဖူစန်းကျေးရွာ၏ သစ်လုံးတံခါးသည် ကျိုးပဲ့ကာ ပျက်စီးသွားလေသည်။

တံခါးကျိုးပဲ့သွားသည်နှင့် ဝတ်စုံဝါဝတ်ဆင်ထားသောလူစုက ဖူစန်းကျေးရွာထဲသို့ တစ်ရှိန်ထိုး ပြေးဝင်လာကြလေသည်။

ကျေးရွာရှိ သိုင်းသမားများက ညဥ့်နက်သော်လည်း အိပ်ပျော်နေခြင်းမရှိပါ။

အားလုံးက သတိရှိနေကြ၏။



ကျယ်လောင်သောအသံနှင့် ဟစ်ပြိုင်နက်လက်နက်ကိုယ်စီ စွဲကိုင်ကာပြေးထွက်လာကြလေသည်။

ပြေးဝင်လာသော ဝတ်စုံဝါများကို မြင်သည်နှင့်....

'ရန်သူ....ရန်သူ'

ဟု အော်ဟစ်ကာ ဆီး ကြို တိုက်ခိုက်လိုက်ကြလေသည်။

တိတ်ဆိတ်နေသော ညဥ့်ယံဝယ် တိုက်ခိုက်သံများက ဆူညံသွားလေသည်။

ဖူဝင်နှင့် ချီညီနောင် ငါးယောက်တို့သည် တိုက်ပွဲရှိရာသို့ ချက်ချင်းပင်ရောက်ရှိလာကြသည်။

ဖူစင်သည် ချက်ချင်းဂင် ဝတ်စုံဝါများကို ဝင်ရောက် တိုက်ခိုက်ဟန်ပြင်လိုက်၏။

ချီရိက ဟန့်တားလိုက်၏။

'နေဦး'

ဖူဝင်က....

'ဘာဖြစ်လို့လဲ'

ချီရိက....

'ဒီလူတွေအရေးမကြီးဘူး၊ သူတို့နဲ့အတူဝတ်ရုံရှင် ပါလာနိုင်တယ်၊ သူ့ကို ရှာဖွေတိုက်ခိုက်ရမယ်'

'ဟား...ဟား...ဟား'

သူ့စကားအဆုံးတွင် ရယ်မောသံက ထွက်ပေါ် လာသည်။

လူရိပ်တစ်ရိပ်လည်း ရောက်ရှိလာ၏။

'မင်းမသိုးဘူး၊ ဒါပေမယ့် ဒီညမင်းသေရမှာပဲ'

အကျည်းတန်အဘွားအိုပင်ဖြစ်သည်။

ချိုရီ ဒေါသထွက်သွား၏။

'ဒီဥ ဘယ်သူ့သေမှာလဲ၊ ဒီညတော့ ခင်ဗျားတို့ ထွက်ပြေးလို့ရမယ်မထင်နဲ့ဟော့ အားလုံးတိုက်ကြ'

သူသည် ဓားကို ဆွဲထုတ်ကာ အဘွားအိုထံ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ချိုညီနောင်အားလုံးလည်း အဘွားအိုအား ပြိုင်းထန်စွာပင် တိုက်ခိုက်လိုက်ကြသည်။

အဘွားအိုက —

'လာကြစမ်း အားလုံးလာကြ၊ ဒါမှမြန်မြန်ကိစ္စရှင်းမှာ'

ဟု လှောင်ပြောဝင်လျက် ဘောင်ဝှေးကို ဝေ့ယမ်းကာ တချက်မျှ တိုက်ခိုက်သည်။

ဖူဝင် အံ့ကြိတ်လိုက်၏။

သူသည် ဓားကိုဆွဲထုတ်၏။

အဘွားအိုအား ဝင်မတိုက်သေးဘဲ အခြေအနေကိုအကဲခတ်ကြည့်လိုက်၏။

အဘွားအို၏ သိုင်းပညာသည် အဆင့်မြင့်မား၏။

ချိုညီနောင် ငါးဖော်နှင့် အပြင်းအထန် တိုက်ခိုက်နေသော်လည်း ရှုံးနိမ့်သွားမည့်အနေအထားကို မတွေ့ရပါ။

ထို့ကြောင့် သူကအခွင့်ကောင်းကိုစောင့်နေ၏။

အခွင့်အရေး ရသည်နှင့် အပိုင် တိုက်ခိုက်ရန် စိတ်ကူးထား၏။



သေရေးရှင်ရေးကိစ္စဖြစ်နေသည့်အပြင် ရက်စက်ရမ်းကားလှသော ဝတ်ရုံရှင်အဖွဲ့အား သိုင်းလောက၏ စည်းကမ်းများအတိုင်း တိုက်ခိုက်မနေတော့ပါ။

အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်ရန် ဆုံးဖြတ်ထား၏။

အဘွားအိုအား အမြန်ဆုံးရှင်းပစ်နိုင်မှသာ ဝတ်ရုံရှင်နှင့် ရင်ဆိုင်လျှင် အင်အားပြည့်ဝနေမည်ဖြစ်သည်။

ဖူဝင်သည် ဓားကိုအသင့်ပြင်လျက် တိုက်ပွဲကို အကဲခတ်နေသည်။

မကြာမီ သူမျှော်လင့်သောအခွင့်အရေးကို ရရှိလာသည်။

ဖူဝင်သည် ချက်ချင်းပင် ရှေ့သို့ခုန်ဝင်ကာ အဘွားအိုကြားဆီသို့ ဓားတစ်ချက်ထိုးသွင်းသည်။

သူ၏လှုပ်ရှားမှုအား အလွန်ပင် လျင်မြန်လှသည်။

အဘွားအိုသည် ချိုညီနောင်ငါးဖော်နှင့် အပြင်းအထန် တိုက်ခိုက်နေသဖြင့် သူ၏ဓားချက်ကို မည်သို့မျှ ရှောင်တိမ်းနိုင်မည်မဟုတ်ဟုလည်း ယုံကြည်ထားသည်။

သူတွက်ဆထားသည့်အတိုင်းပင် အဘွားအိုသည် ဖူဝင်၏ဓားချက်ကို မည်သို့မျှမရှောင်တိမ်း ကာကွယ်နိုင်ခြင်းမရှိပါ။

'ချွမ်း'

သို့သော် ဓားတစ်လက် ရုတ်ခြည်းပေါ် ဖူဝင်၏ဓားချက်ကိုဝင်ရောက်ဟန့်တားလိုက်လေသည်၊

'ဟဲ—ဟဲ...ဟဲ—ဒီလိုမလုပ်နဲ့လေ၊ ကျုပ်ရှိပါသေးတယ်'

ဖူဝင် အံကြိတ်လိုက်၏။

သူ၏အပိုင်တိုက်ခိုက်သော ဓားချက်သည် ဝင်ရောက်ဟန့်တားလာသော ဓားချက်ကြောင့် လွဲချော်သွားရလေသည်။

ဖူဝင်ဒေါသထွက်သွားသည်။

ဝင်ရောက်ဟန့်တားလာသူအား လှည့်ကြည့်သည်။

အဘိုးအိုတစ်ယောက်ပင်ဖြစ်သည်။

ဝတ်ရုံရှင် မဟုတ်ပါ။

မြင်းလှည်းမောင်းသူ အဘိုးအိုပင် ဖြစ်သည်။

အဘိုးအိုက သွားဖြဲပြီး—



'မင်းတို့က ဒီလို အလစ်တိုက်ခိုက်တတ်တာကိုး၊ ဒါလား အဖြူရောင် သိုင်းဘာမားကျင့်ဝတ်'

ဖူဝင်မျက်နှာ နီရဲသွား၏။

သူက အဘိုးအိုကို စိုက်ကြည့်ပြီး...

'ခင်ဗျားတို့ လူယုတ်မာတွေနဲ့ ရင်ဆိုင်တဲ့နေရာမှာ ဘာကျင့်ဝတ်မှ စောင့်ထိန်းစရာ မလိုပါဘူး'

သူက စကားဆုံးသည်နှင့် အဘိုးအိုကို ဓားဖွေယမ်းကာ တိုက်ခိုက်သည်။

အဘိုးအိုက ရယ်မောရင်း ပြန်တိုက်၏။

ဖူစန်းကျေးရွာ အတွင်းဝယ် အောင်ဟစ်တိုက်ခိုက်သံများဖြင့် ဆူညံသွားလေတော့သည်။

လှိုင်စာပေ
ထုတ်ဝေသည့် ၁၅/၁၃၈၊ ခ ဝေး
တောင် ၄ ဦး
နံ၊ ၂၁၄၅၅

ဧည့်ခန်းတစ်ခု...

ဧည့်ခန်းသည် အတော်ပင် ကျယ်ဝန်း၏။

ဧည့်ခန်းတွင်းမှ မရှိဘာဂျများကို ရှင်းထား၏။

ဧည့်ခန်းတွင်း၌ ကုလားထိုင်တစ်လုံး စားပွဲတစ်လုံးသာ ရှိ၏။

ထိုစားပွဲနောက်ဘက်ရှိ ကုလားထိုင်တွင် အသက်ငါးဆယ်ကျော်ခန့် လူတစ်ယောက် ထိုင်မနေ၏။

ထိုလူကား ဖူစန်းကျေးရွာ အရှင်သခင် ဖူချန်စိန်ပင်ဖြစ်သည်။

ဖူချန်စိန်သည် ကုလားထိုင်တွင် ကျောမှီကာ အေးအေးဆေးဆေး ထိုင်နေသည်။

အပြင်ဘက်မှ အော်ဟစ်သံ၊ တိုက်ခိုက်သံများက ဧည့်ခန်းထဲသို့ လွင့်ပျံဝင်ရောက်လျက် ရှိ၏။

သို့ရာတွင် ဖူချန်စိန်သည် ထိုအသံများကို မကြားသကဲ့သို့ ရှိနေ၏။

သူ၏ ညာဘက်လက်က စားပွဲပေါ် တင်ထား၏။

ညာလက်နှင့် တစ်ထွာခန့်အကွာတွင် ဓားတစ်လက်ကို ချထား၏။

ဓားမှာ ကျောက်စီဓား ဖြစ်၏။

ဧည့်ခန်းတွင် ထွန်းထားသော မီးအိမ် အလင်းရောင်ဖြင့် ဓားက ပြောင်လက် တောက်ပနေသည်။

ဖူချန်စိန်သည် ကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

သူ့ပုံဟန်မှာ တိုက်ပွဲဝင်ရန် အသင့်ပြင်ထားဟန်ရှိသည်။

သူသည် ဖြေလျော့၍ ထိုင်နေရာမှ ရုတ်တရက် ဘယ်လက်ကို ဝေ့ယမ်းလိုက်သည်။

မီးအိမ် ငြိမ်းသွားသည်။

ဧည့်ခန်းတစ်ခုလုံး မှောင်ကျသွားသည်။

သူသည် အမှောင်ထုထဲ ငြိမ်သက်စွာ ထိုင်နေသည်။



ဧည့်ခန်းမှာ တံခါးတစ်ချပ်သာ ရှိသည်။

ထိုတံခါးကို ဖွင့်ထားသည်။

တံခါးဝအနီးတွင်မူ အပြင်ဘက်မှ အလင်းရောင်ကြောင့် အနည်းငယ် လင်းနေသည်။

သူ့မျက်လုံးများက တံခါးဝကို စိုက်ကြည့်နေသည်။

ဝတ်ရုံရှင်တို့လူစု ရောက်ရှိလာပြီ ဖြစ်သည်။

ဝတ်ရုံရှင်ကို သူက ရှာဖွေစရာ မလိုပါ။

ဝတ်ရုံရှင်ကသာ သူ့ကို ရှာဖွေရမည် ဖြစ်၏။

ဝတ်ရုံရှင်ထံ သွားစရာ မလိုပါ။

သူ့ဆီကိုသာ ဝတ်ရုံရှင် ရောက်လာရပေမည်။

ထို့ကြောင့် သူက ဝတ်ရုံရှင် ရောက်လာမည့် အချိန်ကို အေးဆေးစွာ စောင့်မျှော်နေခြင်း ဖြစ်သည်။

*

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တိုက်ခိုက်သံများ၊ အော်ဟစ်သံများကား ရေပွက်မျှ ဆူညံနေဆဲဖြစ်သည်။

ဖူချန်စိန်ကမူ မလှုပ်ရှားပါ။

အေးအေးဆေးဆေး စွာပင် ထိုင်နေဆဲ ဖြစ်သည်။

ထိုစဉ် အရိပ်တစ်ခုက အခန်းအပြင်ဘက်မှ လှုပ်ရှားလာနေသည်ကို တွေ့ရသည်။

သူ့ခန္ဓာကိုယ် တောင့်တင်းသွားသည်။

သူ့လက်ကသည်း အသင့်အနေအထားသို့ ရောက်ရှိသွားလေသည်။

'ဟား ဟား ဟား'

ရုတ်တရက် ငှက်ဆိုးထိုးသံကဲ့သို့ ရယ်မောသံက ညှော်ခန်းပြင်ဘက်မှ ထွက်ပေါ်လာသည်။

'ဖူချုန်စိန်...မင်းက ကြောက်လို့ ပုန်းနေတာလား'

လှောင်ပြောင်သံ ထွက်ပေါ်လာသည်။

သူက လုံးဝ မလှုပ်ရှားပါ။

'ဖူချုန်စိန်....ကျုပ်ရောက်လာပြီ၊ ထွက်ခဲ့ပါ'

သူက ငြိမ်သက်စွာ ထိုင်နေဆဲ ဖြစ်သည်။

စကားသံသည် ဝတ်ရုံရှင်အသံ ဖြစ်ကြောင်း သူကောင်းစွာ သိထားသည်။

ဝတ်ရုံရှင်၏ စကားသံက ထက်၍ထွက်ပေါ်လာ၏။

'ဖူချုန်ဝိန်—မင်း ထွက်လာစမ်း၊ မင် ရဲ့သားက သတ္တိကောင်းသလောက် မင်းက ကြောက်တတ်ပါလား၊ မင်းရဲ့သားဟာ ရဲရဲဝံ့ဝံ့နဲ့ အသေခံသွားခဲ့တာ ကျုပ် ချီ ကျူးပါတယ်'

ဖူချုန်ဝိန် အံကြိတ်လိုက်၏။

သူ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များရစ်ဝဲလာ၏။



ရင်ထဲ၌လည်း ဒေါသချောင်းချောင်းထွက်သွား၏။

သို့သော် သူသည် နေရာမှ မလှုပ်ရှားဖြစ်ပါ။

ဝတ်ရုံရှင်အား သူက စောင့်စား၍သာ တိုက်ခိုက်ရပေမည်။

သူ၏ တစ်ဦးသောသားအတွက် ဝတ်ရုံရှင်အား တုံ့ပြန်လက်စားချေရပေမည်။

ဝတ်ရုံရှင်၏ သိုင်းပညာအဆင့်မှာ သူ့ထက်မြင့်မား၏။

ထို့ကြောင့် သူက ညှော်ခန်းတွင်းမှသာ စောင့်၍တိုက်ခိုက်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု ယုံကြည်ထား၏။

ဝတ်ရုံရှင်၏အသံ ဆက်လက်ထွက်ပေါ်လာ၏။

'ဖူချုန်ဝိန်.... မင်းက ထွက်မလာရဲဘူးလား၊ လိပ်တစ်ကောင်လို ခေါင်းငုံ့ပုန်းနေလို့ ကျုပ်လက်က လွတ်မယ်ထင်သလား'

ဖူချုန်ဝိန် တုံ့ပြန်ခြင်းမရှိပါ။

ဝတ်ရုံရှင်က—

'ကောင်းပြီလေ၊ မင်း ထွက်မလာတော့လဲ ကျုပ်ကပဲ ဝင်လာရတော့မှာပေါ့'

စကားအဆုံးတွင် ညှော်ခန်းအပြင်ဘက်မှ အရိပ်သည် တံခါးဝအနီးသို့ ရောက်ရှိလာ၏။

မကြာမီ တံခါးဝတွင် လူတစ်ယောက်ပေါ်လာလေသည်။

ဝတ်ရုံရှင်ပင် ဖြစ်၏။

ဖူချန်ဝိ၏ ဘယ်လက်က ဖြည်းညင်းစွာ လျှပ်ရှားသွား၏။ ခါးပျံသုံးလုက်သည် တံခါးဝဆီသို့ နေရာသုံးနေရာခွဲကာ ပြေးဝင်သွားလေတော့သည်။

* * *

ဝတ်ရုံရှင်သည် ညှော်ခန်းတံခါးဝတွင် ရပ်လိုက်၏။

သူသည် မှောင်မည်းနေသော ညှော်ခန်းတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်၏။

ထိုစဉ် သူ၏နားတွင်း၌ အလွန်ပင် ညင်သာလှသော လေတိုးသံကို ကြားလိုက်ရ၏။

ဝတ်ရုံရှင်က မဲ့ပြုံးပြုံးကာ လက်အသာဝှေ့ယမ်းလိုက်၏။

ပစ်လွှင့်လာသော ခါးပျံသုံးလက်သည် ဝတ်ရုံရှင်၏ လက်တွင်းသို့ ရောက်ရှိသွား၏။

ထိုစဉ် သံဂေါ်လီလုံးကလေး ခုနစ်လုံးက ဝတ်ရုံရှင်ထံသို့ ဝေ့ဝိုက်ကာဖြင့် ဆက်တိုက်ရောက်ရှိလာပြန်၏။

ဝတ်ရုံရှင်မှာ ချက်ခြင်းပင် နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရလေသည်။

'တောက်—'



ဝတ်ရုံရှင် ဒေါသထွက်သွား၏။

သူသည် ခါးကြားမှ ဝါးနက်ပလွေကို ထုတ်ယူလိုက်၏။ ထို့နောက် ညှော်ခန်းတွင်း ပြန်လည်ပြေးဝင်သွား၏။

ဤတစ်ကြိမ်တွင် အခန်းတွင်းမှ အဆိပ်အပ်ကလေးများက များပိတုန်းများသဖွယ် ထွက်ပေါ်လာလေသည်။

ဝတ်ရုံရှင်သည် ဝါးနက်ပလွေဖြင့် ဝှေ့ယမ်းကာကွယ်လိုက်၏။

သို့ရာတွင် အဆိပ်အပ်ကလေးများက ဆက်တိုက်ထွက်ပေါ်နေဆဲဖြစ်နေ၏။

ထို့ကြောင့် သူသည် ရှေ့မတိုးနိုင်ဘဲ နောက်ပြန်ဆုတ်သွားရလေသည်။

ဝတ်ရုံရှင်၏ မျက်နှာသည် ဒေါသကြောင့် နီမြန်းသွားသည်။

'ဖူချန်ဝိန်...မင်း ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ရဲသလား' ဟု အော်ဟစ်လိုက်၏။

ဖူချန်ဝိန်၏ တုံ့ပြန်မှုကား လက်နှက်ပုန်းများသာဖြစ်၏။

ဝတ်ရုံရှင်သည် ကျွမ်းပစ်ကာ နောက်သို့ ရှောင်တိမ်းလိုက်ရပြန်လေသည်။

ဝတ်ရုံရှင် ဒေါသချောင်းချောင်းထွက်သွား၏။

ဖူချန်ဝိန်သည် ညှော်ခန်းတွင်း အမှောင်ထုအတွင်းမှနေ၍ လက်နက်ပုန်းဖြင့် ဆီးကြိုတိုက်ခိုက်နေခြင်းဖြစ်သည်။

ဖူချန်ဝိန်၏ လက်နက်ပုန်းပစ်ပညာမှာ အဆင့်မြင့်မားလုံ့ပေသည်။

ဝတ်ရုံရှင်သို့ သိုင်းပညာအလွန်အဆင့်မြင့်မားသူပင် ညှော်ခန်းတွင်းရောက်အောင် မဝင်နိုင်ဘဲ နောက်သို့ နှစ်ကြိမ် ပြန်ဆုတ်လာခဲ့ရသည် မဟုတ်ပါလော။

'ဖူချန်ဝိန်... မင်းသတ္တိရှိရင် ထွက်လာစမ်း'

ဝတ်ရုံရှင်က အော်ဟစ်လိုက်၏။

ဤတစ်ကြိမ်တွင် ဖူချန်ဝိန်က ရယ်မောလိုက်၏။

'ဟား...ဟား...ဟား၊ ခင်ဗျားက ကျုပ်ကို သတ်ချင်တဲ့လူပဲ၊ ကျုပ်အထဲမှာ ရှိပါတယ် လာသတ်လှည့်ပါ'

တောက်..'

ဝတ်ရုံရှင် ဒေါသထိန်းမရအောင် ဖြစ်သွား၏။

သူ၏ မျက်နှာပေါ်တွင် ကောက်ကျစ် ရက်စက်လိုသော အရိပ်အယောင်များက ဖုံးဖိမရဘဲ ပေါ်ထွက်လာလေသည်။

အပြင်ဘက်၌ တိုက်ခိုက်သံများ လျော့ကျလာ၏။

ဝတ်ရုံရှင်တို့ဘက်မှ အောင်ပွဲခံလာသည့် အနေအထားမျိုးပင် ဖြစ်ပါသည်။

ထိုစဉ် ဝတ်ရုံဝါ ဝတ်ဆင်ထားသူ နှစ်ဦးတာ ဂေဟာ အတွင်း ပြေးဝင်လာကြ၏။

'သခင်ကြီး—အပြင်ဘက်မှာ ရန်သူအတော်ရှင်းသွားပါပြီ'

ဟု အရိုအသေပြုရင်း သတင်းပို့လိုက်ကြလေသည်။

ဝတ်ရုံရှင်က—

'ကောင်းပြီ၊ ဒီအထဲမှာ ဖူချန်ဝိန်ရှိတယ်၊ သူ့ကို ရှင်းလိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်၏။



ဝတ်ရုံဝါနှစ်ယောက်သည် ချက်ချင်းပင် ညှော်ခန်းတွင်းသို့ ဝင်သွားကြလေသည်။

ဝတ်ရုံရှင်ကလည်း ဝတ်ရုံဝါနှစ်ယောက်၏ နောက်မှ ကပ်လိုက်ပါသွားလေသည်။

စင်စစ် သူသည် ဝတ်ရုံဝါ နှစ်ဦးအား အကာအကွယ် ညှော်ခန်းတွင်းသို့ လိုက်ဝင်သွားခြင်းပင် ဖြစ်၏။

သူ ခန့်မှန်းထားသလိုပင် ညှော်ခန်းတွင်း ပြေ ဝင်သွားနှင့် လက်နက်ပုန်းများက ပလူပျံထွက်ပေါ်လာလေသည်။

ဝတ်ရုံဝါနှစ်ဦးသည် များပြားလှသော လက်နက်ပုန်းများ တိုက်ခိုက်ခံရသောအခါ ထိတ်လန့်သွားကြ၏။

သူတို့သည် လက်ထဲမှ ဓားများကို တမုချကြမ်း ဝှေ့ယမ်းကာ ကွယ်လိုက်ကြလေသည်။

သို့သော် များပြားလှသော လက်နက်ပုန်းများကို လွတ် မကာကွယ်နိုင်ခဲ့ကြပါချေ။

အား'

အမယ်လေး'

ဟန်း'

ဝတ်ရုံဝါနှစ်ယောက်စလုံး ကြမ်းပြင်ပေါ် လဲကျသွား၏။

ချန်ဝိန် ရင်ထိတ်သွား၏။

ဝတ်ရုံဝါများနောက်မှ အရိပ်တစ်ရိပ် အခန်းတွင်းသို့ ရှိလာသည်ကို သူ ရိပ်စားမိ၍ဖြစ်၏။

ခန်းတွင်း၌ မှောင်မှည်းနေ၏။

မိ၏ ခြေလှက်များကိုပင် မတွေ့ရနိုင်ပါ။

ထိုစဉ်မှာပင် လေသိုင်းတစ်ခုက ဖူချန်စိန်ထံသို့ တိုးဝင်လာ၏။

ဖူချန်စိန် ရင်ထိတ်သွား၏။

စားပွဲပေါ်မှ ဓားကိုဆွဲကာ ကြမ်းပြင်ပေါ် လှိမ့်ထွက်လိုက်၏။

'ဝှန်း'

ကုလား ထိုင် ကျိုးပဲ့သွားသံ ကြားလိုက်ရသည်။

ဖူချန်စိန်က ဒူးထောက်လျက် ဓားကို အသင့်ပြင်ထားသည်။

ဝတ်ရုံရှင် အခန်းတွင်း ရောက်လာသည်မှာ သေချာသွားသည်။

သူသည် မလှုပ်ရှားစံ့တော့ပါ။

နားကို အစွမ်းကုန် စွင့်ထားသည်။

ဘယ်လက်၌လည်း လက်နက်ပုန်းများကို အသင့်ကိုင်ထားလိုက်သည်။

ယခု အမှောင်ထုအတွင်း ရန်သူကို ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။

ဖူချန်စိန်သည် အမှောင်ထုအတွင်း မျက်စိအမြင်အာရုံကို အားကိုး၍ မရတော့သောကြောင့် အကြားအာရုံကို အားကိုးလိုက်သည်။

ထိုစဉ် အခန်းထောင့် တစ်နေရာမှ ရွေ့လျားသံကို ကြားလိုက်ရသည်။



ဖူချန်စိန်၏ ဘယ်လက်က လျှင်မြန်စွာပင် လှုပ်ရှားသွားသည်။

'ဝှစ်—ဝှစ်'

ဝတ်ရုံရှင် ခုန်ထွက်သွားသံ ကြားလိုက်ရသည်။

ထိုစဉ် သူ့ထံသို့ တစ်စုံတစ်ရာ တိုးဝင်လာသံကို ကြားလိုက်ရပြန်သည်။

ဖူချန်စိန်က လက်ဝေ့ယမ်းကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

'ဝှစ်....ဝှစ်....ပ်စ်'

'ဝုန်း'

ဝတ်ရုံရှင်ကား ဝတ်စုံဝါတစ်ဦး၏ အလောင်းကို ယူကာ လွှင့်ပစ်လိုက်ခြင်းဖြစ်သည်။

သူသည် ဖူချန်စိန်၏နေရာကို ခန့်မှန်းရန်အတွက် ညာဏ်ဆင်လိုက်ခြင်းဖြစ်သည်။

ဖူချန်စိန်က ထိုပရိယာယ်ကိုမသိဘဲ ဝတ်စုံဝါအလောင်းကို လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်လေသည်။

ထိုအခိုက်မှာပင် ဝတ်ရုံရှင်က ဖူချန်စိန်၏ နေရာကို သိရှိသွားပြီး တိုးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

'ကျွား'

ဖူချန်စိန် ရင်ထိတ်သွားသည်။

သူသည် ဓားကို ဝေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

အမှောင်ထုအတွင်း နီးကပ်စွာ တိုက်ခိုက်ကြခြင်း ဖြစ်သည်။ အနီးကပ်တိုက်ပွဲမို့ လက်နက်ပုန်း အသုံးပြု၍ မရတော့ပါ။ ရန်သူကို မှန်း ဆ၍သာ တိုက်ခိုက်နေရသည်။

စင်စစ် တိုက်ခိုက်သည်ဆိုခြင်းထက် ဝတ်ရုံရှင်၏ ပြင်းထန်သော တိုက်ခိုက်မှုများကို ခုခံရသည်ဟုဆိုက ပို၍မှန်ပေမည်။

ဝတ်ရုံရှင်၏ တိုက်ခိုက်မှုက ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

ဖူချန်စိန်မှာ အခြေအနေမဟန်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်... သူက အပေါက်ဝဆီသို့ ခုန်ဆုတ်လိုက်သည်။

ထို့နောက်... ညှော်ခန်းအပြင်ဘက်သို့ ခုန်ထွက်ကာ ပြေးသွားတော့သည်။

* * *

ဖူချန်စိန်သည် ရွာလပ်းမသို့ ရောက်ရှိလာသည်၊ ပြန့်ကြဲလမ်းမဘက်လျှောက် ဖူမိသားစုအလောင်းများ လျက်ရှိနေသည်ကို ရင်နင့်ဖွယ်ရာ တွေ့မြင်ရလေ၏။



သူ တို့ ဒုန်းမနေအားပါ၊

တံခါးဆီသို့ အားကုန်ပြေ သွားလေသည်။

ထိုအခါ... တံခါးအနီးအရောက်တွင် သူ၏ခြေလှမ်းများ ရပ်တန့်သွားရသည်။

တံခါးဝတွင် လူသစ်စုပိတ်ဆို့ထား၏။

ဘွားဘွားလျှ ဦးဆောင်လာသော လူစုပင်ဖြစ်၏။

'တား... ဟား... ဟား... မင်းဘယ်ပြေးမှာလဲ'

ဝတ်ရုံရှင်ရှော်လာသည်။

ဖူချန်စိန် ပြေး၍မလွတ်တော့ပါ။

ရန်သူက ရှေ့နောက်မှ ပိတ်ဆို့ထားသည် မဟုတ်ပါလား။

သူသည် ရုတ်ခြည်းပင်နောက်လှည့်လိုက်သည်။

သူသည် ဝတ်ရုံရှင်ထံ ဓားကိုကိုင်လျက် တအားပြေးဝင်သွား၏။

သူ့အသက်မသေမီ ဝတ်ရုံရှင်ကို သေအောင် တိုက်ခိုက်ရပေမည်။

သို့မဟုတ်... ဝတ်ရုံရှင်ကို ဒဏ်ရာရအောင်တိုက်ခိုက်ရမည်။

သို့မှသာ ကျန်သူများ သက်သာရာရမည်ဟု တွေးကာမိသောကြောင့် ဖြစ်ပါ၏။

သူသည် အလွန် လျင်မြန်လှသော အရှိန်အဟုန်ဖြင့် ဝတ်ရုံရှင်ကို တိုက်ခိုက်လိုက်သည်။

ဝတ်ရုံရှင်ကလည်း လျင်မြန်လှသည်။

လက်ထဲမှပလွေကိုငွေယမ်းကာ ဆီးကြို တိုက်ခိုက်လိုက်သည်။

'ချွမ်း'

ဘွားဘွားလျှံနှင့် မြင်းလှည်းမောင်းသူ အဘိုးအိုတို့ကလည်း ဖူချန်စိန်ကို ဝဲယာနှစ်ဖက်မှနေ၍ ဝင်ရောက် တိုက်ခိုက်ကြလေသည်။

ဖူချန်စိန်သည် ရန်သူသုံးယောက်၏ အလယ်သို့ ရောက်ရှိသွား၏။

ရန်သူများ၏ သိုင်းပညာက အဆင့်မြင့်လှသည်။

ဖူချန်စိန်မှာ တစ်ခဏအတွင်းပင် ရှုံးနိမ့်သွားရလေတော့သည်။

* * *

နှစ်ပေါင်းများစွာ တောင်ပိုင်းသိုင်းလောကအတွင်း ဖူ
မိသားစုသည် ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်ခဲ့ကြသည်။

ဖူစန်းကျေးရွာဟူသော အမည်မှာလည်း တောင်ပိုင်းသိုင်း
လောကအတွင်း ဝယ် ပျံ့နှံ့မွှေးခဲ့လေ၏။



ယခုတော့ ဖူစန်းကျေးရွာသည် မီးသောင်ပြင်တစ်ခု ဖြစ်သွားရပြီ။

ဖူမိသားစုမှာလည်း သိုင်းလောကတွင်းမှ ပျောက်ကွယ်သွားရချေပြီ။

ဖူမိသားစု ပျက်သုဉ်းသွားခြင်းသည် အနောက်တောင်သိုင်းလောကသားများအဖို့ အလွန် ဝမ်းသာဖွယ်ရာသတင်းပင်ဖြစ်၏။

အဖြူရောင်သိုင်းလောကအတွက်မူ အလွန်ပင် ကြီးမားလှသော ရှုံးဆုံးမှုတစ်ခုသာဖြစ်ပေသည်။

ဖူမိသားစု ပျက်သုဉ်းသွားရပြီဟူသော သတင်းသည် တောင်ပိုင်းသိုင်းလောကသားများ အားလုံးအတွက် သွေးပျက်ဖွယ်ရာသတင်းတစ်ပုဒ်ပင် ဖြစ်ပါတော့သည်။

* * *

ဝက်ရုံရှင်ဟူသောအမည်သည် ကြားရသူအဖို့ ထိတ်လန့်
ဖွယ် ဖြစ်လာခဲ့သည်။

ဝတ်ရုံရှင်နှင့် တွေ့ဆုံရခြင်းသည် သေမင်းနှင့် တွေ့ဆုံရ
ခြင်းပင် ယူဆလာကြ၏။

ဝတ်ရုံရှင်သည်တောင်ပိုင်းသိုင်းလောကအတွက် မကောင်းဆိုးဝါး မိစ္ဆာကောင်ဟုဆိုလျှင်လည်း မှားမည်မထင်ပါ။

ဝံပုလွေတောင်ကုန်း သစ်ခေါင်းစခန်းနှင့် ဖူစန်းကျေးရွာတို့သည် ဝတ်ရုံရှင်၏ လက်ချက်ကြောင့် ပျက်စီး သွားခဲ့ရသည်။

ထိုသတင်းကြောင့် တောင်ပိုင်းသိုင်းလောကအဖွဲ့အစည်းများမှာ ဝတ်ရုံရှင်ကို အန်တုလိုစိတ်များ ကုန်ခန်းသွားကြသည်။

ခြိမ်းခြောက်ခံရသော သိုင်းအဖွဲ့များအနက် ရှိရှင်းအဖွဲ့၊ ရွှေကျာအဖွဲ့၊ လှနှစ်လက်အဖွဲ့၊ ဒေဝီချင်ချင်အဖွဲ့၊ သိန်းငှက်အဖွဲ့နှင့်ခဒ်အာမခံဌာနတို့သည် ဝတ်ရုံရှင်ထံမှ အချုပ်အချယ်မဲ့တံဆိပ်တော်ကို ဝယ်ယူ၍ အညံ့ခံခဲ့ကြလေသည်။

အညံ့မခံသေးသော အဖွဲ့ဟူ၍ သုံးဖွဲ့သာ ကျန်တော့သည်။

ထိုသုံးဖွဲ့မှာ မြို့စားရဲကိုက်၊ ခေါ်ရဲကိုက်နှင့် မြင်းဖြူကျေးရွာကိုပင် ဖြစ်ပါသည်။

ထိုအဖွဲ့သုံးဖွဲ့စလုံး သည် ဝတ်ရုံရှင်နှင့်ပတ်သက်၍ ခေါင်း နေကြမည်မှာ သေချာလှပေသည်။



မြင်းဖြူကျေးရွာ။

မြင်းဖြူကျေးရွာအတွင်းဝယ် မြင်းဟီသံပင်မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

အလွန် တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ကျေးရွာအတွင်းဝယ် လူမှ ရှိပါသလောဟုပင် တွေးတောစရာ ဖြစ်နေပေသည်။

အမှန်စင်စစ် မြင်းဖြူကျေးရွာအတွင်း လူများရှိနေပါသည်။

အားလုံးသည် ခန်းမကျယ်သတွင်း စုဝေး နေကြခြင်းဖြစ်၏။

မြင်းဖြူကျေးရွာသားတို့၏ သက်တမ်းတစ်လျှောက်၌ကဲ့သို့ခန်းမတွင်း စုဝေးကြခြင်းမှာ အလွန်ပင် နည်းပါးသည်။

ခေါင်းဆောင်သစ် ဟင်မြှောက်ပွဲကျင်းသာ စုဝေးဖူးပေသည်။

မြင်းဖြူကျေးရွာတွင် ကျင်စန်ပင်ကျေးရွာရှင် အဖြစ် ခံယူခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာပြီဖြစ်၏။

ထို့ကြောင့် ခန်းမအတွင်း ယခုလိုစုဝေးခြင်းမျိုး မပြုခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှပင်ရှိပြီဖြစ်သည်။

ယနေ့ထူးထူးခြားခြား ကျေးရွာသားအားလုံး ခန်းမအတွင်းစုဝေးနေကြ၏။

ခေါင်းဆောင်သစ် ဟင်မြှောက်ပွဲပင်လော။

ဤသို့ဆိုလျှင် ကျင့်စန်အစား မည်သူက အရှင်သခင် ဖြစ်လာသနည်း။

မဟုတ်ပါ။

ခေါင်းဆောင်သစ်တင်မြှောက်ပွဲမဟုတ်ပါ။

ခေါင်းဆောင်မှာ ကျင့်စန်သာဖြစ်သည်။

ကျင့်စန်ရာထူးမှ နုတ်ထွက်ခြင်းမရှိပါ။

ဤသို့ဆိုလျှင် အဘယ်ကြောင့်ယခုလိုခန်းမအတွင်း ကျေးရွာသားများအားလုံး စုဝေးနေရပါသနည်း။

ထိုအချက်အားလုံး သိချင်ကြ၏။

ကျေးရွာသားများ စုံလင်စွာရှိနေသော်လည်း စကား သံ ပင်မကြားရဘဲ တိတ်ဆိတ်နေခြင်းက ထူးခြားသည်။

ခန်းမကျယ်တွင်း ကျေးရွာသားများ စုံလင်စွာ ရောက်ရှိနေပြီဖြစ်သော်ငြားလည်း စင်မြင့်ပေါ်ဝယ် မည်သူမျှ မရှိသေးပါ။

အားလုံးသည် ငြိမ်သက်စွာထိုင်နေရင်း စင်မြင့်ပေါ်သို့ ကြည့်နေကြ၏။

ထိုစဉ် စင်မြင့်အနောက်ဘက်မှ တံခါးငယ် ပွင့်သွား၏။

အဖြူရောင် ဝတ်စုံဝတ်ဆင်ထားသော လူငါးယောက်က တန်းစီဝင်ရောက်လာကြ၏။

ထိုငါးဦးသည် စင်မြင့်ပေါ်ရှိကုလားထိုင် အနောက်ဘက်တွင် တန်းစီကာ ရပ်တန့်ပိုက်သည်။

မကြာမီ တံခါးငယ်မှတစ်ဆင့် စင်မြင့်ပေါ်သို့ အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသော လူတစ်ယောက် ဝင်ရောက်လာ၏။



ထိုလူ စင်မြင့်ပေါ်ရောက်လာသည်နှင့် မြင်းဖြူကျေးရွာသားတို့အားလုံး ထရပ်ကာ အရိုအသေပြုကြသည်။

ထိုလူကား မြင်းဖြူကျေးရွာအရှင်သခင်ကျင့်စန်ပင် ဖြစ်ပါသည်။

ကျင့်စန်သည် တောင်ပိုင်းသိုင်းလောက ထိပ်သီး ဆယ်ဦးထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။

ယခု ကျင့်စန်သည် ဖျော့တော့သော တက်ကြွသော ဟန်အမူ မရှိပါ။

သူ၏လှုပ်ရှားမှုတို့သည် လေးလံနှေးကွေးနေ၏။

ကျင့်စန်အား ကြည့်ရသည်မှာ စိတ်ဒေါသမျှား ကျဆင်းနေဟန်ရှိပေသည်။

ကျင့်စန်သည် အားလုံးကို လက်စေ့ ယမ်းပြလိုက်ပြီးနောက် ကုလားထိုင်တွင် ဝင်ထိုင်သည်။

ကျေးရွာသားများကလည်း ပြန်လည်ထိုင်ကြ၏။

ကျင့်စန်က ချောင်းတစ်ချက်ဟန့်ပြီး စကားစလိုက်လေသည်။

'ဒီကနေ့အားလုံးကို ခေါ်ယူရတာကတော့ အားလုံးသိကြတဲ့အတိုင်း ဝတ်ရုံရှင်ကိစ္စအတွက်ပဲဖြစ်ပါတယ်'

အားလုံး ငြိမ်သက်နေကြ၏။

ကျင့်စန်က....

'ဝတ်ရုံရှင်ဆိုတဲ့ လူထူးဆန်းဟာ တောင်ပိုင်းသိုင်းလောကကို မချောင်းလင့်ဘဲ ဝင်ရောက်လာပြီး မုန်တိုင်းလိုမွှေနှောက်ခဲ့တယ်၊ သူဟာတောင်ပိုင်း သိုင်းလောက အဖွဲ့ အစည်းတွေ

အားလုံးကို သွေးချောင်းစီးအောင်ရမယ်ဆိုပြီး ခြိမ်းခြောက်
စိန်ခေါ်လာခဲ့တယ်'

ကျော်စိန်က စကားကိုခေတ္တရပ်တန့်ပြီး အားလုံးကို စေ့စေ့
ကြည့်သည်။

ပြီးမှ စကားကိုဆက်လိုက်၏။

'ကျုပ်တို့ ဘောင်ပိုင်းသိုင်းလောကအဖွဲ့အစည်းဟာ ညံ့
တဲ့လူတွေမဟုတ်ကြပါဘူး၊ သတ္တိလဲနည်းကြတဲ့လူတွေ မဟုတ်
ပါဘူး၊ ဒါပေမယ့်လဲ ဝတ်ရုံရှင်ဆိုတဲ့ လူထူးဆန်းရဲ့ သိုင်း
ပညာဟာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် မြင့်မား
နေခဲ့တာကို အားလုံးသိကြပြီးဖြစ်ပါလိမ့်မယ်၊ အခု သူ့ရဲ့
လက်ချက်နဲ့ သိုင်းအဖွဲ့သုံးဖွဲ့ဟာ လုံးဝပျက်စီး သွားခဲ့ရပါ
တယ်၊ ကျန်တဲ့သိုင်းအဖွဲ့တွေဟာလဲ ဝတ်ရုံရှင်ရဲ့ခြိမ်းခြောက်
မှုအောက်မှာ ဒူးထောက်အညံ့ခံခဲ့ရပါတယ်'

သူသည် ချောင်းတဟွတ်ဟွတ်ဆိုလိုက်၏။

ပြီးမှ သူက စကားဆက်၏။

'အခု သိုင်းအဖွဲ့စည်း တစ်ဆယ့်နှစ်ဖွဲ့ အနက် သုံးဖွဲ့ဟာ
လုံးဝပျက်စီးသွားခဲ့ပြီ၊ အဖွဲ့ခြောက်ဖွဲ့ကတော့ အညံ့ခံခဲ့ကြ
တယ်၊ ကျုပ်တို့ကျေးရွာရယ်၊ မြို့စားရဲတိုက်နဲ့ ဓားရဲတိုက်ပဲ
ကျန်တော့တယ်၊ ဒီမှာ ကျုပ်ပြောချင်တယ် ဓားရဲတိုက်ဟာ
လဲ အင်အား တောင့်တင်းပါတယ်၊ သူတို့နှစ်ဖွဲ့ဟာ ဝတ်ရုံ
ရှင်ကို ဘယ်တော့မှအညံ့ခံကြမယ်လို့မထင်ပါဘူး'

အားလုံးက ငြိမ်သက်စွာ နားထောင်နေကြ၏။

ကျော်စိန်က ဆက်ပြောလိုက်၏။



'ကျုပ်တို့ ကျေးရွာအနေနဲ့ မိမိအင်အားကို ပြန်ကြည့်ရ
ပါမယ်၊ ကျုပ်တို့ ကျေးရွာမှာ ကျုပ်အပါအဝင် သိုင်း
ပညာ ဆင့်မြင့်တဲ့လူ စုစုပေါင်း ဆယ်ယောက်မပြည့်ပါဘူး၊
အားလုံးဟာ သိုင်းပညာထက် မြင်းမွေးမှုကိုပဲ ကျွမ်းကျင်
ကြပါတယ်၊ ကျုပ်အနေနဲ့ ဝတ်ရုံရှင်ကို ဘယ်တော့မှ
ဒူးမထောက်လိုပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ အင်အားဟာ
ဝတ်ရုံရှင်ကို ခုခံနိုင်မယ့် အနေအထားမရှိဘူး၊ ကျုပ်ထက်
အင်အား တောင့်တင်းတဲ့ ဝံပုလွေအသင်းကန်းတို့ ဖူစန်း
ကျေးရွာတို့တောင်မှ ဝတ်ရုံရှင်ရဲ့ လက်ချက်နဲ့ ပြိုကွဲပျက်စီး
သွားရတော့ ကျုပ် အလေးအနက်ထား စဉ်းစားလာရပြီ၊
ကျုပ် အသက်သေရတာ မကြောက်ပါဘူး ဒါပေမယ့်
ကျုပ်ရဲ့ ကျေးရွာသားအားလုံး အသက်သေရမယ့်ကိစ္စကိုတော့
ကျုပ်....ကျုပ်'

သူသည် စိတ်ထိခိုက်လွန်းသဖြင့် စကားမဆက်နိုင်ဘဲ ရှိနေ
သည်။

ချောင်းလည်း တဟွတ်ဟွတ်ဆို လာလေသည်။

တော်ကြာမှ ကျော်စိန်က စကားဆက်ပြောနိုင်၏။

'ဒီတော့ ကျုပ်ကို ရွာရဲ့အကြီးအကဲဖြစ်က နုတ်ထွက်ခွင့်
ပြုကြပါ၊ ကျုပ်ဟာ ကျေးရွာသားတွေကို ကာကွယ်နိုင်စွမ်း
မရှိတဲ့အတွက် ဒီရာထူး နဲ့ မထိုက်တန်တော့ပါဘူး'

သူ၏ အသံသည် ဆို့နင့်ကြေကွဲနေ၏။

ကျေးရွာသားများက—

'ခေါင်းဆောင်ကြီးရာထူးကထွက်ဖို့ မလိုပါဘူး'

ဟု စိုင်း၍ အော်ဟစ်ကြ၏။

ကျင်စန်းက လက်ဝှေ့ယမ်း၏။

တစ်ယောက်တစ်ပေါက်အော်ဟစ်သံများက ငြိမ်ကျသွားသည်။

ကျင်စန်းက....

'အခုကိစ္စမှာ ကျုပ်တို့ နည်းလမ်းနှစ်ခုကို ရွေးချယ်ရမယ်၊ နည်းလမ်းတစ်ခုက ကျုပ်တို့ဟာ ဝတ်ရုံရှင်ကို သေဆုံးသည်အထိ ခုခံတိုက်ခိုက်ဖို့ပဲ၊ နောက်ထပ် နည်းလမ်းတစ်ခုကတော့ တခြား သိုင်းအဖွဲ့တွေလိုပဲ ဝတ်ရုံရှင်ရဲ့ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ဝယ်ယူဖို့ပါပဲ'

အားလုံး တွေဝေသွားကြ၏။

ကျင်စန်းက...

'အများသဘောတူရာ နည်းလမ်းတစ်ခုကိုတော့ ကျုပ်တို့ အမြန်ဆုံးရွေးချယ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ ဝတ်ရုံရှင်ဟာ ကျုပ်တို့ဆီ မကြာခင်ရောက်လာမယ်ဆိုတာ သေချာနေပါပြီ'

ကျေးရွာသားများကား တစ်ယောက် တစ်ပေါက်နှင့်ဆူညံသွားကြ၏။

အချို့ကလည်း အချုပ်အချယ်မဲ့တံဆိပ်တော်ကို ဝယ်လိုကြ၏။

အချို့ကလည်း သူတစ်ပါးထံ ဒူးထောက်ရသည်ထက် တိုက်ခိုက်ရင်း သေသည်ကမှ မြတ်သည်ဟုယူဆပြီး တံဆိပ်တော်ကို မဝယ်ဘဲ တိုက်ခိုက်လိုကြပေသည်။



အားလုံး အယူအဆမျိုးစုံဖြစ်နေကြလေသည်။

ထို့ကြောင့် တစ်ယောက်တစ်ပေါက်နှင့် စကားသံများက ခန်းမတွင်း ဆူညံနေပေသည်။

ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်မှုမရှိပါ။

ကျင်စန်းက လက်ဝှေ့ယမ်းသည်။

အသံများ ငြိမ်ကျသွားပြန်လေသည်။

ကျင်စန်းက—

'ဒီကိစ္စအတွက် ကျုပ်အချိန်အတော်ကြာကြာကို စဉ်းစားခဲ့ပြီးပါပြီ၊ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကျုပ်မာနချရတော့မယ်၊ ကျုပ် အရှုံးပေးလိုက်တော့မယ်'

သူ၏ စကားသံသည် တုန်ခါနေ၏။

အားလုံးငြိမ်ကျသွားရာမှ ဆူညံသွားပြန်၏။

ကျင်စန်းက ထရပ်လိုက်၏။

'ကဲ—အားလုံး အေးအေးချမ်းချမ်းနေထိုင်ကြပါ၊ တံဆိပ်တော်ကို ဝယ်ယူဖို့ ကျုပ်စီစဉ်ပါ့မယ်'

ရွာသားများက ကျင်စန်းအား အရိုအသေပြုလိုက်ကြ၏။

ရွာသားအများစုသည် သိုင်းပညာအသင့်အတင့်သာတတ်ကြသည်။

ထို့ကြောင့် ဝတ်ရုံရှင်နှင့်ရင်ဆိုင်ရန်ကို စိတ်ထဲမှ ကြောက်ရွံ့နေပေသည်။

ဖွင့်မပြောရဲကြသော်လည်း အချုပ်အချယ်မဲ့တံဆိပ်တော်ကို ဝယ်ယူလိုကြသည်က အမှန်ပင်ဖြစ်ပါသည်။

ယခု ကျော်စန်းဘ သူတို့ကိုယ်စားအဆုံးအဖြတ်ပေးလိုက်ပြီဖြစ်ပါသည်။

*

'ဟား...ဟား—ဟား'

ရယ်မောသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ ဝတ်ရုံရှင်က သဘောကျစွာ ရယ်မောနေ၏။

ယခု တောင်ပိုင်းသိုင်းလောကသည် သူ၏ လက်ခုပ်အတွင်းသို့ ရောက်ရှိလာပြီမဟုတ်ပါလား။

အချုပ်အချယ်မဲ့တံဆိပ်တော် ရောင်းချရငွေများကြောင့်လည်း သူတို့သည် အလွန်ပင် ကြွယ်ဝလာခဲ့ပြီဖြစ်သည်။

ဘွားဘွားလျှံက...

'သခင်ကြီး....အခုဆိုရင် တောင်ပိုင်းသိုင်းလောက တစ်ခုလုံး ကျွန်မတို့လက်အောက် ရောက်ရှိလာပါပြီ'

ကျင်ရှောင်ရန်က....

'ဟုတ်တယ် ဖေဖေ၊ သမီးတို့ရဲ့ ပထမအဆင့်က တောင်ပိုင်း သိုင်းလောက တစ်ခုလုံး ကို သမီးတို့လက်အောက် ရောက်ဖို့ပဲ၊ အခုတော့ ပထမအဆင့်အောင်မြင်ပါပြီ၊ ဒုတိယအဆင့်က ဘယ်လိုစီစဉ်မှာလဲ၊ ပြောပါဦး'



ဘွားဘွားလျှံက....

'ဟုတ်တယ် သခင်ကြီး၊ ဒုတိယအဆင့်အတွက် မြေလှမ်းဖြင့်ဖို့ အချိန်လ : သင့်ပါပြီ'

ဝတ်ရုံရှင်က လက်ကာပြသည်။

'မာ ရဲတိုက်နဲ့ မြို့စားရဲတိုက် ကျန်သေးတယ်'

ဘွားဘွားလျှံက...

'ဒီနှစ်ဖွဲ့ဟာ မပြောပလောက်ပါဘူး'

ဝတ်ရုံရှင်က—

'တောင်ပိုင်း သိုင်းလောကမှာ ခေါ်ရဲတိုက်နဲ့ မြို့စားရဲတိုက်ဟာ ထိပ်ဆုံးမှာ ရှိကြတယ်၊ သူတို့ကို အထင်မသေးနဲ့'

ကျင်ရှောင်ရန်က...

'အထင်သေးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြို့စားကြီးကို ဖေဖေက အလွယ်တကူ အနိုင်ယူခဲ့တာပဲ မဟုတ်ဘူးလား'

ဝတ်ရုံရှင်က ...

'ဒီတစ်ကြိမ်မှာ သူတို့ရဲ့ အင်အားကိုပါ ထည့်တွက်ရလိမ့်မယ်'

ဘွားဘွားလျှံက....

'ဟုတ်ကဲ့ သခင်ကြီး'

ဝတ်ရုံရှင်က....

'တောင်ပိုင်း သိုင်းလောက တစ်ခုလုံး ကျုပ်လက်အောက်ကို ရောက်လာပေမယ့် ကျုပ်တွေ့ချင်တဲ့လူက ခုထက်ထိပေါ်မလာခဲ့ဘူး'

ဟု မကျေနပ်သော လေသံဖြင့် ပြော၏။

ကျင်ရှောင်ယန်က....

'ဖေဖေ့ရဲ့ မဟာရန်သူ ဆိုတာလား'

'ဟုတ်တယ်'

ဘွားဘွားလျှံက...

'သခင်ကြီးရဲ့ မဟာရန်သူက ဟိုတစ်ခါ လိုက်စုံစမ်းနေတဲ့ စွယ်စုံသိုင်းသမား ဆွေယင်ဟုန် ဆိုတာလား'

ဝတ်ရုံရှင်က ခေါင်းညိတ်၏။

ကျင်ရှောင်ရန်က—

'ဒီလူကို စုံစမ်းလို့မှ မရခဲ့တာပဲ'

ဝတ်ရုံရှင်က....

'ကျုပ် အခုလို တောင်ပိုင်းသိုင်းလောကကို မွှေနှောက်နေတာဟာ သူ ထွက်လာအောင်လို့ပဲ၊ သူဟာ တောင်ပိုင်းသိုင်းလောက တစ်ခုလုံး အခုလို ဖရိုဖရဲဖြစ်နေတဲ့သတင်းကြားရင် ဘယ်နည်းနဲ့မှ ငြိမ်နေမှာ မဟုတ်ဘူး၊ ထွက်လာမှာပဲ'

ဘွားဘွားလျှံက....

'အခု သူ ထွက် ပေါ် မ လာ သေး ဘူး၊ ဒီတော့ သူဟာ လောကထဲမှာ ရှိသေးရဲ့လား သခင်ကြီး'

ဝတ်ရုံရှင်က မဲ့လိုက်၏။

'သူ သေမှာ မဟုတ်ဘူး၊ သူကလဲ ကျုပ်ကို အလွန်တွေ့ချင်နေမှာ သေချာတယ်'

ကျင်ရှောင်ရန်က....



'ဒါတွေ ထားပါတော့၊ အခု သမီးတို့ ဘာဆက်လုပ်ရမလဲ'

ဝတ်ရုံရှင်က ပြုံးပြီး—

'နဂိုအစီအစဉ် အတိုင်းပဲပေါ့'

'ဒါဆို သမီးတို့ ခားရဲတိုက်ကို သွားတာပေါ့'

'ကောင်းပြီ၊ မပေါ့ဆနဲ့'

ဘွားဘွားလျှံက....

'ကျွန်မ ရှိပါတယ်'

ဝတ်ရုံရှင်က ရယ်ပြီး—

'တင်ဝှမ်ကို သတိထား၊ အကောင်းဆုံးကတော့ ခားရဲတိုက်ထဲ မဝင်နဲ့၊ သူတို့ဟာ ထောင်ချောက်ဆင်ထားနိုင်တယ်'

'ဘွားဘွားလျှံက....

'ဟုတ်ကဲ့....သခင်ကြီး'

ခေါ်းရဲတိုက်....

မကောင်းမှုင်းသိုင်းလောကဝယ် ထင်ရှားသော သိုင်းအဖွဲ့တစ်ခု ဖြစ်သည်။

ကောင်းပိုင်းသိုင်းလောက၌ နံပါတ်တစ်နေရာရှိသောအဖွဲ့ဟု ဆိုရပေမည်။

ခေါ်းရဲတိုက်ရှင် တင်ဝှမ်သည် သိုင်းလောက အတွေ့အကြုံကြွယ်ဝသူတစ်ဦး ဖြစ်ပြီး သိုင်းပညာ ကောင်းလှ၏။

သူ၏ ခေါ်းပညာသည် အဆင့်မြင့်မားလှသည်ဟု အားလုံးလက်ခံထားကြသည်။

ယနေ့ ခေါ်းရဲတိုက်တစ်ခုလုံး ငြိမ်သက်နေ၏။

ခေါ်းရဲတိုက် တံခါးဝကို တင်းကြပ်စွာ ပိတ်ထား၏။

လှုပ်ရှားသူမယောင်လည်း မတွေ့ရပေ။

'ခွပ် ခွပ် ခွပ်'

ထိုစဉ် လမ်းမအတိုင်း မြင်းခွာသံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းပင် လမ်းမအတိုင်း ပြေးလွှားလာနေသည့် မြင်းလှည်းတစ်စီးကို တွေ့ရ၏။

မြင်းလှည်းသည် ခေါ်းရဲတိုက်နှင့် မနီးမဝေး လမ်းပေါ်တွင် ရပ်သွားသည်။

ထိုမြင်းလှည်းပေါ်မှ မိန်းကလေးတစ်ယောက်နှင့် အဘွားအိုတစ်ယောက် ဆင်းလာကြ၏။

ကျင်ရှောင်ရန်နှင့် ဘွားဘွားလျူတို့ ဖြစ်သည်။

မြင်းလှည်းသမား အဘိုးအိုက -

'ကျုပ်ပါ လိုက်ခဲ့ရမလား'



ဟု လှမ်းမေးသည်။

ကျင်ရှောင်ရင်က စဉ်းစားပြီး--

'ကိစ္စမရှိပါဘူး၊ ခြေအနေကြည့်ပြီးမှ ဘဘ လာခဲ့ပါ၊ ကျွန်မတို့နဲ့တင် ဖြစ်မယ်ထင်ပါတယ်'

မြင်းလှည်းသမား အဘိုးအိုက -

'တင်ဝှမ်ဟာ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ဝယ်လိမ့်မယ်လို့ မမျှော်လင့်ကြနဲ့'

ဟု သတိပေးလိုက်၏။

ကျင်ရှောင်ယန် ခေါင်းညိတ်လိုက်၏။

'သူဟာ သိုင်းအဘက်အသက်စွန့်သွားမယ့်လူတစ်ယောက်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် အခု ကိစ္စက သူတစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ သူ့ရဲ့ မယ်သားအားလုံးရဲ့ အသက်ရှင်သန်ရေးဟာ သူ့ရဲ့အဆုံးအဖြတ်ပေါ်မှာ မူတည်နေတယ်၊ ဒါကို သူနားလည်မှာပါ'

မြင်းလှည်းသမား အဘိုးအိုက....

'တင်းဝှမ်းဟာ ခေါင်းမာလွန်းတယ်'

ထိုစဉ် မြင်းခွာသံများ ထွက်ပေါ်လာ၏။

ကျင်းရှောင်ယန်က လှည့်ကြည့်လိုက်ရာ မြင်းစီးသမားသုံးယောက် လျှင်မြန်စွာ ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားများသည် အဝါရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထား၏။

ကျင်းရှောင်ယန် မျက်မှောင်ကုပ်သွား၏။

ထိုအခိုက် မြင်းစီးသမား သုံးယောက်သည် ကျောင်းရှောင်ရန်အနီး ရောက်ရှိကာ မြင်းကို ရပ်တန့်လိုက်၏။

မြင်းပေါ်မှ ခုန်ဆင်းလာပြီး ကျောင်းရှောင်ယန်အား အရိုအသေ ပြုလိုက်ကြလေသည်။

ကျောင်းရှောင်ရန်က....

'ဘာကိစ္စလဲ'

သူမအသံက စိတ်ရှုပ်နေဟန်ရှိ၏။

ဓားရဲတိုက်ဝင်ကာ နီးမှလိုက်လာကြသဖြင့် စိတ်ရှုပ်သွားခြင်း ဖြစ်သည်။

ဝတ်စုံဝါများသည် သူမဖခင် လက်အောက်မှ လက်မရှိ့များ ဖြစ်ကြသည်။

ဝတ်စုံဝါတစ်ဦးက....

'သခင်ကြီးက သခင်မလေးအတွက် ကူညီဖို့ လွှတ်လိုက်တာပါ'

ကျောင်းရှောင်ရန် သက်ပြင်းချလိုက်၏။

ထို့ကြောင့် ဘာမျှမပြောတော့ပါ။

'ကဲ...သွားစို့'

ကျောင်းရှောင်ရန်နှင့် ဘွားဘွားလျှံတို့သည် ဝတ်စုံဝါ သုံးယောက်နှင့်အတူ ဓားရဲတိုက်ဆီသို့ လျှောက်သွားကြလေသည်။

ဓားရဲတိုက်အနီး ရောက်မှ ရပ်တန့်လိုက်ကြ၏။

ကျောင်းရှောင်ရန်က ဓားရဲတိုက်အား စေ့ကြည့် အကဲခတ်လိုက်၏။



လူရိပ်လူယောင် မတွေ့ရပါ။

လူသံလဲ မကြားရပါ။

ကျောင်းရှောင်ရန်က ဘွားဘွားလျှံဘက် ကြည့်လိုက်လေသည်။

ဘွားဘွားလျှံက....

'တိတ်ဆိတ်နေပါလား၊ အထဲမှာ ဘာတွေ ကြံစည်နေကြသလဲ မသိဘူး'

ကျောင်းရှောင်ရန်က –

'လူကော ရှိရဲ့လား'

ဘွားဘွားလျှံက....

'လွန်ခဲ့တဲ့ သုံးရက်အထိ အားလုံးရှိတယ်'

ကျောင်းရှောင်ရန်က....

'ဒါဆို သူတို့က ခုခုဖို့ အစီအစဉ်ရှိပုံရတယ်'

'ဖြစ်နိုင်တယ် သခင်မလေး၊ သတိထားပါ'

ကျောင်းရှောင်ရန်က ခေါင်းညိတ်လိုက်၏။

ထို့နောက် သူမက အသံမြှင့်ကာ အော်ပြောလိုက်လေသည်။

'ဓားရဲတိုက်ရှင် ရှိပါသလားရှင်'

တုန့်ပြန်သံ အလျဉ်းမရှိပါ။

ကျောင်းရှောင်ရန်က ဘွားဘွားလျှံဘက်သို့ လှည့် ကြည့်လိုက်၏။

ဘွားဘွားလျှံက မဲ့ပြုံးပြုံးလိုက်၏။

'ဓားရဲတိုက်ထဲမှာ ဘယ်သူမှ မရှိကြဘူးလားဟေ့'

သူမသည် အတွင်းအားကို အသုံးပြုကာ အော်ဟစ်လိုက်ခြင်းဖြစ်သည်။

သူမ၏ အသံသည် ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

စည်မျကျယ်လောင်သနည်းဆိုရလျှင် နွားပင်းသူများပင် ကြားနိုင်လောက်ပေသည်။

ဘွားဘွားလျှ၏ အသံသည် ဓားရဲတိုက်အတွင်းမှ ပဲ့တင်ထပ်ကာ ပြန်လည်ထွက်ပေါ်လာသည်။ အထဲမှ တုံ့ပြန်သံကား မရှိပါ။

ကျင်ရှောင်ရန်က....

'တယ်သူမှ မရှိကြဘူးနဲ့တူတယ်'

ဘွားဘွားလျှကခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ သူတို့ ဒီမှာ မရှိဘဲမနေဘူး'

'ထွက်ပြေးသွားရင်ကော'

'ဓားရဲတိုက်ရှင် အင်ဝှမ်ဟာ ထွက်ပြေးမယ့် လူစားမျိုးလို့ ကျုပ်တော့ မထင်ဘူး'

'ဒါဆို ကျွန်မတို့ ဘာလုပ်ကြမလဲ'

ဘွားဘွားလျှက တစ်ချက် စဉ်းစားလိုက်ပြီး....

'သူတို့က ထွက်မလာရင် ကျုပ်တို့က ဝင်သွားကြတာပေါ့ သခင်မလေး'

'ဖြင်ပါ့မလား'



ဘွားဘွားလျှက နှာခေါင်းရှုံ့လိုက်ပြီး....

'ဘာလို့ မဖြစ်ရမှာလဲ၊ တင်ဝှမ်လောက်ကို ဂရုစိုက်ရမှာလား'

ကျင်ရှောင်ရန်က

'ကောင်းပြီလေ၊ ဒါဆိုလဲ ကျွန်မတို့ ဝင်ကြတာပေါ့'

ဘွားဘွားလျှက တံခါးဝသို့ လျှောက်သွားသည်။

ထို့နောက် တံခါးကို လက်ဝါးနှစ်ဖက်ဖြင့် တွန်းလိုက်သည်။

'စုန်း'

တံခါးသည် စေ့ရုံသာ စေ့ထားသည့်အတွက်ကြောင့် ဘွားဘွားလျှက တွန်းလိုက်သောအခါ ခါယမ်းပြီး ပွင့်ထွက်သွားဒလသည်။

'တံခါးဖွင့်ထားဘာကိုး'

ဘွားဘွားလျှက တံခါးဝတွင် ရပ်ကာ အတွင်းသို့ ကြည့်လိုက်သည်။

တံခါးဝမှရဲတိုက်အထိ ကျောက်ဖြူခင်းထားသော လမ်းကလေးမှာ ပေတစ်ရာခန့်သာ ရှည်လျားပေသည်။

ထို့နောက် ကျောက်ဖြူလမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် ရောင်စုံ ပန်းပင်ကလေးများကို စိုက်ပျိုးထားသည်။

ဘွားဘွားလျှံက သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ခြံဝင်းအတွင်းဝယ် ပုန်းအောင်းစရာများ သိပ်မရှိပါ။ အလစ်တိုက်ခိုက်လာမည့်သူများလည်း ရှာမတွေ့ပါ။

ကျင်ရှောင်ရန်က—

'ရဲတိုက်တံခါးလဲ ဖွင့်ထားတယ်'

မှန်သည်။ ရဲတိုက်တံခါးမှာလည်း ဟောင်းလောင်းဖွင့်ထားသည်ကို လှမ်း၍ တွေ့မြင်နေရသည်။

ဘွားဘွားလျှံက....

'အေး—ထူးခြားတယ်၊ လူလဲ မတွေ့ရဘူး၊ သခင်မလေး ပြောသလို သူတို့ ထွက်ပြေးကြပြီလား မသိဘူး'

ကျင်ရှောင်ရန်က....

'ဒါဆို ကျွန်မတို့က ဘာလုပ်ကြမလဲ'

ဘွားဘွားလျှံက—



'ရောက်လာမှတော့ သေချာအောင် ဝင်ကြည့်တာပေါ့၊ တို့လက်ချက်ကလွတ်အောင် ပြေးမရနိုင်ဘူးဆိုတာလဲ ပြရဦးမယ်'

'ကောင်းပြီလေ'

ဘွားဘွားလျှံက လက်ဝှေ့လမ်းပြလိုက်၏။

ထို့နောက် ကျောက်ဖြူလမ်းအတိုင်း လျှောက်၍ဝင်လိုက်သည်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလေးငါးလှမ်းအရောက်ဝယ်....

'ရပ်လိုက်'

အသံတစ်ခုက ဟိန်းထွက်လာ၏။

ထိုအသံသည် ရဲတိုက်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘွားဘွားလျှံ ခြေလှမ်းများရပ်တန့်သွား၏။

'လူရှိနေတာကိုး'

ကျင်ရှောင်ရန်က လက်နှစ်ဖက်ဆုပ်ကာ—

'မားရဲတိုက်ရှင်နဲ့တွေ့ပါရစေ'

သူမစကားအဆုံးတွင် ရဲတိုက်တွင်းမှ ရယ်မောသံကဟိန်း ထွက်လာ၏၊

'ဟား....ဟား....ဟား....ရာရာစစ၊ ခေါ်ရဲအိုက်ရှင်နဲ့ တွေ့ ချင်တိုင်း တွေ့လို့ရမလား'

ကျင်ရွှေခင်ရန်က....

'ကျွန်မတို့က ခေါ်ရဲတိုက်အကျိုးအတွက်လာခဲ့တာပါ'

အသံရှင်က....

'မင်းတို့က တံဆိပ်တော်ကို ဗန်းပြပြီး ငွေလာညှစ်တာ မဟုတ်လား'

ဘွားဘွားလျှံ ဒေါသထွက်သွား၏။

'ဟော့....အထဲက မပြောမနေနဲ့၊ အပြင်ထွက်လာခဲ့စမ်း၊ ကျုပ်တို့ မင်းရဲ့သခင်နဲ့ စကားပြောမယ်'

အသံရှင်က....

'ခင်ဗျားတို့ လာလမ်းအတိုင်းသာ ပြန်သွားကြစမ်း၊ ဒါ ဟာ ခေါ်ရဲတိုက်က ညွှာတာမှုပဲဆိုတာ သိမှတ်လိုက်'

အသံက အလွန်ပင်အထက်စီးနိုင်လှပေသည်။



ဘွားဘွားလျှံမဆိုထားနှင့် ကျင်ရွှေခင်ရန်ပင် ဒေါသ ထွက်လာ၏။

ထိုခဏ၌ အသံရှင်ထံမှ စကားသံက ဆက်လက် ထွက်ပေါ် လာ၏။

'ခင်ဗျားတို့သခင် ဝတ်ရုံရှင်ကို ပြောလိုက်၊ အမည်နာမ ဖော်ပြမှ ဖော်မပြဝံ့တဲ့ လူတစ်ယောက်အတွက် တောင်ပိုင်း သိုင်းလောကမှာ နေစရာမရှိတော့ လို့၊ ပြီးတော့....သူ့ရဲ့ရက်စက် မှုတွေအတွက် မကြာခင် ညီမျှတဲ့ပြစ်ဒဏ်ကို ပြန်ပြီးခံစားကြရ မယ်လို့၊ ကဲ. မြန်မြန်ထွက်သွားကြစမ်း၊ တော်ကြာ ကျုပ် စိတ်ပြောင်းသွားရင် မင်းတို့အားလုံး သေကုန်မယ်'

ဘွားဘွားလျှံ ဒေါသခြောင်းခြောင်းထွက်သွား၏။

'မင်း ဘယ်ရိုင်းပါလား'

'ဘယ်သူက ရိုင်းတာလဲ၊ ခေါ်ပြတွေကများ ဒီစကားမျိုး ပြောရသလား၊ သေချင်နေသလား'

အသံရှင်က ဘွားဘွားလျှံထက်ပင် ပို၍မောက်မာနေ၏။ ဘွားဘွားလျှံ ဒေါသထိန်းမရတော့ပါ။

'ကောင်းပြီ ဝင်ရှရှင်မလာခင် ကျုပ်က နံညီး ညီး ပညာပေးခဲ့ဦးမယ် ထွက်လာခဲ့စမ်း'

အသံရှင်က....

အပိုတွေ လျှောက်ပြောမနေနဲ့၊ ခင်ဗျားလို သေခါနီး အဘွားကြီးက ဘာအစွမ်းထက်နိုင်မှာမို့လဲ'

'တောက်'

အသံရှင်က ဘွားဘွားလျှံ ပို၍မခံချင်အောင် လှောင်ပြောင်ရယ်မောဏ်။

ဒေါသသည် အသိဉာဏ်ကို ဖုံးလွှမ်းစေ၏။

ယခုလည်း ဘွားဘွားလျှံ၏ အသိဉာဏ်များကို ဒေါသက ဖုံးလွှမ်းစေခဲ့သည်။

ဘွားဘွားလျှံသည် တောင်ဝှေးအား ဆောင့်ချ၏။

'ငုန်း'

လမ် ခင်းထားသော ကျောက်ခဲများ ကွဲကြေသွား၏။

အသံရှင်က....

'ဟော့အဘွားကြီး ဘာကြောင့်လမ်းကို ဖျက်ဆီးနေရတာလဲ အရိုက်ခံချင်နေသလား'

ဘွားဘွားလျှံ ဒေါသလုံးဝထိန်းမနိုင်တော့ပါ။



သူသည် တောင်ဝှေးကိုဆွဲကာ ရဲတိုက်ဆီသို့ တဟုန်နှံထိုး ပြေးသွားသည်။

ဝတ်စုံဝါသုံးယောက်လည်း ဘွားဘွားလျှံ၏ နောက်မှ ထပ်ကြပ်မကွာလိုက်ပါသွားကြ၏။

ဘွားဘွားလျှံနှင့် ဝတ်စုံဝါသုံးယောက်သည် ရဲတိုက်ရှေ့ ရောက်ရှိသွား၏။

ရဲတိုက်လှေကားပေါ် အထက်မှာပင်....

'ဂုန်း'

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာ၏။

ဘွားဘွားလျှံ ထိတ်လန့်သွား၏။

ချက်ချင်းပင် နောက်ကျွမ်းပစ်ကာ ရှောင်ထွက်လိုက်၏

လှေကားအောက်ဟွင် ပေါက်ကွဲ စေတတ်သော အရာများ မြှုပ်နှံထားခြင်းဖြစ်သည်။

လှေကားပေါ်နင်းလိုက်သည်နှင့် ပေါက်ကွဲသွားခြင်းဖြစ်သည်။

ဘွားဘွားလျှံသည် ရဲတိုက်ရှေ့မြေပြင်ပေါ်သို့ လှပစွာ ကျရောက်သွား၏။

အလျှံအမြန်ပင် ကိုယ်ရှိန်သတ်လိုက်ကြ၏။

'အား'

သို့သော် ဘွားဘွားလျှံနောက်မှ ကပ်လိုက်လာသော ဝက်စုံဝါတစ်ဦးမှာမူ လွတ်အောင်မရှောင်လိုက်နိုင်ပါ။

နာကျင်စွာအော်ဟစ်ရင်း မြေပေါ်လူးလိမ့်သွား၏။

ဘွားဘွားလျှံက ဝက်စုံဝါအား ကြည့်လိုက်၏။

ယမ်းစများထိမှန်ကာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟား....ဟား....ဟား'

ရဲတိုက်ထဲမှ ရယ်မောသံက ဟိန်းထွက်လာ၏။

ဘွားဘွားလျှံက—

'မင်းတို့ တယ်လဲကောက်ကျစ်ယုတ်မာပါလား'

အသံရှင်က....

'ခြိမ်းခြောက်ငွေညှစ်တယ်၊ မရရင် အားလုံးသတ်ပစ်တယ်ဆိုသာထက်စာရင်တော့ ကျုပ်တို့က ကိုယ့်ကိုကိုယ် ကာကွယ်တာပဲ၊ ကောက်ကျစ်တယ်လို့ မဆိုသာပါဘူး



'စကားမရှည်နဲ့ ထွက်လာစမ်း'

အသံရှင်က ရယ်မောလိုက်ပြီး....

'ခင်ဗျားတို့ကို ဘယ်သူကဖိတ်ခေါ်လို့ အတင်းဝင်လာရတာလဲ' အတင်းဝင်လာလို့ဖြစ်တာ ကျုပ်နဲ့မဆိုင်ဘူး၊ အဲ... သတိပေးလိုက်ဦးမယ်၊ ရဲတိုက်ထဲဝင်လာရင် ဒီထက်ပိုပြီး နောင်တရစေမယ်'

ဘွားဘွားလျှံသည် တောင်ဝှေးဖြင့် လေထဲသို့ ယမ်းကာ ရိုက်ချသည်။

'ဝုန်း....'

မြေကြီးများ ဖွာထွက်သွား၏။

အသံရှင်က ရယ်မောရင်းမှ....

'ဟေ့....အဘွားကြီး၊ ကျုပ်တို့မြေကြီးတွေကို လျှောက်ဖွမနေနဲ့'

'မင်း....မင်း... ထွက်လာစမ်း၊ မင်းကို အပိုင်းပိုင်းမခုတ်ပစ်ရရင် ကျုပ်မကျေဘူး'

'အမယ်လေး.... ကြောက်လွန်းလို့ မထွက်ပါရစေနဲ့၊ ခင်ဗျားရဲ့ မျက်နှာကိုမြင်ရတာ သရဲခြောက်သလားလို့ပါ'

အသံရှင်၏ လှောင်ပြောင်မှုကြောင့် ဘွားဘွားလျှံမှာ ယမ်းပုံမီးကျဖြစ်သွား၏၊ သူမက ရဲတိုက်အတွင်း ဒုတိယအကြိမ် ဝင်ရောက်ရန်ပြင်လိုက်၏။

'ဘွားဘွားလျှံ'
ဟု ဟန့်အားလိုက်၏။
အသံရှင်က—
'အသက်ငယ်တဲ့ မိန်းကလေးက ဉာဏ်ရှိသေးတယ်၊ သေခါနီးအဘွားကြီးက ဘယ်လဲ ဉာဏ်နည်းပါလား'
ဘွားဘွားလျှံ ဒေါသကြောင့် တစ်ကိုယ်လုံးတုန်ယင်နေ၏။
'သခင်မလေး... သူ့ကို သိပ်စော်ကားနေပြီ'
ကျင်းရှောင်ရန်က ခေါင်းညိတ်လိုက်၏။
'နေပါစေ'
'ဟင့်... သခင်မလေးက အလျှော့ပေးမလို့လား'
'သူတို့က အထဲကိုမဝင်ဝင်အောင်ဆွပေးနေတာ၊ အထဲမှာ တောင်ချောက်ဆင်ထားပုံရတယ်'
'ဘွားဘွားလျှံက....
'ငါတို့ပြန်ဆုတ်သွားမယ်ဆိုရင်....'
'ကျွန်မ သိပါတယ်၊ ဖေဖေကိုပြောပြီး ခါးရဲတိုက်ကို ချက်ချင်း ဖြိုခွဲပစ်ရမယ်'
ထိုစဉ်မှာပင် မြင်းခွာသံများ ထွက်ပေါ်လာ၏။
ဝတ်စုံဝါတစ်ဦးက—



'သခင်ကြီးတို့ ရောက်လာပြီ'
ဘွားဘွားလျှံ၏ မျက်နှာပြုံးရွှင်သွား၏။
'ကောင်းတယ်၊ ခါးရဲတိုက်တစ်ခုလုံး ပြာပုံဖြစ်သွားကြရမယ်'
ဟု ကြုံးဝါးလိုက်၏။
မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာ၏။ မကြာမီ မြင်းခွာသံများသည် ခါးရဲတိုက်အဝင်ဝတွင် ရပ်တန့်သွား၏။
ထို့နောက် ဝတ်ရုံရှင်ဦးဆောင်သော ဝတ်စုံဝါနှစ်ဆယ်နီးပါးခန့်ပါရှိလာသည်ကို တွေ့လိုက်ရလေသည်။
ဘွားဘွားလျှံက အရှိအသေပြုလိုက်ပြီး—
'ရဲတိုက်တွင်းကနေ အခံနေပါတယ် သခင်ကြီး'
ဝတ်ရုံရှင်က ခေါင်းညိတ်လိုက်၏။
'ကျုပ်သိတယ်၊ တင်းဝှမ်းဟာ ခုခံဖို့အတွက် အသေအချာ ပြင်ဆင်ထားမှာပဲ'
ဘွားဘွားလျှံက....
'သူတို့ ထောင်ချောက်တွေဆင်ထားတယ်'
ဝတ်ရုံရှင်က ရယ်မောလိုက်၏။

'ဒီတောင်ချောက်တွေကို ကျုပ်က ဂရုစိုက်နေရမယ်ဆိုရင် တောင်ပိုင်းသိုင်းလောကကို ဘယ်လိုလက်ခုပ်ထဲထည့်နိုင်တော့မှာလဲ'

သူသည် ရဲတိုက်ရှေ့သို့ တစ်လှမ်းချင်း လျှောက်သွား၏။ ရဲတိုက်လှေကားအနီးရောက်မှ ရပ်တံ့လိုက်ပြီး....

'တစ်းဝှမ်း....ခင်ဗျားအနေနဲ့ အချုပ်အချယ်မဲ့ တံဆိပ်တော်ကို ဝယ်ချင်သေးရင် အချိန်မီပါတယ်'

ဟု ပြောလိုက်လေသည်။

သူ့စကားအဆုံးတွင် ရဲတိုက်အတွင်းမှ တုံ့ပြန်သံ တစ်ဆက်တည်း ထွက်ပေါ်လာ၏။

'ကျုပ်တို့ သခင်ကြီးကလဲ ပြောပါတယ်၊ ခင်ဗျားဟာ တောင်ပိုင်းအနေ ထွက်သွားမယ်ဆိုရင် အချိန်မီပါသေးတယ်တဲ့'

ဝတ်ရုံရှင်က မဲ့လိုက်၏။

'ကောင်းပြီလေ၊ မင်းတို့သခင်က ခေါင်းမာလေတော့လဲ ဒီရဲတိုက်ကသွေးနဲ့ ကျုပ် ခြေဆေးရတာပေါ့'

သူသည် လှေကားအတိုင်း တစ်လှမ်းချင်း တက်လိုက်၏။ လှေကားထိပ် ရောက်သောအခါ....

'ဝှစ် ဝှစ် ဝှစ်'



ရဲတိုက်အတွင်းမှ မြားတံများ ပလူပျံစွာ ထွက်ပေါ်လာလေသည်။

ဝတ်ရုံရှင်က ပလွေဖြင့် ဝေ့ယမ်းကာကွယ်လိုက်၏။

ထွက်ပေါ်လာသော မြားတံများသည် ဝတ်ရုံရှင်၏ ပလွေချက်ကြောင့် အားလုံး မြေပေါ်ပြုတ်ကျသွားလေသည်။

ဝတ်ရုံရှင်က နှာခေါင်းရှုံ့လိုက်ပြီး....

'ဟွန့်....ဒီလောက်နဲ့ ကျုပ်ကိုစမ်းလို့ ရမယ်ထင်တလား'

သူသည် မြားတံရပ်သွားသည်နှင့် အထဲသို့ လှမ်းဝင်လိုက်၏။

ညွှန်ခန်းတွင် ခြေချမိသည်နှင့်–

'ဝှစ်... ဝှစ်'

နံရံနှစ်ဖက်မှ လှံရှည်နှစ်လက်သည် ကြက်ခြေခတ် အနေအထားဖြင့် ဝတ်ရုံရှင်ထံ အလွန်လျင်မြန်စွာ ဝင်ရောက်လာသည်။

ဝတ်ရုံရှင်ကား လျင်မြန်လှသည်။

ဝင်လာသော လှံရှည်နှစ်ဖက်အား ဘယ်လက် တစ်ဖက်တည်းနှင့် ဖမ်းယူလိုက်၏။

ထို့နောက် ဆက်ဝင်လာခဲ့သည်။

တိုက်ခိုက်မှုများသာရှိပြီး လူကို မတွေ့ရပါ။

ညော်ခန်းတွင်းအရောက်တွင် မည်သည့်တိုက်ခိုက်မှုမှ မရှိပါ။
ဝတ်ရုံရှင်ကမူ မပေါ်ဆပါ။
နားကို အစွမ်းကုန် ဖွင့်ထား၏။

ခေါ်ရဲကိုက်သည် အတော်ပင်ဆိုးကြီးမား၏။

ယခုထိ လူမတွေ့ရသေးပါ။

ခေါ်ရဲတိုက် အဖွဲ့သားများ မည်သည့်နေရာတွင် ပုန်းအောင်းနေကြပါသနည်း။

တစ်နေရာတွင် ရှိရမည်။

သူတို့သည် မိမိအား အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်ရန် စီစဉ်ထားကြဟန်တူပေသည်။

ဝတ်ရုံရှင်က....

'မင်းတို့ထွက်မလာရင် ကျုပ်က ရဲတိုက်တစ်ခုလုံးကို ဖျက်ဆီးပစ်ရလိမ့်မယ်'

ဟု ကျုံးဝါးလိုက်၏၊

အသံရှင်က—

'ရဲတိုက်က လူတွေတောင် သတ်မယ့်နောက်တော့ ဒါလေ ဖျက်ဆီးတာ ဘာများဖြစ်မှာလဲ'

ဝတ်ရုံရှင် ဒေါသထွက်သွား၏။



သူသည် ညော်ခန်းတွင်းမှ ပရိဘောဂများကို ရိုက်ချိုးဖျက်ဆီးလိုက်လေသည်။
'ဝုန်း'
'ဒိုင်း... ခွမ်း... ဝုန်း'
အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။
ခေါ်ရဲတိုက်၏ ခမ်းနားသော ညော်ခန်းကြီးသည် တစ်ခဏအတွင်းမှာပင် မြင်မကောင်းအောင် ပျက်စီးသွားလေသည်။
ထိုစဉ် ကျင်ရှောင်ရဲန်၊ ဘွားဘွားလျှို နှင့် ဝတ်စုံဝါများသည်လည်း ညော်ခန်းတွင်းသို့ ရောက်ရှိလာကြ၏။

အသံရှင်က
'အင်း—ခင်ဗျားက သက်မဲ့ညော်ခန်းကို ဖျက်ဆီးခဲ့တယ်၊ ဒီအတွက် ထိုက်တန်တဲ့ လျော်ကြေးကို ပေးရလိမ့်မယ်'

သူ့စကားအဆုံးတွင်...

'ရှီး'

အသံသဲ့သဲ့ ထွက်လာ၏။

ဝတ်ရုံရှင် ဆတ်ခနဲ မော့်ကြည့်လိုက်၏။

ညော်ခဖးမျက်နှာကျက်မှာ အပေါက်ကြီးတစ်ခု ဖွင့်သွားသည်။

ပိုက်ကွန်တစ်ခု ပြုကျလာ၏။

မည်းနက်သော အရာများစွာသည် ညှော့ခန်းတွင်းသို့ ပြုတ်ကျလာလေသည်။

'ဟင်'

'ဟာ'

အားလုံး အံ့အားသင့်သွားကြ၏။

ထိတ်လန့်သွားကြ၏။

လက်နက်ပုန်းများ မဟုတ်ပါ။

ပြုတ်ကျလာသော အရာများသည် အဆိပ်ပြင်းသော မြွေဆိုးများသာ ဖြစ်ပေ၏။

ဝတ်ရုံရှင်တို့လူစု အလန့်တကြားဖြစ်သွား၏။
မြွေများကို ဖယ်ရှားသုတ်သင်ပစ်ကြရ၏။

သို့သော်လည်း အလစ်မိသွားသူ ဝတ်စုံဝါဝါးဦးခန့် မြွေကိုက်ခံရပြီး သေဆုံးကြရသည်။

ဝတ်ရုံရှင် ဒေါလထွက်သွား၏။
'ဟေ့ အားလုံးသွားကြစမ်း၊ တစ်ယောက်မှ မလွတ်စေနဲ့'
သူသည် ပလွေကို ငေ့ယမ်းကာဖြင့် ရဲတိုက်အတွင်း လှည့်ပတ် ရှာဖွေလိုက်၏။
အခြားအခန်းများကိုလည်း ဝင်ကြည့်သည်။



တိုက်ခိုက်မှု မခံရတော့သလို မည်သူ့ကိုမျှလည်း မတွေ့ရပါ။

'တောက်'
ဝတ်ရုံရှင် ဒေါသကြီးစွာ တောက်ခေါက်လိုက်သည်။
ဓား ရဲတိုက်တပ်ဝှမ်သည် ထွက်ပြေးတိမ်းရှောင်သွားပြီ မဟုတ်ပါလား။

ထိုစဉ်....

'ခွပ် ခွပ် ခွပ်'

'ဟီ ဟီ ဟီ'

မြင်း ခွာသံနှင့်အတူ ရဲတိုက်ရှေ့မှ မြင်းများ၏ အော်ဟစ်သံ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ဝတ်ရုံရှင်က ချက်ချင်းပင်....

'အားလုံး အမြန်ဆုံးထွက်ကြစမ်း'

သူသည် တစ်စုံတစ်ရာတွေးမိဟန်ဖြင့် ရဲတိုက်အတွင်းမှ ကမျောကသောပင် ပြေးထွက်လိုက်၏။
ဝတ်ရုံရှင်၊ ကျင်ရှောင်ရန်၊ ဘွားဘွားလျှံ၊ မြင်းလှည်းသမား အဘိုးအိုနှင့် ဝတ်စုံဝါအချို့ အပြင်ရောက်ချိန်တွင်....

'ဝုန်း'

'ဝုန်း'

ပေါက်ကွဲသံများ ဆင့်ကာဆင့်ကာထွက်ပေါ်လာ၏။

ခားရဲတိုက်တစ်ခုလုံး ချက်ချင်းပင် ပြိုလဲသွားလေသည်။

ဝတ်စုံဝါအချို့မှာ အချိန်မီ မထွက်ခွာနိုင်တဲ့ ရဲတိုက်အတွင်း မိသွားကြဟန်တူသည်။

ဝတ်စုံရှင် ဒေါသထွက်သွား၏။

သူ၏ ငယ်သားနှစ်ဆယ်အနက် ဆယ်ဦးခန့် ကျဆုံးသွားရသည် မဟုတ်ပါလား။

တင်ဝှမ်း၏ ထောင်ချောက်ကို ကြောက်မက်ဖွယ် ကောင်းလှပေသည်။

'တင်ဝှမ်း မင်းကျုပ်လက်က ပြေးလို့ မလွတ်စေရဘူး'

သူက ကြုံးဝါးလိုက်ပြီး အပြင်သို့ ထွက်လာသည်။

'ဟင်'

သူ၏မျက်လုံးများ ပြူးကျယ်သွား၏။

အပြင်ဘက်တွင် သူတို့စီးနင်းလာသော မြင်းများအားလုံး အဆိပ်စိကာ သေဆုံးနေသည်ကို တွေ့ရသည်။

ထိုမျှ မကသေးပါ။

သူတို့မြင်းသည်းတွင်လည်း စာတစ်စောင် ချိတ်ဆွဲသား၏။

ဝတ်ရုံရှင်....

မကြာခင် မင်းအလှည့်ရောက်လာလိမ့်မယ်။

တင်ဝှမ်



ဝတ်ရုံရှင်၏မျက်နှာ မည်းမှောင်သွား၏။

သူသည် တင်ဝှမ်ကို နဂိုထက် အထင်မသေးပါ။

သို့သော်....အနည်းငယ်ပေါ့ဆမိ၏။

ထိုပေါ့ဆမှုကြောင့် တင်ဝှမ်က သူ့လက်မှလွတ်အောင် ပြေးသွားခဲ့ခြင်း မဟုတ်ပါလော။

ဘွားဘွားလျှံသည်လည်း ဒေါသထွက်နေ၏။

တောင်ပိုင်းသိုင်းလောကအတွင်း ဝင်ရောက်လာချိန်မှစ၍ တိုက်ပွဲများ ဆင်နွှဲခဲ့သည်။

တိုက်ပွဲတိုင်း အောင်ခဲ့သည်။

ထို့အတူ မိမိအင်အား ဆုံးရှုံးမှုမရှိပါ။

ယခု ခားရဲတိုက်အလှည့်တွင် ခားရဲတိုက်မှ လူများကို တစ်ယောက်မျှပင် မသုတ်သင်နိုင်တဲ့

သူတို့ဘက်မှသာ ဆယ်ဦးခန့် ကျဆုံးခဲ့ရပြီ မဟုတ်ပါလော။

ကျော်ရှောင်ရှန်က

'တင်ဝှမ်ဟာ မိန်းမညာက်နဲ့ တိုက်ခိုက်သွားတာပဲ'

ဝတ်ရုံရှင်က အံကြိတ်လိုက်ပြီး ...

'ဟုတ်တယ်၊ သူဟာ ကျုပ်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိမ့်မယ်လို့ သူ့ကို အထင်ကြီး လေးစားမိတာ မှားသွားတယ်၊ နောက်တစ်ခေါက် ကျုပ်အကြောင်း ကောင်းကောင်း ပြရဦးမှာပေါ့'

ဝတ်ရုံရှင်က ကြိတ်မနိုင်ခဲမရကြုံးဝါးလိုက်သည်။

ထို့နောက် ...မည်သူ့ကိုမျှ မစောင့်တော့ဘဲ ချာခနဲ လှည့်ကာ ထွက်ခွာသွားတော့သည်။

* *

မြို့စားရဲတိုက်....

တောင်ပိုင်းတစ်ခွင်ရှိ ရဲတိုက်များအနက် ပိသုကာလက်ရာ အပြောင်မြောက်ဆုံးသော ရဲတိုက်တစ်ခုပင် ဖြစ်သည်။

ရဲတိုက်တံခါးက တင်းကြပ်စွာ ပိတ်ထား၏။

ထိုတံခါးတွင် သေ့းကွက်ဟူ၍ စိုးစဉ်မျှပင် မရှိပါ။

တံခါ တစ်ခုလုံး ပြောင်လက်နေ၏။

ဆေးရောင်များပင် အသစ်ပြန်သုတ်ထားဘည်။

မြို့စားရဲတိုက်သည် အလွန် တည်ငြိမ် ခိုင်ခံ့သော ဟန်ဖြင့် ထီးတည်းတည်ရှိနေမေ့သည်။



မြို့စာ ရဲတိုက်ထိပ်တွင် ကင်းမျှော်စင်တစ်ခု ရှိ၏။

ထိုကင်းမျှော်စင်ပေါ်ဝယ် ရောက်ရှိနေခဲ့သည်မှာ သုံးရက် ရှိပြီ ဖြစ်သည်။

မကြာမီသောကာလ အတွင်း၌ ဝတ်ရုံရှင်တို့လူစု ရောက်ရှိလာကြလိမ့်မည်ဟု မျှော်လင့်ထား၏။

တောင်ပိုင်းနယ် တစ်ခုလုံးအား ချုပ်ကိုင်နိုင်ရန် အတွက် ဝတ်ရုံရှင်သည် မြို့စားရဲတိုက်အား မလွဲမသွေ ချေမှုန်းရမည် ဖြစ်သည်။

ဤတိုက်ပွဲသည် အကြီးမားဆုံးဖြစ်မည်ဟုလည်း ယုံကြည်ထားသည်။

ဝတ်ရုံရှင်အနေနှင့် မြို့စားရဲတိုက်အား ဖြိုခွဲရန်အတွက် ရှိသမျှအင်အား အကုန်အသုံးပြုမည်မှာ သေချာ၏။

ဤတိုက်ပွဲကား တောင်ပိုင်း သိုင်းလောကအတွက် အဆုံးအဖြတ်ပင် ဖြစ်သည်။

မည်သို့ဆိုစေကာမူ မြို့စားရဲတိုက်သည် ဝတ်ရုံရှင်တို့လူစုအား ကောင်းစွာ ချေမှုန်းနိုင်မည်ဟု ယုံကြည်ထား၏။

သူတို့သည် ဝတ်ရုံရှင်တို့အား ဖြိုခွဲနိုင်ရန်အတွက် နည်းလမ်းများကိုလည်း ရှာထားကြပြီးဖြစ်သည် မဟုတ်လော။

ဝတ်ရုံရှင်၏ အကြံအစည်ကား မိုက်မဲလွန်းသော အကြံအစည် တစ်ခုသာ ဖြစ်သည်မဟုတ်လော။

မည်သူမဆို မကြုံကောင်းမစည်ရာ ကြုံစည်လျှင် ဘေးဒုက္ခဆိုးနှင့်သာ နောက်ဆုံးတွင် ကြုံတွေ့ရမည်သာ ဖြစ်သည်။

✻ ✻ ✻

လူချင်သည် မျှော်စင့်ထက်မှနေ၍ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။

နေ့လည်ခင်း နေအပူရှိန်ကား ပြင်းလှပေသည်။

နေရောင်အောက်ဝယ် ဖုံလုံးများ တလိမ့်လိမ့် တက်လာသည်ကို မြင်ရ၏။

'ရန်သူ'

သူက ချက်ချင်းပင် မြို့စားရဲတိုက်ကို တပ်လှန့်လိုက်လေသည်။

လေးသမားများသည် ချက်ချင်းပင် မြို့ရိုးပေါ်တက်ကာ အသီးသီး နေရာယူကြသည်။

ရဲမက်တို့ကား တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေ၏။

လူချင်းလ ပြုံး၏။



'ဝတ်ရုံရှင်ရဲ့ သိုင်းပညာ အလွန်ကောင်းသာ အမှန်ပဲ၊ ဒါပေမယ့် အခုတိုက်ပွဲမှာ သူ့ရဲ့သိုင်းပညာဟာ အသုံးချခွင့်ရမှာ မဟုတ်ဘူးဆိုတာကို သူ မစဉ်းစားမိဘူးဗျ'

ရိကျင်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ဒါဟာ ကိုယ့်ကိုယ်ကိုအထင်ကြီးတဲ့လူတွေရဲ့ ကြုံတွေ့ရတတ်တဲ့ အမှားပဲ'

လူချင်းက—

'ဝတ်ရုံရှင်အတွယ် ဇာတ်သိမ်းခန်းဖြစ်ဖို့တော့ သိပ်မလွယ်သေးဘူးလို့ မြို့စားကြီးက ပြောတယ်'

'ဟုတ်တယ်၊ အခုတိုက်ပွဲမှာ သူ့ရဲ့အင်အား အားလုံးကို ဖြိုခွဲရမယ်၊ ပြီးတော့နဲ့ ဝတ်ရုံရှင် လှည့်ပါပဲ၊ မကြာပါဘူးကွာ'

သူတို့နှစ်ဦး စကားပြောနေစဉ်မှာပင် မြင်းခွာသံများကို ကြားလိုက်ရသည်။

ဖုံလုံးများကြားမှ မြင်းစီးသူရဲများကို မသဲမကွဲ မြင်ရသည်။

ထိုစဉ် မြို့စားကြီးမှာလည်း မျှော်စင်ထက်သို့ ရောက်ရှိလာသည်။

လုံချင်းက....

'ရန်သူတွေတော့ လာနေပြီ မြို့စားကြီး'

'အေး .. သူတို့အဝ်အား ဘယ်လောက်ရှိသလဲ'

ရိုကျင်က လှမ်းကြည့်ပြီး ...

'တစ်ရာလောက်တော့ ရှိမယ်ထင်တယ်'

မြို့စားကြီးက....

'မနည်းပါလား၊ အင်း—သူက ကြေစားသိုင်းသမားတွေ အနက်ရောင် သိုင်းလောကသားတွေကိုပါ စည်းရုံးပြီး ခေါ် လာပြီထင်တယ်'

ရိုကျင် ခေါင်းညိတ်၏။

'ဖြစ်နိုင်တယ် မြို့စားကြီး'

မြို့စားကြီးက သဘောကျစွာ ပြုံး၍....

'ကောင်းတာပေါ့၊ အားလုံး ရှင်သွားတာပေါ့ကွာ'

လူချင်းက ရယ်၍....

'ဒုစရိုက်သမားတွေကို လိုက်ရှာစရာ မလိုတော့ဘဲ တစ်ခါတည်း ရှင်းလင်းခွင့် ရတာပေါ့'

သူတို့ စကားပြောနေစဉ်မှာပင် မြင်ကွင်းက တဖြည်းဖြည်း ပိုပြင်လာလေသည်။

မြင်းစီးသမား တစ်ရာနီးပါးခန့်သည် မြို့စားရဲတိုက်ဆီသို့ လက်နက်ကိုယ်စီကိုင်၍ လာနေကြသည်။



ရဲမက်များက လေးများကို အသင့်ပြင်လိုက်ကြ၏။

သူတို့အားလုံးသည် ပစ်ကွင်းကို အာရုံပြုထားကြ၏။

မြို့စားကြီးထံမှ အမိန့်ကို စောင့်နေကြသည်။

ရန်သူများကား တစ်စတစ်စ ထင်ရှားလာ၏။

မကြာမီ မြို့စားရဲတိုက်နှင့် မြားတစ်ပစ်ခန့်အကွာတွင်ရပ်တံ့သွားသည်။

ရန်သူများသည် မြို့စားရဲတိုက်၏ အနေအထားကို အကဲခတ်နေကြဟန် မြင်ရသည်။

လူချင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၏။

'လာစမ်း၊ လာကြစမ်း'

ဟု တိုးတိတ်စွာ ကြုံးဝါးနေမိလေတော့သည်။

* * *

ဝတ်ရုံရှင်က ရှေ့ဆုံးမှ လိုက်ပါလာ၏။

သူသည် မြင်းကိုရပ်ကာ မြို့စားရဲတိုက်ကို လှမ်းကြည့်လိုက်သည်။

ဤမြို့စားရဲတိုက်ကို ဖြိုခွဲပြီးလျှင် သူသည် တောင်ပိုင်းသိုင်းလောက တစ်ခုလုံးအား ချုပ်ကိုင်မိပြီ ဖြစ်၏။

သို့သော် သူ့ရည်ရွယ်ချက် အစစ်အမှန်က တောင်ပိုင်းသိုင်းလောကကို ချုပ်ကိုင်ရန် မဟုတ်ပါ။

သူ၏ မဟာရန်သူကို တွေ့ရန်သာ ဖြစ်သည်။

သူ့ရင်ထဲမှ ကြီးမားလှသော အငြိုးအတက်သာ သိုင်းလောကသားများကို စတေးပစ်နေခြင်း ဖြစ်၏။

သို့သော် သူ့နောက်လိုက်များကမူ သူ့ရန်ကြွေးကိစ္စကို အသေအချာ မသိကြပါ။

တောင်ပိုင်းသိုင်းလောကကို ချုပ်ကိုင်နိုင်ရေးအစီအစဉ်သာ သိကြသည်။

တစ်ခုတော့ ကောင်းသည်။

ယခုအခါ တောင်ပိုင်းသိုင်းလောကတွင် သူ့အာဏာက ပို၍ စူးရှလာသည်။

ထို့အတူ တစ်ခနအတွင်း ချမ်းသာ ကြွယ်ဝမှုကိုလည်း ပိုင်ဆိုင်လာခဲ့သည်။

သူ၏ မဟာရန်သူအား မတွေ့ရလျှင်သော်မှ သူ့အတွက် အရှုံးမရှိပါ။

သူသည် တောင်ပိုင်းသိုင်းလောကတွင် ဘုရင်တစ်ဆူကဲ့သို့ မင်းမူခြယ်လှယ်နိုင်ပြီ ဖြစ်၏။

ထိုမှတစ်ဆင့် အားလုံး စုစည်းကာ သိုင်းလောကတစ်ခုလုံးကို သူ့လက်ခုပ်ထဲရောက်အောင် ဖန်တီးရမည်ဖြစ်၏။

မြင်းလှည်းသမား အဘိုးအိုသည် သူ၏ ညာလက်ရုံး ဖြစ်သည်။

အဘိုးအိုက ဝတ်ရုံရှင်အနီး ရောက်လာပြီး....



'သခင်ကြီး၊ မြို့စားရဲတိုက်ဟာ ခံစစ်အနေအထား သိပ်ကောင်းမွန်တယ်၊ ဒါကြောင့်'

ဟု သတိပေးစကား မဆုံးမီ ဝတ်ရုံရှင်က လက်ကာပြ၏။

'ဟိုတစ်ကြိမ်ကတောင် ကျုပ်တစ်ယောက်တည်းနဲ့ သူတို့ကို ပညာပေးနိုင်ခဲ့သေးတာပဲ သိပ်ပူစရာမလိုပါဘူး'

အဘိုးအိုက ...

'အခုတစ်ကြိမ်မှာက သူတို့ဟာ ခုခံဖို့အသင့်ရှိနေကြမှာမို့ ကျုပ်က သတိပေးတာပါသခင်ကြီး'

'ကျုပ်သိပါတယ်၊ အခုကျုပ်ဘက်ကအင်အားလဲ မနည်းပါဘူး မြို့စားရဲတိုက်ကို မီးလောင်တိုက် သွင်းဖို့ ကောဇီးကောင်းလုံလောက်ပါတယ်'

အဘိုး အိုပါးစပ်ပိတ်သွား၏။

ဝတ်ရုံရှင်က—

'ခင်ဗျားနဲ့ ဘွားဘွားလျှံက သမီးကိုစောင့်ရှောက်ပါ ကျုပ်တို့နောက်မှ အေးအေး ဆေးဆေး လိုက်လာခဲ့ ဟုတ်လား'

'ဟုတ်ကဲ့သခင်ကြီး'

ဝတ်ရုံရှင်က သူ၏နောက်လိုက်များဘက်လှည့်ကာ ...

'မြို့စားရဲတိုက်ဟာ အပြင်းအထန် ခုခံလာနိုင်တယ် ဒါကြောင့် ကျုပ်တို့က တစ်ရှိန်ထိုးဝင်ပြီးတိုက်ခိုက်ရမယ်၊ ကဲ အားလုံးအသင့် သွားကြမယ်'

သူသည် အမိန့်ပေးလိုက်ပြီး မြင်းကို ရှေ့ဆုံးမှတရကြမ်း မောင်းနှင်သွားလေတော့သည်။

အနက်ရောင် သိုင်းသမားများကလည်း ဝတ်ရုံရှင်၏နောက်မှ ထက်ကြပ်မကွာလိုက်ပါသွားကြသည်။

မြို့စားကြီးသည် မျှော်စင်ပေါ်မှနေ၍ အေးအေး ဆေးဆေးလက်ပိုက်ကာ ကြည့်နေသည်။

ဝတ်ရုံရှင်ဦးဆောင်သော ရန်သူများသည် မြို့စားရဲတိုက်ဆီသို့ တစ်ရှိန်ထိုးပြေးဝင်လာ၏။

တစ်စထက်တစ်စ ဝေးရာမှနီးလာ၏။

မြို့စားကြီးမျက်နှာ ပြုံးယောင်သန်းလာသည်။

မွေဆုံးမှလာနေသော ဝတ်ရုံရှင်၏မျက်နှာကိုပင် သဲသဲကွဲကွဲမြင်လာရ၏။

ရိကျောင်၏အမိန့်ပေးသံက ချက်ချင်း ထွက်ပေါ်လာလေသည်။

'ပစ်'



ရဲမက်များသည် မြားကိုတစ်စင်းပြီး တစ်စင်း ပစ်လွှတ်လိုက်ကြလေတော့သည်။

'ဝှစ်—ဝှစ်—ဝှစ်'

မြို့စားနှဲရဲတိုက် မြို့ရိုးပေါ်မှ မြားများကား တရစပ်ပစ်လွင့်လာ၏။

ဝတ်ရုံရှင်က ရယ်မောသည်။

သူက မြင်းကိုအရှိန်မလျှော့ပါ။

လက်ထဲမှ ဝါနက်ပလွေကို ဝေ့ယမ်းကာ ပစ်လွင့်လာသမျှ မြားတံများကို ရိုက်ဖယ်လိုက်၏။

သူ၏ဝါးပလွေသည် စကြာတစ်ခုပမာ မွှတ်နေအောင်လည်နေပြီး သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ဖုံးလွှမ်းထား၏။

မြားများကား ဝတ်ရုံရှင်အား မည်သို့မျှ ဒုက္ခ မပေးနိုင်ပါချေ။

သူ၏မြင့်မားလှသော သိုင်းပညာကြောင့် မြားကိုလုံးဝဂရုစိုက်စရာမလိုပါချေ။

သို့သော် သူ၏နောက်လိုက်များက....

သိုင်း ပညာအဆင့်မြင့်သူများ ပါဝင်သလို သိုင်းပညာ သိပ်မကောင်းသူများလည်း ပါဝင်နေ၏။

မြို့စားရဲတိုက်အား ဖြိုခွဲရန်အတွက် သူကရသမျှအင်အား စုစည်းလာခြင်းဖြစ်၏။

စနစ်ကျနခြင်းလည်းမရှိပါ။

တစ်ရှိန်ထိုး အင်နှင့်အားနှင့် ဝင်ရောက်တိုက်ခိုက်ရန်သာ ရည်ရွယ်ခဲ့၏။

ထို့ကြောင့် မြို့စားရဲတိုက်မှ မြားများဖြင့် ဆီးကြိုတိုက် ခိုက်လာသောအခါ အားလုံး ဖရိုဖရဲဖြစ်သွားကြသည်။

'အား'

'အမလေး'

'ဟီး...ဟီး–ဟီး'

အော်ဟစ်သံများ ဆူညံသွား၏။

ဝတ်ရုံရှင်၏ နောက်လိုက် အနက်ရောင် သိုင်းသမား အတော်များများပင် မြားချက်သင့်ကာ မြင်းပေါ်မှ ပြုတ် ကျကုန်ကြ၏။

ဝတ်ရုံရှင်နှင့် အနက်ရောင်သိုင်းသမား သုံးဆယ်ခန့်သာ မြို့စားရဲတိုက်အုတ်ရိုးအနီးထိ ချဉ်းကပ်သွားနိုင်၏။

အနက်ရောင်သိုင်းသမားနှစ်ဆယ်ကျော်ကျဆုံးကာ ကျန် သိုင်းသမားများကား ဖရိုဖရဲနှင့် နောက်ဆုတ် ပြေးသွား ကြရလေသည်။

ဝတ်ရုံရှင် ဒေါသထွက်သွား၏။



သူသည် မြင်းပေါ်မှ ဆင်းကာ အုတ်ရိုးအနီး ကပ်လိုက် သည်။

အလွန်နီးကပ်သွားသောကြောင့် မြားဖြင့်ပစ်ခတ်၍ မရ တော့ပါ။

ဝတ်ရုံရှင်က....

'ဟေ့–ရဲတိုက်တံခါးကိုဖွင့်ဖို့ ကြိုးစားကြစမ်း'

ဟု အော်ဟစ်အမိန့်ပေးကာ ရဲတိုက်တံခါးဆီ ချဉ်းကပ် သွား၏။

ထိုစဉ်....ရဲတိုက်တံခါးက ရုတ်ခြည်းပွင့်လာ၏။

အထဲမှ ရဲမက်များအပါအဝင် သိုင်းသမားများ တစ်ရှိန် ထိုး ပြေးထွက်လာကြ၏။

သူတို့ကို ဦးဆောင်လာသူက ခားရဲတိုက်ရှင် တင်ဝှမ်ပင်ဖြစ် သည်။

'အားလုံး တိုက်ကြ'

သူ၏ ညာသံပေးသံနှင့်အတူ ရဲမက်များ၊ သိုင်းသမား များသည် ဝတ်ရုံရှင်၏ လူများကို တရကြမ်းပင် ဝင်တိုက်ကြ လေသည်။

ဝတ်ရုံရှင် မျက်နှာပျက်သွားသည်။

သူသည် မြို့စားရဲတိုက်ကို လွန်စွာမှ အထင်သေးခဲ့၏။

ယခုမူ မြို့စားရဲတိုက်က သူတို့ကို ကောင်းစွာ ချေမှုန်းပစ် နေ၏။

စည်းစနစ်ကျလှသော တိုက်ခိုက်မှုကို အနက်ရောင် သိုင်း သမားတို့က ခုခံနိုင်စွမ်းမရှိပါ။

အနက်ရောင်သိုင်းသမားတို့က သတ္တိကောင်းကြသူများ မဟုတ်ပါ။

သူတို့သည် ဝတ်ရုံရှင်၏ စည်းရုံးမှုဖြင့် ပါလာကြခြင်း ဖြစ်၏။

ယခုလို အင်နှင့်အားနှင့် တိုက်ခိုက်လာသော တိုက်ပွဲတွင် အနက်ရောင်သိုင်းသမားတို့မှာ မည်သို့တိုက်ခိုက်ရမည်ဟူသော အစီအစဉ်မရှိပါ။

ထို့ကြောင့်လည်း သူတို့သည် တိုက်ပွဲစသည်နှင့် ရဲမက်တို့၏ ထိုးစစ်အောက်ဝယ် အလူးအလဲ ဖြစ်သွားကြလေ၏။

မည်သို့ ဟန့်တား ခုခံရမည်ကိုလည်း မသိပါ။

ထိုသောအခါ ကြောက်ရွံ့စိတ်များ ဖုံးလွှမ်းသွားကြ၏။

သူတို့သည် နဂိုကပင် မြို့စားကြီးကို ကြောက်ရွံ့ကြသည်။

ယခု ဝတ်ရုံရှင်အားကိုးနှင့် လိုက်လာသော်လည်း အခြေအနေက မဟန်ပါ။

မည်သူမဆို ကိုယ့်အသက်ကို ကိုယ်ခင်တွယ်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

ထို့ကြောင့်... သူတို့သည် ဆက်လက်၍ တိုက်ခိုက်ရန် စိတ်မကူးတော့ပါ။

မိမိ အသက်ရှင်သန် လွတ်မြောက်ရေးအတွက် တိုက်ပွဲအတွင်းမှ ထွက်ပြေးသွားကြတော့သည်။



မြားဒဏ်ကြောင့် ဆုတ်ခွာသွားသူများမှာလည်း အခြေအနေမဟန်သည်ကို တွေ့သည်နှင့် ချက်ချင်းပင် အခြားသို့ ထွက်ပြေးကြတော့သည်။

ရဲမက်တို့က တက်ကြွလာ၏။

'လိုက်'

'မလွတ်စေနဲ့'

'ရန်သူတွေကို ရှင်းပစ်'

'တောင်ပိုင်းသိုင်းလောကသားတွေရဲ့သတ္တိကို ပြလိုက်စမ်း'

ကြုံးဝါးသံများ လျှံထွက်သွား၏။

ရဲမက်များ၊ သိုင်းသမားများသည် အနက်ရောင် သိုင်းသမားများကို တရကြမ်းပင် လိုက်လံတိုက်ခိုက်ကြလေတော့သည်။

*

အဖြစ်အပျက်တို့က လျင်မြန်လှသည်။

ဝတ်ရုံရှင်သည် ကြောင်အမ်းအမ်းဖြစ်နေ၏။

သူသည် ယခုလို လျင်မြန်စွာ ရှုံးနိမ့်သွားရမည်ဟု တွေးပင် မတွေးအားခဲ့ပါ။

ဝတ်ရုံရှင်၊ ကျင်ရှောင်ရန်၊ ဘွားဘွားလျှံ နှင့် အဘိုးအိုဘို့ လေးယောက်သာ ကျန်ရစ်ခဲ့တော့၏။

သူတို့လည်း ပြေးမရတော့ပါ။

မြို့စားကြီး၏ ရဲမက်များ၊ ဓားရဲတိုက်မှ ဓားသမားနှင့် တောင်ပိုင်းသိုင်းလောကမှ သိုင်းသမားများ အထပ်ထပ် ဝိုင်းရံထားခြင်းကို ခံလိုက်ရလေသည်။

ဝတ်ရုံရှင် ခံပြင်းစွာ ဒေါက်ခေါက်လိုက်သည်။

ဘွားဘွားလျှံသည် လက်ထဲမှ တောင်ဝှေးကို အသင့်ပြင်ထားလေ၏။

ကျင်ရှောင်ရန် မျက်နှာပျက်နေ၏။

သူမတို့အတွက် အခြေအနေ အဘောင်ပင် ဆိုးရွားနေပြီ မဟုတ်ပါလော။

ဝတ်ရုံရှင်က....

'သမီးတို့ စိတ်အေးအေးထား၊ သူတို့အင်အား ဘယ်လောက်များများ မှုစရာမလိုပါဘူး'

ဟု တည်ငြိမ်စွာပင် ပြောလိုက်၏။

ပြီးမှ ဘွားဘွားလျှံဘက်လှည့်ကာ ...

'ဘွားဘွား လျှံ'



'ပြောပါ သခင်ကြီး'

'ကျုပ်ဖောက်ထွက်မယ်၊ သမီးကိုဂရုစိုက်'

'စိတ်ချပါ သခင်ကြီး'

ဝတ်ရုံရှင်သည် ပလွေကိုအသင့်မြင်လိုက်သည်။

ထိုစဉ်မှာပင် ရဲမက်များကြားမှ မြို့စားကြီးနှင့် တင်ဝှမ်တို့က တိုးထွက်လာကြလေသည်။

'ဝတ်ရုံရှင် ခင်ဗျားပြေးလို့ မလွယ်ပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံတာ ကောင်းမယ်'

ဝတ်ရုံရှင်က မဲ့ပြုံးပြုံးလိုက်၏။

'ကျုပ်ကို ဖမ်းမိဖို့ အိပ်မက်တောင်မမက်နဲ့'

မြို့စားကြီးက....

'ခင်ဗျားကိုကျုပ်တို့ ဝိုင်းထားတယ်၊ ခင်ဗျားရဲ့ သိုင်းပညာ ဘယ်လောက်ပဲအဆင့်မြင့်မြင့် ခင်ဗျား ကျုပ်လက်က မလွတ်နိုင်ပါဘူး'

ဝတ်ရုံရှင်က....

'မြို့စားကြီးပြောတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်'

'ဒါဆို လက်ချက်ချ အဖမ်းခံပါ'

'ကျုပ်အဖမ်း မခံရရင် မြို့စားကြီးရဲ့ ရဲမက်တွေ အတော်များများကို ကျုပ်က သေရွာပို့ခဲ့ နိုင်တာကိုလဲ စဉ်းစားပါဦး'

မြို့စားကြီးက ပြုံးလိုက်ပြီး...

'ဘာပဲဖြစ်ဖြစ် ခင်ဗျားလဲ သေရမှာပဲ'

ဝတ်ရုံရှင်က ပခုံးတွန့်လိုက်ပြီး—

'ကျုပ်အသက်တစ်ချောင်းနဲ့ ရဲမက်များစွာရဲ့ အသက် လဲချင်လဲလိုက်စမ်းပါ၊ ကျုပ်က အသင့်ပဲ'

မြို့စားကြီး ပါးစပ်ပိတ်သွား၏။

ဝတ်ရုံရှင်၏စကား မှန်လှသည်။

ဝတ်ရုံရှင်သည် သူ၏အထပ်ထပ် ပိုက်ဆို့ထားမှုကြားမှ လွတ်မြောက်အောင် ရုန်းထွက်ရန် မလွယ်ပါ။

ထို့အတူ သူကလည်း ဝတ်ရုံရှင်အား အလွယ်တကူ ဖမ်းဆီးရန် မလွယ်ပါ။

ဝတ်ရုံရှင်အား ဖမ်းဆီးနိုင်ခဲ့ရေး အတွက် ရဲမက်များ၏ အသက်ကို စတေးရမည်မှာ သေချာလှ၏။

လူဆိုးတစ်ယောက်အတွက် သူ၏ရဲမက် မည်မျှ အသက် စတေးရမည်နည်း။

မြို့စားကြီး တွေဝေသွားသည်ကို တွေ့သောအခါ ဝတ်ရုံရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား ဟား ဟား ဘယ်လိုလဲ မြို့စားကြီး၊ ကျုပ်ကို အေးအေးဆေးဆေး သွားခွင့်ပြုတာကောင်းမယ်'



ဓားရဲတိုက်သခင် တင်းဝှမ်းက—

'ခင်ဗျားကို သွားခွင့်မပြုနိုင်ဘူး'

ဝတ်ရုံရှင်က—

'ဒါဆို အားလုံးသေရမှာပေါ့'

'မင်းက ဒီမှာရှိသမျှလူ အားလုံးကို သတ်နိုင်လို့လား'

စကားသံက မြို့စားကြီးထံက မဟုတ်သလို တင်းဝှမ်းထံမှလည်း မဟုတ်ပါ။

ရဲမက်များကြားမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

ထိုအသံကြားလိုက်သည်နှင့် ဝတ်ရုံရှင်၏ ခန္ဓာကိုယ်မှာ ဖောင့်တင်းသွားလေသည်။

စကားသံ အဆုံးတွင် ရဲမက်များကြားမှ လူတစ်ယောက် တိုးထွက်လာ၏။

ထိုလူကား ယစ်ထုပ်ကြီးပင်ဖြစ်သည်။

ယခုအခါ ယစ်ထုပ်ကြီးသည် စုတ်ပြတ်မနေတော့ပါ။

အဝတ်အစားများ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားလေသည်။

အဝတ်အစားများသာ မကပါ၊ သူ၏ရုပ်ရည်ကလည်း အတော်ပင် ရှင်းသန့်နေပေသည်။

ထိုလူကြီးသည် ဝတ်ရုံရှင်အား စိုက်ကြည့်လိုက်ပြီး....

'ကျင်တောက်ဖန်'

ဟု အေးစက်သော လေသံဖြင့် ခေါ်လိုက်၏။

ဝတ်ရုံရှင်၏ အမည်မှာ ကျင်းတောက်ဖန်ဖြစ်၏။

မည်သူမျှ ဝတ်ရုံရှင်၏အမည်ကို မသိကြပါ။

ယခု ယစ်ထုပ်ကြီးကမူ သိရှိနေပေသည်။

ကျင်တောက်ဖန်သည် ယစ်ထုပ်ကြီးအား ကြည့်လိုက်လေသည်။

သူ၏ မျက်လုံးများက ဝင်းလက်လာ၏။

နာကြည်း ခံပြင်းမှုများကလည်း အထင်းသား ပေါ်လွင်လာလေသည်။

'စွေယင်းဟုန်'

သူ၏အသံသည် အက်ကွဲခြောက်သွေ့နေ၏။

မှန်သည်။

ယစ်ထုပ်ကြီးကား တစ်ချိန်ကသိုင်းလောကအတွင်းအလွန်ပင် နာမည်ကျော်ကြားခဲ့သော စွယ်စုံသိုင်းသမား စွေယင်းဟုန်ပင် ဖြစ်ပါသည်။

ကျင်းတောက်ဖန်က—

'ကျုပ် မင်းကို တွေ့ချင်လို့ရှာနေတာကြာပြီ၊ ခုမှပဲ တွေ့ရတော့တယ်'



စွေယင်းဟုန်က....

'ငါလဲ မင်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကနေ ခုထက်ထိ ရှာနေတုန်းပါဘဲ'

ကျင်တောက်ဖန်က သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား'

သူ၏ရယ်သံသည် အဝေးသို့ပင် ပျံ့လွင့်သွားလေသည်။

စွေယင်းဟုန်က....

'တောင်ပိုင်း သိုင်းလောကကို ခြောင်းဆန်အောင် မွှေနှောက်နေခဲ့တာ မင်းပဲလို့ ကျုပ် မထင်ခဲ့ဘူး'

ကျင်တောက်ဖန်က....

'အခု မင်းသိပြီမဟုတ်လား၊ ငါဟာ အရင်က ကျင်တောက်ဖန်မျိုး မဟုတ်တော့ဘူး'

'မင်းရဲ့ သိုင်းပညာ တို တက်လာတယ်ဆိုပါတော့'

'ဟုတ်တယ်၊ မင်းကို သတ်ပစ်နိုင်လောက်တဲ့အထိ တိုးတက်နေပြီကွ'

စွေယင်းဟုန်က နှာခေါင်းရှုံ့လိုက်ပြီး....

'မထင်ပါဘူး'

မြို့စားကြီးနှင့် ကင်ဝှမ်တို့ အံ့အားသင့်နေ၏။

စွေယင်းဟုန်သည် ဝတ်ရုံရှင်နှင့် သိကျွမ်းနေ၏။

တစ်ဖန် သူတို့နှစ်ဦးသည် အငြိုးများဖွဲ့နေကြ၏။

မည်သို့ပါနည်း။

သူတို့ နားမလည်နိုင်ကြပါချေ။

ကျင်တောက်ဖန်က--

'ကဲ...စွေယင်ဟုန် နောက်မှ တွေ့ကြတာပေါ့၊ ကျုပ်ကို လမ်းဖယ်ပေးစမ်း'

စွေယင်ဟုန်က

'မင်းကို သွားခွင့်မပေးနိုင်တော့ဘူး'

ကျင်တောက်ဖန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ဘာလဲ၊ မင်းတို့က အများ နဲ့ ဝိုင်း တိုက်မလို့လား၊ ရတယ်၊ ကျင်တောက်ဖန်ဟာ သေးကြောင်တဲ့လူ မဟုတ်ဘူး'

စွေယင်ဟုန်က....

'မင်းကို အများနဲ့ တိုက်ခိုက်စရာ မလိုပါဘူး'

ကျင်တောက်ဖန်က--

'ဟား....ဟား....မင်းသစ်ဦးတည်း ရင်ဆိုင်မယ်ပေါ့ ဟုတ်လား'

စွေယင်ဟုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မင်း အခုလို သောင်းကျန်းနေတာတွေဟာလဲ ကျုပ်အတွက်ကြောင့်ပဲ ထင်ပါတယ်'

'သိပ်မှန်တာပေါ့ကွာ၊ တောင်ပိုင်းသိုင်းလောကကို ခုလို နှိပ်ကွပ်လိုက်ရင် မင်းဟာ ပုန်းနေနိုင်မှာ မဟုတ်ဘူးလို့ ကျုပ်က တွေးထားခဲ့တယ်'



'ကောင်းပြီ၊ ကျုပ်တို့နှစ်ယောက်ရဲ့ ရန်ကြွေးကို ကျုပ်တို့ နှစ်ယောက်ပဲ ဖြေရှင်းကြတာပေါ့'

ကျင်တောက်ဖန်က....

'မင်းသတ္တိရှိသားပဲ၊ မင်းစကား ယုံရမှာလား'

စွေယင်ဟုန်က—

'ကျုပ်စကားဟာ ကတိပဲဆိုတာ မင်းသိပါတယ်၊ ဒါပေမယ့် ကျုပ်တို့မတိုက်ခိုက်ခင်တော့ ကျုပ်မေးတာတွေ မင်းက ဖြေရလိမ့်မယ် ဟုတ်လား'

'ဟား...ဟား...ဟား'

စွေယင်ဟုန်၏ စကားအဆုံး တွင် ကျင်တောက်ဖန်က သဘောကျစွာ ရယ်မောလိုက်သည်။

သူသည် အလွန်ပင် သဘောကျသွားဟန်ရှိ၏။

ရယ်သံကိုက အူလှိုက်သည်းလှိုက် ရယ်မောလိုက်သံဖြစ်၏။

စွေယင်ဟုန်က—

'မင်း ဘာတွေ ဒီလောက် သဘောကျနေရတာလဲ'

ကျင်တောက်ဖန်က—

'မင်းတစ်ယောက်ပဲ ရင်ဆိုင်မယ်ဆိုတဲ့ စကားကို မင်းက အတည်ပြုပေးပါဦးလေ'

သူ့စကားဖြင့် ချုပ်နှောင်လိုက်၏။

စွေယင်ဟုန်က မြို့စားကြီးနှင့် ဓားရဲတိုက်သခင် ကင်ဝှမ်တို့ဘက် လှည့်လိုက်ပြီး

'သူနဲ့ ကျုပ်ဟာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကတည်းက မပြတ်တဲ့ ရန်ငြိုးတစ်ခု ရှိခဲ့တယ်'

'ဗျာ....'

ကင်ဝှမ် အံ့အားသင့်သွား၏။

မြို့စားကြီးက—

'ခင်ဗျားတို့နှစ်ယောက် ရန်ငြိုးရှိဘယ် ဟုတ်လား'

စွေယင်ဟုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ကျုပ်ဟာ သူ့ကို ရှာနေခဲ့တာ ကြာပါပြီ၊ သူ့ကို ရှာမတွေ့တော့ စိတ်ခုတ်ကျပြီး ယစ်ထုပ်ဘုံ ရောက်ခဲ့ရတယ်'

'ဟင်'

အားလုံး အံ့အားသင့်သွားကြ၏။

တင်ဝှမ်က—

'ဒီလိုကိုး....ခင်ဗျား သိုင်းလောကထဲက ပျောက်ကွယ်ခဲ့တာ'

'သူ့ကြောင့်ပါပဲဗျာ၊ ဒါကြောင့် ဒီကနေ့ကိစ္စမှာ သူ့ကို ကျုပ်တစ်ဦးတည်း ရင်ဆိုင်ပါရစေ'

စွေယင်ဟုန်က ခွင့်တောင်းလိုက်၏။

မြို့စားကြီးက စွေယင်ဟုန်အား ကြည့်လိုက်၏။

သူ့အကြည့်က—

ခင်ဗျား လေလွင့်နေတာ ကြာပြီ၊ သူ့ကို တစ်ယောက်တည်း ယှဉ်လို့ဖြစ်ပါ့မလား။

ဟူသော အကြည့်မျိုးပင် ဖြစ်သည်။

စွေယင်ဟုန်က....



'ကျုပ် ဒီတစ်သအတွင်း နဂိုထက်မှက တိုးတက်လာပါတယ်ဗျာ'

ဟု တီးတိုးပြောလိုက်၏။

မှန်သည်၊ သူသည် ချီညီနောင် ငါးဖော်ထံမှ ဝတ်ရုံရှင်၏ သတင်းကို ကြားသောအခါ ဝတ်ရုံမှင်ကို ရှင်းနိုင်သူမရှိကြောင်း သိလိုက်၏။

တောင်ပိုင်းသိုင်းသမားများဘက်မှ ခံပြင်းသွားမိ၏။

သူသည် အရက်ဆိုင်မှ ထွက်လာခဲ့ပြီး ခေါ်းရဲတိုက်သို့သွားသည်။

ခေါ်းရဲတိုက်တွင် နေထိုင်ကာ သူသည် သိုင်းပညာများ လေ့ကျင့်သည်။

ထို့နောက် ခေါ်းရဲဘိုက်ရှင်က မြို့စားကြီးနှင့် ပူးပေါင်းရန် ဆုံးဖြတ်သောအခါ သူလည်း အတူပင် လိုက်ပါသွားလေသည်။

ယခုမူ သူ၏ ရန်သူဟောင်းဖြစ်ကြောင်း မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရပြီး ဖြစ်ပါသည်။

မြို့စားကြီးက....

'ခင်ဗျားတို့နှစ်ယောက် ဘယ်လိုများ ရန်ငြိုးဖွဲ့မိတာလဲ'

စွေယင်ဟုန်က....

'ကျုပ် နောက်မှရှင်းပြပါ့မယ်'

သူသည် နှုတ်က နောက်မှရှင်းပြမည်ဟု ပြောလိုက်သော်လည်း စိတ်အစဉ်ကမူ အတိတ်မှ ဖြစ်စဉ်များကို တစ်ရေးရေး မြင်ယောင်လာမိလေတော့သည်။

* * *

စွေယင်ဟုန်....

စွေယင်ဟုန်သည် လူရွယ်တစ်ယောက်မျှသာ ဖြစ်သော်လည်း တောင်ပိုင်းသိုင်းလောကဝယ် သူ၏ အမည်က မွှေးပြန့်လှပေသည်။

သူ၏ သိုင်းပညာကလည်း မြင့်မားလှ၏။

သူ၏ သိုင်းလောကအတွင်း ဝင်ရောက်၍ နှစ်နှစ်မပြည့်မီမှာပင် တောင်ပိုင်းသိုင်းလောကတွင် သောင်းကျန်းနေတုန်း အနက်ရောင်သိုင်းအဖွဲ့အစည်းဆယ်ခုခန့်ကို တစ်ကိုယ်တော် ရှင်းလင်းနိုင်ခဲ့သည်။

ထို့အတွက်ကြောင့်လည်း တောင်ပိုင်း သိုင်းလောကတွင် စွေယင်ဟုန်ဆိုသော အမည်သည် အချိန်တိုအတွင်း လျှမ်းလျှမ်းတောက်ကျော်ကြားလာလေသည်။



စွေယင်ဟုန်သည် သိုင်းပညာသာ ထူးချွန်သည်မဟုတ်ပါ။

စာပေဗဟုသုတနှင့်လည်း ပြည့်စုံ၏။

ဂီတအတတ်၌သည်း ထူးချွန်၏။

သူ၏ ဗျပ်စောင်းလက်သံသည် ဂီတပညာရှင်တစ်ဦးကဲ့သို့ပင် ပြောင်မြောက်လှ၏။

သူ၏ လက်သံကို နားထောင်ဖူးသူတိုင်းက သူ့အား မချီးကျူးဘဲ မနေနိုင်ပါ။

ထို့မျှမကသေး။

စွေယင်ဟုန်သည် ပန်းချီလည်း ဆွဲတတ်၏။

သူသည် ပုံတူဆွဲရာတွင် ဟုကယ်ပင် လက်ရာပြောင်မြောက်လှ၏။

ထို့ကြောင့်လည်း စွေယင်ဟုန်အား စွယ်စုံထူးချွန်သော လူရွယ်တစ်ယောက်ဟု အများက ချီးကျူးလေးစားကြ၏။

ဤသို့ တစ်ယောက်ပြီးတစ်ယောက် ချီးကျူးလာခဲ့ရာမှ စွေယင်ဟုန် ဟူသော အမည်ရှေ့ဝယ် စွယ်စုံဟူသောဘွဲ့ကိုပါ တပ်လာကြ၏။

သူ၏ အမည်သည် တောင်ပိုင်းသိုင်းလောကဝယ် စွယ်စုံသိုင်းသမားဟု ထင်ရှားလာခဲ့လေတော့သည်။

ကျင်းတောက်ဖန် ...

ကျင်းတောက်ဖန်သည် စေ့ယင်ဟုန်နှင့် ပညာသင်ဘက် ဖြစ်သည်။

သူသည် အပျင်းထူ၏၊ ဝီရိယနည်း၏။

သူနှင့် စေ့ယင်ဟုန်တို့သည် ဆရာတစ်ဦးတည်းထံတွင် ပညာအတူသင်ကြပြီး သင်ယူချိန်မှာလည်း အတူတူပင်ဖြစ်သည်။

သို့သော် ကျင်းတောက်ဖန်က ကြိုးစားအားထုတ်မှုနည်းပြီး ရေသာခိုခဲ့သောကြောင့် ပညာမပြည့်ဝခဲ့ပါ၊

သူနှင့် စေ့ယင်ဟုန်တို့သည် သိုင်းလောကအတွင်းသို့ ပြိုင်တူပင် ဝင်ရောက်ကြသည်။

သို့ရာတွင် စေ့ယင်ဟုန်က နာမည်ကျော်ကြားခဲ့ပြီး ကျင်းတောက်ဖန်ကမူ နာမည်ပင် မရခဲ့ပါ။

သူ၏ သိုင်းပညာမပြည့်ဝမှုကြောင့် နာမည်မကျော်ခြင်း ဖြစ်၏။

သို့သော် ကျင်းတောက်ဖန်က သူ၏ ညံ့ဖျင်းမှု သူ၏အပြစ်ကို မမြင်ပါ။

စေ့ယင်ဟုန်နှင့် သူသည် ဆရာတူများဖြစ်ပြီး စေ့ယင်ဟုန် နာမည်ကြီးရခြင်းသည် ဆရာဖြစ်သူက စေ့ယင်ဟုန်အား သူ့ထက်ပညာပိုသင်ပေး၍သာ ဖြစ်ရမည်ဟု ဆင်ခြင်မိ၏။

စဉ်းစားချင့်ချိန်ဉာဏ်နည်းသူပီပီ သူသည် ထိုအတိုင်းပင် ဆရာဖြစ်သူအား စွပ်စွဲ ပြောဆိုခဲ့မိပေသည်။



သူ့စွပ်စွဲချက်ကြောင့် ဆရာဖြစ်သူက သူ့ကို မောင်းထုတ်ခဲ့ပြီး တပည့်အဖြစ်လည်း အသိအမှတ် မပြုတော့ချေ။

ကျင်းတောက်ဖန်မှာ ထိုအခါမှစ၍ စေ့ယင်ဟုန် အပေါ် အငြိုးထားခဲ့သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် စေ့ယင်ဟုန်ကို ကောင်းစွာ ဒုက္ခပေးမည်ဟုလည်း ကြံစည်ထားခဲ့မိသည်။

ဖြစ်ချင်တော့လည်း...

❀

မုံချင်းချင်း....

မုံချင်းချင်သည် လှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

သူမသည် သိုင်းလောက၏ သမီးပျို မဟုတ်ပါ။

သာမန် မိန်းကလေးသာ ဖြစ်၏။

သို့သော် သူ၏ အစ်ကိုဝမ်းကွဲ ကျားသစ်ဝမ်ကမူ သိုင်းလောကသားတစ်ဦး ဖြစ်ပေသည်။

မုံချင်းချင်းမှာ မိဘများ မရှိတော့ပါ။

သူမသည် ကျားသစ်ဝမ်နှင့်အတူ လာနေ၏။

ထို့ကြောင့်လည်း ကျားသစ်ဝမ်၏အိမ်သို့ အမြဲဝင်ထွက်နေသော ကျင်တောက်ဖန်က မုံချင်းချင်းကို တွေ့မြင်ကာ စွဲလမ်းမိခဲ့သည်။

သူက ကျားသစ်ဝမ်ကို အပူကပ်၏။
ကျားသစ်ဝမ်က သူ့ညီမသာဖောဟုသာ ဆိုခဲ့သည်။
ကျင်ကောက်ဖန်က မုံချင်ချင်ကို ချစ်ရေးဆိုခဲ့၏။
ရုပ်ရည်ချောမောသော ကျင်ကောက်ဖန်၏ ကမ်းလှမ်းချက်ကို မုံချင်းချင်းက စဉ်းစားဦးမည်ဟု ဆိုသည်။
တစ်နေ့တွင်မူ ကျားသစ်ဝမ်သည် ခရီးထွက်ရင်း လမ်း၌ ဓားပြတိုက်ခံရသည်။
အင်အားမမျှ၍ ရှုံးတော့မည့်ဆဲဆဲတွင် ကယ်တင်ရှင်တစ်ယောက် ပေါ်လာ၏။
ထိုကယ်တင်ရှင်ကြောင့် ကျားသစ်ဝမ်မှာ အသက်ချမ်းသာ ရခဲ့၏။
ကယ်တင်ရှင်မှာ စွေယင်ဟုန်ပင် ဖြစ်သည်။
ကျားသစ်ဝမ်သည် သူ၏အသက်သခင် စွေယင်ဟုန်အား အလွန်ပင် ကျေးဇူးတင်မိသည်။
ထို့ကြောင့် သူ့အိမ်ကို ဖိတ်ခေါ်ခဲ့၏။
စွေယင်ဟုန်သည် ကျားသစ်ဝမ်အိမ်သို့ ရောက်သောအခါ မုံချင်းချင်းထို မြင်ပြီး ချစ်ကြိုက်မိသည်။
ကျားသစ်ဝမ်ကလည်း စွယ်စုံသိုင်းသမား စွေယင်ဟုန်လို လူမျိုးနှင့် ငြင်းပယ်စရာ မရှိပါ။
မုံချင်းချင်း ကိုယ်တိုင်ကလည်း စွေယင်ဟုန်အပေါ်ဝယ် တွေ့တွေ့ချင်း အထင်ကြီးကာ ချစ်ခင်မိသည်။
အားလုံး ပြေလည်နေသဖြင့် ကျားသစ်ဝမ်က မင်္ဂလာပွဲကို အချိန်မဆိုင်းဘဲ အမြန်ဆုံး ကျင်းပသည်။



ကျင်ကောက်ဖန်သည် သိုင်းလောကထဲ သွားလာနေရာမှ ထိုသတင်း ကြားသောအခါ အလွန် ဒေါသထွက်သွား၏။
စွေယင်ဟုန်သည် သူမြတ်နိုးသော မိန်းကလေးကို လုယူသည်ဟု ဒေါသထွက်ခဲ့သည်။
မပြေသော ရန်ငြိုးများ ဖွဲ့ခဲ့သည်။
သူက ကျားသစ်ဝမ်ဂေဟာသို့ မလာတော့ပါ။
အခွင့်အခါကောင်းကို စောင့်မျှော်နေခဲ့၏။
ကျင်ကောက်ဖန်သည် ကျားသစ်ဝမ်ဂေဟာဝန်းကျင်တွင် တိတ်တဆိတ် ချောင်းမြောင်းနေ၏။
သုံးလခန့်အကြာတွင် သူသည် မုံချင်းချင်း တစ်ဦးတည်း ရှိနေသည့် အချိန်ကို သိရှိကာ မုံချင်းချင်းကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။
ထိုအချိန်မှစ၍ ကျင်ကောက်ဖန် ပျောက်ဆုံးသွားသည်မှာ ယခုမှပင် ပြန်လည်တွေ့ရခြင်း ဖြစ်သည်။

* *

'ဟား ဟား ဟား....စွယ်စုံသိုင်းသမားကြီး ဘာတွေများ စဉ်းစားနေတာတုံးဗျ'
ကျင်ကောက်ဖန်က ရယ်မော၍ မေးသည်။
စွေယင်ဟုန် သတိပြန်ဝင်သွား၏။
'မုံချင်းချင်း ဘယ်မှာလဲ'

ကျင်ကောက်ဖန်က—

'မင်း ကျုပ်ကို အနိုင်ရကော့ သိရမှာပေါ့'

စွေယင်ဟုန်က သက်ပြင်းချသည်။

'ကောင်းပြီလေ၊ ဒါမင်းရွေးချယ်တဲ့ လမ်းပဲ'

သူက ခါးကြားမှ ဓားတစ်လက် ဆွဲထုတ်လိုက်၏။

သူ၏ဓားသည် တစ်ပေခန့်သာရှိသော ဓားတိုကလေးပင် ဖြစ်သည်။

သူ့ဓားသည် အခြားဓားများနှင့် မတူပါ။

သူသည် ဝတ်ရုံရှင်နှင့် ရင်ဆိုင်ရလျှင် မည်သို့ရင်ဆိုင်မည် ဟု ကြိုတင်တွေးတောပြီး ပြုလုပ်ခဲ့သော ဓားတိုဖြစ်၏။

ဓား၏ဗျက်အကျယ်မှာ လက်ညှိုးလုံးခန့်သာရှိ၏။

ဓားဟုဆိုခြင်းထက် သံဆူးချွန်းတစ်ခု ခေါ်လျှင်ပို၍ မှန်ပေလိမ့်မည်။

စွေယင်ဟုန်က ကျင်တောက်ဖန်အား စိုက်ကြည့်လိုက်ပြီ....

'ကဲ...မင်းလက်နက် ထုတ်ပေတော့'

ဟု တစ်လုံးချင်းပြောလိုက်၏။

ကျင်တောက်ဖန်က—

'မင်းကို ကျုပ်က ရင်ဆိုင်ဖို့လိုသေးပါဘူး'

သူသည် ကျင်ရှောင်ရန်ဘက် လှည့်လိုက်ပြီး—

'သမီး သူဟာ မဖေဖေရဲ့မဟာရန်သူပဲ သမီးကိုအခွင့်အရေး ပေးတဲ့အနေနဲ့ ပထမဦးဆုံး တွက်ခိုက်ခွင့်ပေးလိုက်မယ်'

ဟု ပြောလိုက်သည်။

ကျင်ရှောင်ရန်က ဦးညွှတ်၏။



'ကျေးဇူးတင်ပါတယ် ဖေဖေ'

'အေး....သူ့ကိုမပေါ့ဆနဲ့ သူ့အသက်ကို ဆယ်ကြိမ် မတ သတ်ချင်တယ်ဆိုတဲ့ ဖေဖေ့ဆန္ဒကို သမီး ဖြည့်ဆည်းပါ'

'စိတ်ချပါဖေဖေ'

ကျင်ရှောင်ရန်သည် ချက်ချင်းပင်ရှေ့တက်လာပြီး....

စွေယင်ဟုန်က....

'ကျင်တောက်ဖန် မင်းကဘာကြောင့် မိန်းကလေးနဲ့ ကျုပ်ကို ယှဉ်ခိုင်းရတာလဲ'

ကျင်တောက်ဖန်က

'ဒီမိန်းကလေးနဲ့ပဲ ယှဉ်ကြည့်ပါဦး၊ သမီးလုံးဝမညှာနဲ့'

ကျင်ရှောင်ရန်သည် ငယ်စဉ်ကပင် ဖခင်ဖြစ်သည့် ကျင်တောက်ဖန်က စွယ်စုံသိုင်းသမား စွေယင်ဟုန်အား တစ်နေ့ သုတ်သင်ပစ်မည် ဟူသော ကြုံးဝါးသံကို နေ့စဉ်နှင့်အမျှ ကြားသိရသည်။

ဖခင်ဖြစ်သူ၏ အမုန်းတရား မည်မျှကြီးမားသည်ကို သိရ၏။

ဖခင်ဖြစ်သူသည် စွေယင်ဟုန်အား အနိုင်ယူနိုင်ရန် နှစ်ပေါင်းများစွာ သိုင်းပညာများ လေ့ကျင့် သည်ကိုလည်း သိရ၏။

ယနေ့ ဖခင်၏ဆန္ဒကို ဖြည့်စွမ်းရပေတော့မည်။

သူမသည် ဘာစကားမျှမပြောတော့ပါ။

ဓားကို ဝှေ့ယမ်းကာ စွေယင်ဟုန်အား ဝင်ရောက်တိုက် ခိုက်လေသည်။

သူမ၏ ခေါးချက်ကလျှင်မြန်လှ၏။

စွေယင်ဟုန်က ရှောင်တိမ်းလိုက်ပြီး

'မိန်းကလေး မင်းအေးအေးဆေးဆေးနေစမ်းပါ'

ကျင်ရှောင်ရန်က မဲ့လိုက်ပြီး....

'ကျွန်မရဲ့ ခေါးချက် မြည်းကြည့်စမ်းပါဦး'

သူမ၏ခေါး ခုနစ်ချက်တိတိ ဆက်တိုက်တိုက်ခိုက်၏။

ဤတစ်ကြိမ်တွင် သူမက ထိပ်တန်း ခေါးကွက်များကို ထုတ်ဖော်ကာ တိုက်ခိုက်ခြင်းဖြစ်၏။

စွေယင်ဟုန်က ရှောင်တိမ်းသွားသည်။

ကျင်ရှောင်ရန်က ဆက်လိုက်ပင် တိုက်ခိုက်သည်။

သူမ၏ ခေါးချက်များသည် တစ်ကွက်ထက်တစ်ကွက် ပို၍ ပို၍ပြင်းထန်လာ၏။

စွေယင်ဟုန်မှာ ကျင်ရှောင်ရန်အား ရန်သူဟု သဘောထား၍ မရပါ။

သူ၏စိတ်ထဲတွင် ကျင်ရှောင်ရန်ဟူသော မိန်းကလေးကို ကြည့်ကာ တစ်မျိုးပင် ခံစားနေရ၏။

ထို့ကြောင့်လည်း သူမ လုံးဝ ပြန်လည် တိုက်ခိုက်ခြင်း မရှိပါ။

ကျင်ရှောင်ရန်၏ တိုက်ခိုက်မှုများကိုသာ ရှောင်တိမ်းကာ နေလာသည်။

ကျင်တောက်ဖင်သည် စွေယင်ဟုန်၏ လှုပ်ရှားမှုများကို ကြည့်ကာ သက်ပြင်းချသိုက်၏။

စွေယင်ဟုန်အား သိုင်းပညာမကျသေးပါချေ။



ကျင်တောက်ဖင်၏ မျက်နှာပေါ်တွင် တောက်ကျစ်သော အရိပ်အယောင်များ ထွက်လာသည်။

ကျင်တောက်ဖင်က လှမ်းအော်လိုက်၏။

'သမီး ယက္ခကိုးချက်'

ကျင်ရှောင်ရန်သည် ဖခင်ဖြစ်သူ ကျင်တောက်ဖင်၏သတိပေးသံကို ကြားသည်နှင့် ချက်ချင်းပင်ခေါ ကွက်ကို ပြောင်းလဲလိုက်၏။

ယက္ခကိုးချက် —

ခေါးကွက် ကိုးကွက်အား တင်စား အမည်ပေးထားခြင်း ဖြစ်၏။

သူမ ထက်မြောက်ထားသော ခေါး ကွက် များ အနက် အကောင်းဆုံး ခေါးကွက်ကိုးကွက်ပင်ဖြစ်သည်။

ခေါးကွက်ကိုးကွက်သည် ပရိယာယ်များ၏၊

တောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်၏။

မိန်းကလေးတစ်ယောက်နှင့် လုံးဝမလိုက်ဘက်သော ခေါးကွက်များပင်ဖြစ်၏။

ယခုရှောင်ယန်က ယက္ခကိုးချက် ခေါးကွက်ကို စတင်ထုတ်ဖော်ကာ တိုက်ခိုက်သည်။

ခေါးချက်များသည် စွေယင်ဟုန်၏ ရင်စနှင့်လည်မျိုဆီသို့ ဝဲပုံ၍ ဝင်ရောက်လာသည်။

စွေယင်ဟုန်မှာ ကျင်ရှောင်ရန်၏ ရက်စက်ကြမ်းကြုတ်လှသော ခေါးကွက်များကြောင့် ရှောင်တိမ်းရန် ခက်ခဲလာသည်။

ကျင်ကောက်ဖန်က....

'သမီး....သူ့ကိုသတ်လိုက်စမ်း၊ သူ့ကိုသတ်လိုက်စမ်း'

ကျင်ရှောင်ရန်က ဓားကွက်များကို ဆက်ထိုက်ပင် ဖော်ထုတ်လိုက်သည်။

ဓားကွက်သုံးကွက်အရောက်တွင် စွေယင်ဟုန်မှာ ရှောင်တိမ်း၍ မရတော့ပါ။

ထို့ကြောင့် လက်ထဲမ် ဓားထိုကလေးနှင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်ရ၏။

'ခြွမ်း'

စွေယင်ဟုန်၏ ဓားချက်ထုတ်လည်နှင့် ကျင်ရှောင်ရန့်၏ ဓားကွက်များ ပြိုကွဲသွား၏။

သူမ ခံပြင်းသွားသည်။

သူမက နှုတ်ခမ်းကိုကိုက်လိုက်၏။

သူမသည် နောက်ဆုတ်ခြင်းမရှိဘဲ မိုက်မိုက်မဲမဲပင် ဆက်၍ တိုက်ခိုက်လိုက်၏။

စွေယင်ဟုန် သက်ပြင်းချလိုက်သည်။

'ဒီကလေးမကို ပညာမပြလို့မဖြစ်တော့ဘူး'

သူသည် ထိုသို့တွေးတောလိုက်ပြီးနောက် ဓားတိုကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ခြွမ်း'

မကြာမီ ကျင်ရှောင်ရန်၏လက်ထဲမှဓားသည် အဝေး လွင့်စဉ်သွား၏။



စွေယင်ဟုန်၏ ဓားတိုက သူမ၏လည်မျိုတွင် ထောက်မိလျက်သား ဖြစ်သွားလေ၏။

ကျင်တောက်ဖန်က....

'သတ်လိုက်လေ၊ သတ်လိုက်'

စွေယင်ဟုန်က နှာခေါင်းရှုံ့ကာ ဓားကို ပြန်ရုပ်လိုက်သည်။

ကျင်ရှောင်ရန်သည် မျက်နှာဖြူရော်နေပြီး ထိတ်လန့်ခြင်း နောက်ပြန်ဆုတ်သွားလေ၏။

ကျင်တောက်ဖန်က....

'မငြိုးက သူ့ကိုဘာလို့မသတ်တာလဲ'

စွေယင်ဟုန်က....

'ကျုပ်က ဘယ်တော့မှ အမျိုးသမီးတွေကို အနိုင်မကျင့်ပါဘူး'

'အခု မင်း သတ်သင့်တယ်ကွ'

'ကျုပ်က ဘာကြောင့်သတ်ရမှာလဲ'

'သတ်ရမှာပေါ့၊ သူကတခြားသူမဟုတ်ဘူး၊ မင်းရဲ့သမီးဖြစ်နေလို့ပဲ'

'ဘာ'

စွေယင်ဟုန် ပါးစပ်အဟောင်းသားဖြစ်သွား၏။

သူ၏မျက်လုံးများလည်း ပြူးကျယ်သွားလေ၏။

ကျင်တောက်ဖန်စကားသည် သူ၏နားတွင်း ကျယ်လောင်စွာ တိုးဝင်သွားခဲ့သည်။

သူက ကျင်တောက်ဖန်ကို စိုက်ကြည့်လိုက်ပြီး....

'မင်း ဘာပြောတယ်'

ကျင်တောက်ဖန်က မခိုးမခန့်ရယ်မောလိုက်သည်။

'ဟဲ… ဟဲ… ဟဲ…သူဟာ မင်းရဲ့သမီးအရင်းပဲ၊ သူ့ကို မင်း သတ်မိအောင် ကမင် ကျုပ်က တိုက်ခိုက်ခိုင်းခဲ့တာကွ'

'ဟင်'

စွေယင်ဟုန် အံ့အားသင့်သွား၏၊

သူ့ထက်ပို၍ အံ့အားသင့်သွားသူက ကျင်ရှောင်ရန်ပင် ဖြစ်ပါသည်။

'ဖေဖေ—ဘာတွေလျှောက်ပြောနေတာလဲ'

ကျင်တောက်ဖန်က…

'တိတ်စမ်း၊ မင်းက ငါ့ကိုအဖေခေါ်စရာမလိုဘူး'

ဟု ငေါက်လိုက်သည်။

စွေယင်ဟုန်က….

'ကျင်တောက်ဖန်…မင်းဘာတွေပြောနေတာလဲ'

ကျင်တောက်ဖန်က

'ကျုပ်ပြောတာ အမှန်ပဲ၊ သူဟာ မုံချင်းချင်းရဲ့ သမီးပဲ'

'ဘယ်လို…ဘယ်လို'

'ကျုပ် မုံချင်းချင်းကို ခေါ်သွားတုန်းက မုံချင်းချင်း မှာ ကိုယ်ဝန်ပါလာခဲ့တယ်'

'ဘာ'

စွေယင်ဟုန်မှာ အလွန်ထိတ်လန့်တုန်လှုပ်သွား၏။



ကျင်တောက်ဖန်က ဆက်ပြော၏။

'မုံချင်းချင်းဟာ သူ့ကိုမွေးပြီးတာနဲ့ ဆုံးပါးသွားခဲ့တယ်၊ သူ့ကို ကျုပ် အခုအရွယ်အထိ မွေးလာခဲ့တာ မင်းကို လက်တုံ့ပြန်ဖို့ကွ၊ ဟား…ဟား…ဟား'

ကျင်ရှောင်ရန်သည် ကြားလိုက်ရသော စကားကြောင့် ထိတ်လန့်သွား၏။

သူမသည် ကျင်တောက်ဖန်၏သမီးမဟုတ်ဘဲ စွေယင်ဟုန်၏သမီး ဖြစ်နေခဲ့ချေပြီ။

စွေယင်ဟုန်က….

'ကျင်တောက်ဖန်…မင်းက ဘာကြောင့် ကျုပ်အပေါ် ဒီလောက်အငြိုးကြီးနေရတာလဲ ကျုပ်တို့ဘဝကို ဖျက်ဆီးနေရတာလဲ'

သူသည် နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ကျင်တောက်ဖန်က….

'မင်းနဲ့ကျုပ်တာ ပညာသင်ဘက်တွေပဲ၊ ဒါပေမယ့် မင်းက ကျုပ်ထက် သိုင်းပညာသာနေခဲ့တယ်၊ ဆရာဟာ မင်းကို ပိုပြီ သင်ပေးခဲ့တာပဲ၊ ဒါကြောင့် သိုင်းလောကမှာ မင်းက ကျော်ကြားခဲ့တယ်၊ ကျုပ်ကတော့ အညတြဘဝနဲ့ ဒါဟာ တစ်အချက်ကွ'

စွေယင်ဟုန်က ခေါင်းခါယမ်းလိုက်၏။

'မဟုတ်သေးဖါဘူး၊ မင်း အထင်လွဲနေပြီ'

'ကျုပ်အထင်လွဲတာ မဟုတ်ဘူး၊ မုံချင်းချင်းဟာလဲ ကျုပ်ချစ်သူ၊ ဒါကို မင်းက သိရက်နဲ့ လုယူခဲ့တာ နှစ်အချက်ကွ'

စွေယင်ဟုန် အံ့အားသင့်သွား၏။

'ဒါ...ဒါတွေ ကျုပ် မသိခဲ့ဘူး'

'ဟား...ဟား....ဟား၊ အခုတော့ မင်းဘာတတ်နိုင်သေးသလဲ၊ ဒီကနေ့ မင်းသေရမယ်၊ မင်း မျက်စိရှေ့တင် မင်းရဲ့ သမီးက အရင်သေရမယ်'

'ကျင်တောက်ဖန်—မင်း—မင်း'

ကျင်တောက်ဖန်က ဘွားဘွားလျံဘက်ကို လှည့်လိုက်ပြီး....

'ဘွားဘွားလျံ....သူ့ကို သတ်လိုက်'

ဟု အေးစက် မာကျောသော လေသံဖြင့် အမိန့်ပေးလိုက်၏။

ကျင်ရှောင်ရန် မျက်လုံးဝိုင်းသွား၏။

ထို့အတူ ဘွားဘွားလျံလည်း မျက်နှာပျက်သွား၏။

သူမသည် ကျင်ရှောင်ရန် မွေးကင်းစအရွယ်ကပင် ထိန်းကျောင်းခဲ့ရ၏၊

ထို့ကြောင့် သံယောဇဉ်အလွန်ကြီးမားသည်။

သတ်ပစ်ရန်မဆိုထားနှင့် အနည်းငယ်မျှ နာကျင်စေအောင်ပင် ပြုချင်စိတ်မရှိပါ။

ထို့ကြောင့် ငိုင်နေ၏။

ကျင်တောက်ဖန်က ထပ်မံအော်ဟစ်လိုက်၏။

'ဘွားဘွားလျံ.... ဘာငိုင်နေတာလဲ၊ သတ်လိုက်၊ အခု သတ်လိုက်စမ်း'

ဘွားဘွားလျံက သက်ပြင်းချလိုက်၏။

သူမသည် ကျင်ရှောင်ရန် ရှေ့သို့ ရပ်လိုက်ပြီး—



'သခင်ကြီး—သခင်မလေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ သူ့အသက်ကို ချမ်းသာပေးပါရှင်'

ဟု တောင်းပန်လိုက်လေသည်၊

ကျင်တောက်ဖန်၏မျက်နှာ တင်းမာခက်ထန်သွား၏။

'ဘွားဘွားလျံ... ခင်ဗျားက ကျုပ်အမိန့်ကို အာခံတာလား'

ဘွားဘွားလျံ၏ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွား၏။

'မဟုတ်ပါဘူး'

'ဒါဆို သူ့ကို သတ်လိုက်စမ်း'

'မလုပ်ပါနဲ့၊ သခင်မလေးမှာ ဘာမှ အပြစ်မရှိပါဘူး၊ ရန်ကြွေးတွေက သူ့ကို ဖယ်လိုက်ဖို့ ကျွန်မ တောင်းပန်ပါတယ်'

ကျင်တောက်ဖန်၏ မျက်လုံးများ အေးစက်သွား၏။

'ခင်ဗျား....သူ့ကို သတ်မလား မသတ်ဘူးလား'

ဘွားဘွားလျံ၏မျက်နှာ ဖြူလျော်သွား၏။

ကျင်ရှောင်ရန်လည်း ခံပြင်းသွား၏။

သူမသည် ဘဝတစ်လျှောက်လုံး ကျင်တောက်ဖန်အား ဖခင်အရင်းဟုသာ ထင်မြင်ခဲ့ပေသည်။

သူမအား ပြုစု စောင့်ရှောက် ကျွေးမွေးခဲ့ခြင်းအတွက် အထူးပင် ကျေးဇူး တင်ခဲ့ရသည်။

ယခုတော့ သူမအား ကျွေးမွေးပြုစုထားခြင်းသည် ယခုလို ရန်ကြွေးကိစ္စတွင် အသုံးချရန်သက်သက်သာ ဖြစ်နေပေသည်။

ကျင်ရှောင်ရန် အံကြိတ်လိုက်၏။

'ဘွားဘွားလျှံ… ကျွန်မကို သတ်သာပစ်လိုက်ပါ'

ဘွားဘွားလျှံက ခေါင်းခါယမ်းလိုက်၏။

သူမ အနေနှင့် ဤမျှအထိ ရက်စက်နိုင်သောစိတ်သား မရှိပါ။

ဘွားဘွားလျှံသည် ကျင်တောက်ဖန်အား ဒူးထောက်ကာ တောင်းပန်လိုက်၏။

'သခင်မလေးရဲ့ အသက်ကိုခွင့်လွှတ်ဖို့ တောင်းပန်…'

'တိတ်စမ်း'

ကျင်တောက်ဖန်က အော်ငေါက်လိုက်၏။

'ခင်ဗျား သူ့ကိုမသတ်ရင် ခင်ဗျားကို ကျုပ်က သတ်ရလိမ့်မယ်'

ဘွားဘွားလျှံကား တုတ်တုတ်မျှမလှုပ်ပါ'

ကျင်တောက်ဖန် ဒေါသပေါက်ကွဲသွား၏။

ဘွားဘွားလျှံသည် သူ၏ အမိန့်ကို ငြင်းဆန်နေသည် မဟုတ်ပါလော။

ဒေါသများက သူ၏ ဆင်ခြင်တုံတရားကို ဖုံးလွှမ်းသွား၏။

ကျင်တောက်ဖန်သည် သူ၏ လက်ထဲမှ ဝါးနက်ပလွေဖြင့် ဘွားဘွားလျှံအား ရိုက်ချလိုက်လေသည်။

ဘွားဘွားလျှံကား လုံးဝ ရှောင်တိမ်းခြင်းမရှိပါ၊

ဝါးနက်ပလွေသည် ဘွားဘွားလျှံအား ပြင်းထန်စွာပင် ရိုက်ချမိသွားလေသည်။

'ဂုန်း'

'အား'



ဘွားဘွားလျှံသည် စူးရှနာကျင်စွာ အော်ဟစ်ရင်း မြေပေါ် ခွေခွေကလေး လဲကျသွားလေသည်။

ကျင်တောက်ဖန်က သဘောကျစွာ ရယ်မောလိုက်၏။

'ဟား…ဟား…ဟား…ကျုပ်အမိန့်ကို လွန်ဆန်တဲ့လူဟာ သေဒဏ်ပဲ'

သူ၏ ပုံဟန်သည် လူရူးတစ်ယောက်နှင့် တူနေပေသည်။

သူသည် ကျင်ရှောင်ရန်အား စိုက်ကြည့်လိုက်ပြီ —

'မင်းလဲ ဒီနည်း သေရမယ်'

ဟု အော်ဟစ်လိုက်ပြီးနောက် ဝါးနက်ပလွေဖြင့် ရိုက်ချလိုက်လေသည်။

'မလုပ်နဲ့'

စွေယင်ဟုန် ထိတ်လန့်စွာ အော်ဟစ်ဟန့်တားလိုက်၏။

အသံက နောက်ကျသေး၏။

လူက ကျင်ရှောင်ရန်ရှေ့သို့ လျင်မြန်စွာပင် ရောက်ရှိသွားလေသည်။

ထို့နောက် လက်ထဲမှ ဓားတိုဖြင့် ကျင်တောက်ဖန်၏ ပလွေရိုက်ချက်ကို ဟန့်တားခုခံပေးလိုက်၏။

'ဝုန်း'

ကျင်တောက်ဖန်က မဲ့ပြုံးပြုံးလိုက်၏။

'မင်း မနေနိုင်တော့ပါလား'

စွေယင်ဟုန်က….

'ကျင်တောက်ဖန်... မင်းဟာ အရူးပဲ၊ စိတ်ထင်ရာလျှောက်လုပ်နေတဲ့ လူတစ်ယောက်ပဲ၊ ဒီတစ်ကြိမ်တော့ မင်းလုပ်ချင်ရာ လုပ်ခွင့် ပြုနိုင်တော့ဘူး'

ကျင်ထောက်ဖန်က....

'ကြည့်ရသေးတာပေါ့၊ နှစ်နှစ်ဆယ်အတွင်း ကျုပ်ရဲ့ သိုင်းပညာ ဘယ်အဆင့်ထိ ရောက်လာသလဲဆိုတာ မင်းကို လက်တွေ့ပဲ ပြလိုက်မယ်'

သူသည် ချက်ချင်း ပင် ဝါးနက်ပလွေကို ဝေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လေတော့သည်။

စွေ့ယင်ဟုန်ကလည်း ဓားတိုဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏအတွင်း ပင် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခဲ့လေတော့သည်။

* * *

မြင်းလှည်းသမား အဘိုးအိုသည် အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူနှင့် ဘွားဘွားလျှိုတို့သည် ကျင်တောက်ဖန်၏ လက်အောက်တွင် ကျင်ရှောင်ရန်တစ်သက် အမှုထမ်းရွက်ခဲ့ကြ၏။

အလွန်သစ္စာရှိစွာဖြင့် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ကြသည်။



ယခုတော့ ဘွားဘွားလျှိုသည် ကျင်တောက်ဖန်၏ ဒေါသအောက်ဝယ် အသက်ပျောက်ခဲ့ရပြီဖြစ်၏။

ကျင်တောက်ဖန်သည် စွေ့ယင်ဟုန် စွပ်စွဲသလို သူရူးတစ်ယောက် ဖြစ်နေပြီလော။

သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ရပ်နေသော ကျင်ရှောင်ရန်အား အသာအဲ့ကာ တိုက်ပွဲလွတ်ရာသို့ ဆုတ်ခွာသွားလိုက်လေသည်။

ကျင်ရှောင်ရန်က....

'ဘဘ—အခုပြောနေတာ အမှန်ပဲလားဟင်'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သခင်မလေးဟာ သခင်ကြီးရဲ့ သမီးအရင်း မဟုတ်တာတော့ အမှန်ပဲ၊ အခု သူပြောတာ အမှန်ပဲ ဖြစ်မှာပါ'

ကျင်ရှောင်ရန် အလွန်ပင် စိတ်ထိခိုက်သွား၏။

သူမသည် ရန်ငြိုး၏ သားကောင်တစ်ယောက် ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

သူမသည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ငိုကြွေးလိုက်မိလေတော့သည်။

'ယား'

'ကျား'

'ချမ်'

တိုက်ပွဲကား လျင်မြန်ပြင်းထန်လှပေသည်။

မြို့စားကြီးသည် တိုက်ပွဲကို ငေးကြည့်နေ၏။

သူသည် အဆင့်မြင့် သိုင်းပညာရှင်တစ်ဦး ဖြစ်၏။

သို့သော် ကျင်တောက်ဖန်နှင့် စွေယင်ဟုန်တို့၏ တိုက်ပွဲကို ကြည့်နေဆဲမှာပင် သူ၏ သိုင်းပညာ များစွာ လိုအပ်နေသေး ကြောင်းကို နားလည်လိုက်ပေသည်။

နှစ်ယောက်စလုံး အသုံးပြုသော သိုင်းကွက်များသည် အလွန်ပင် ကောင်းမွန်ကာ အဆင့်မြင့်လှ၏။

စွေယင်ဟုန်သည် ယင်ထုပ်ဘဝသို့ နှစ်ပေါင်းများစွာ ကျရောက်ခဲ့သော်လည်း သူ၏သိုင်း ပညာသည် ယခုတိုင် ထက်မြက် နေဆဲဖြစ်သည်ကို တွေ့မြင်ရ၏။

ထို့ကြောင့်လည်း တစ်ချိန်က စွေယင်ဟုန်အား စွယ်စုံ သိုင်းသမားဟု အမည်မေးခဲ့ခြင်းဖြစ်မည်ကိုလည်း တွေးလိုက်မိ၏။

သို့သော်....ယခုတိုက်ပွဲတွင် ကျင်တောက်ဖန်က ပို၍သာနေ သည်ဟု သူက သုံးသပ်မိလေသည်။

စွေယင်ဟုန်အနေနှင့် သိုင်းပညာလေ့ကျင့်မှု ပျက်ယွင်း ခဲ့သော အချိန်ကာလရှည်ကြာခဲ့သဖြင့် နောက်ပိုင်း၌ ကျင် တောက်ဖန်က အသာရသွားမည်ဟုလည်း နားလည်မိလေ ၏၊ မြို့စားကြီး သက်ပြင်းအသာချလိုက်၏။



အကယ်၍သာ ကျင်တောက်ဖန်အနိုင်ရသွားခဲ့လျှင် သူ အတိ ပျက်ရပေမည်။

အမျာ ပြည်သူ အေးချမ်းသာယာရေးအတွက် ကျင် တောက်ဖန်ကို အလွတ်မပေးနိုင်တော့ပါ။

ဒုစရိုက်သမားအပေါ် ကတိသည်ခြင်း မပြုနိုင်တော့ပါ။

မြို့စားကြီးသည် တင်ဝှမ်ကို တိုးတိုးပြောလိုက်သည်။

ထို့နောက်... သူ၏ရဲနက်များကို တိုက်ပွဲဝင်ရန် တိုးတိုး အမိန့်ပေးထားလိုက်တော့သည်။

လှစာပေ
အမှတ် ၁၅/၁၃၈၊ မီ ဝေ...
တောင် ၄ ရပ်
ဖုန်း ၂၁၄၅၅

အချိန်များစွာ တရွေ့ရွေ့ကုန်ဆုံးလာ၏။

သိုင်းကွက်နှစ်ရာနီးပါ ရှိလာပြီဖြစ်၏။

ကျင်တောက်ဖန်၏မျက်နှာ ပြုံးလာ၏။

သူသည် တစ်စထက်တစ်စ အသာရလာခဲ့ပြီ မဟုတ်ပါ လော။

သို့သော်....အနိုင်ရရန်က မလွယ်သေးပေ။

မည်သို့ဆိုစေ....သိုင်းကွက်သုံးရာခန့် ဆိုလျှင် ကျင်တောက်ဖန်က အနိုင်ရမည်ဟု ကောင်းစွာ သိရှိလိုက်၏။

'ဟား... ဟား... ဟား—စွေယင်ဟုန်၊ ဒီကနေ့ဟာ မင်းရဲ့ သေနေ့ပဲ၊ ကျုပ်အနှစ်နှစ်အလလ တောင့်တခဲ့တာ ပြည့်ဝတော့မယ်ကွ'

တု ကြုံးဝါးလိုက်သည်။

စွေယင်ဟုန်က –

'ကြည့်ပါဦးလေ၊ မင်းလိုလူမျိုးကို ကျုပ်အ ဘယ်တော့မှ ရှုံးမှာမဟုတ်ဘူးကွ'

ဟု ချက်ချင်း ခွန်းတုံ့ပြန်၏။

သူသည် နှုတ်ကသာ ချေပလိုက်ရ၏။

ရင်ထဲ၌ စိုးရိမ်နေ၏။

ကျင်တောက်ဖန်၏ သိုင်းပညာသည် နှစ်နှစ်ဆယ်အတွင်း များစွာ တိုးတက်ခဲ့၏။

သူကမူ ယစ်ထုပ်ဘဝရောက်ခဲ့၏။

ဘဝကို ရေစုန်မျောကာ သိုင်းလောကထဲမှထွက်ခဲ့သည်။

သိုင်းပညာလေ့ကျင့်မှု နည်းခဲ့၏။

ထို့ကြောင့်– အမှောမလုံတော့ပါ။

တိုက်ပွဲကြာရှည်လာသည်နှင့်အမျှ သူ၏ တိုက်ခိုက်မှု လျော့ကျလာပေမည်။



ထိုအခါ ကျင်တောက်ဖန်က သူ့ကိုအလွယ်တကူပင် အနိုင်ယူသွားပေလိမ့်မည်။

ထိုသို့အဖြစ်မျိုး အရောက်မခံနိုင်ပါ။

သူသည် ကျင်တောက်ဖန်ကို အမြန်ဆုံးတိုက်ခိုက်ရပေမည်။

မည်သို့ တိုက်ခိုက်ရမည်နည်း။

ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာမလိုပါ။

ဝတ်ရုံရှင်သည် ကျင်တောက်ဖန်မှန် မသိခင်ကတည်းက ဝတ်ရုံရှင်နှင့်တွေ့လျှင် မည်သို့ တိုက်ခိုက်ရမည်ဟု စိတ်ကူးပြီးသားဖြစ်၏။

ထိုစိတ်ကူးအတိုင်းသာ တိုက်ရပေမည်။

သို့ဆိုတွင် အချိန်အဆက တိကျမှုဖြစ်မည်။

လှုပ်ရှားမှုကလည်း လျင်မြန်ရပေမည်။

သူသည် အသက်ကိုတဝ ရှူလိုက်၏။

အတွင်းအားကိုလည်း အပြည့်အဝစုစည်းလိုက်လေတော့သည်။

* * *

သိုင်းကွက်နှစ်ရာကျော်လာပြီဖြစ်၏။

ကျင်တောက်ဖန်သည် တိုက်ခိုက်မှုအရှိန်ကို ပို၍ မြှင့်တင်လိုက်သည်။

'တူ—တူ'

ပလွေကို ဝှေ့ယမ်းရာမှ ထွက်ပေါ်လာသော အသံပင်အလွန်စူးရှနေသည်။

ကျင်တောက်ဖန်၏ပလွေသည် စွေယင်ဟုန်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။

ကျင်တောက်ဖန်က ပလွေဖြင့် စွေယင်ဟုန်၏ အဓိကသွေးကြောနေရာများကို ထိုးနှက်နေ၏။

စွေယင်ဟုန်က ဓားတိုကို ဝှေ့ယမ်းရင်း ကာကွယ်နေရသည်။

ထိုစဉ်—စွေယင်ဟုန်၏ ခုခံမှုက ရုတ်တရက် အားပျော့သွား၏။

ထိုအခါ ဟာကွက်ဖြစ်ပေါ်လာသည်။

မျက်စိလျင်သော ကျင်တောက်ဖန်သည် ရုတ်တရက် ဖြစ်ပေါ်လာသော ဟာကွက်ကိုတွေ့မြင်သွား၏။

သူသည် ချက်ချင်းပင် ထိုဟာကွက်အတွင်းသို့ ပလွေဖြင့် ထိုးချလိုက်လေ၏။

စွေယင်ဟုန်ကလည်း လျှင်မြန်လှ၏။

ထိုဟာကွက်သည် သူ တမင် ဖန်တီးပေးလိုက်သော ဟာကွက်ဖြစ်သည်။



ယင်းဟာကွက်ထဲသို့ ကျင်တောက်ဖန်က ပလွေနှင့် ထိုးချလာသောအခါ သူကလည်း ဓားနှင့်ဆတ်ခနဲထိုးချလိုက်၏။

ကျင်တောက်ဖန်၏ ပလွေပေါက်အတွင်း စွေယင်ဟုန်၏ ဓားတိုက အတိအကျဝင်သွားသည်။

'ခွပ်'

စွေယင်ဟုန်က ဓားကို လှန်ချလိုက်သည်။

'ခွမ်း'

ပလွေသည် ဓားနှင့် ခွဲချခြင်းခံရကာ ထက်ပိုင်းကွဲသွားသည်။

ကျင်တောက်ဖန်မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အံ့အားသင့်သွား၏။

စွေယင်ဟုန်၏ ဓားတိုသည် ပလွေကိုခွဲပြီး ဆက်၍ထိုးဝင်သွားသည်။

ကျင်တောက်ဖန် ထိတ်လန့်သွားသည်။

သူက အလျင်အမြန်ပင် နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

သို့ရာတွင် အလွန်နောက်ကျသွားပြီ ဖြစ်သည်။

စွေယင်ဟုန်၏ ဓားတိုသည် ကျင်တောက်ဖန်၏ ရင်ဝကို ထိုးဖောက်သွားလေသည်။

'အား'

ကျင်တောက်ဖန်သည် နာကျင်စွာ အောင်တစ်ရင်း နောက်သို့ ယိုင်ထွက်သွားသည်။

ထို့နောက် မြေပေါ်ခွေကျသွားကတော့သည်။

*  *

စွေယင်ဟုန် သက်ပြင်းချသည်။

သူသည် ကျင်ရှောင်ရန်ကို ပွေ့ဖက်ကာ နှစ်သိမ့်သည်။

သူမက ငိုကြွေးနေသည်။

သူမအတွက် ကျင်တောက်ဖန်သည် ဖခင်အရင်း မဟုတ်သော်လည်း တစ်သက်လုံး ဖခင်အဖြစ်သာ မှတ်ယူခဲ့ရသည် မဟုတ်ပါလော။

'သမီးရယ်'

နှစ်ပေါင်းနှစ်ဆယ်ကြာမျှ ကွဲကွာနေခဲ့ရသော သမီးဖြစ်သူနှင့် ပြန်တွေ့ရပြီ ဖြစ်၏။

စွေယင်ဟုန်ဘဝမှာ အထီးမကျန်တော့ပါ။

'သမီးရယ် တိတ်ပါကွယ်၊ တို့သားအဖနှစ်ယောက် ဘဝအေးချမ်းသာယာသွားမှာပါ၊ ကျင်တောက်ဖန်ရဲ့ တယူသန်စိတ်ထားကြောင့်သာ အခုလို ကြေကွဲစရာအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ရတာပါ'

ကျင်ရှောင်ရန်က....



'သူဟာ သမီးအပေါ် ဖခင်ရင်းတစ်ယောက် ကောင်းခဲ့တာအမှန်ပါပဲ၊ ဒါပေမယ့် သူဟာ သမီးကို ရန်ငြိုးအတွက် အသုံးချဖို့ မွေးလာတာ သိရတော့ တကယ်ပဲ စိတ်ထိခိုက်မိတယ်'

'ပြီးတာတွေ ပြီးပါပြီ သမီးရယ်၊ ရှေ့သဝတစ်လျှောက်လုံး ဖေဖေတို့ သားအဖ ပြန်ဆုံပြီပဲ၊ ပျော်ပျော်ရွှင်ရွှင် နေသွားကြတာပေါ့'

စွေယင်ဟုန်သည် မည်သူ့ကိုမျှ နှုတ်မဆက်တော့ပါ။

ကျင်ရှောင်ရန်၏လက်ကို ဆွဲကာ မြို့စားရဲတိုက်ရှေ့မှ တစ်လှမ်းချင်း ထွက်ခွာသွားလေတော့သည်။

*

ရာသီဥတုက သာယာလှ၏။

တောင်ပိုင်းသိုင်းလောကမှာလည်း အန္တရာယ်ဆိုးမှ ကင်းလွတ်ခဲ့ပြီ ဖြစ်သည်။

နှစ်လကျော်မျှ မက်ခဲ့သော အိပ်မက်ဆိုးတို့ လွင့်ပျောက်သွားပြီ ဖြစ်၏။

နောင်အခါတွင် သိုင်းသမား များအားလုံး စုစည်းညီညွတ်ကြရမည်ဟူသော အသိတရားများ ရလာသည်။

အဖွဲ့အစည်းများလည်း ပွားပေါင်းလာကြ၏။

တောင်ပိုင်းသိုင်းလောကသည် ညီညွတ်သော အင်အားစု တစ်ခုအဖြစ် ပြောင်းလဲသွားသည်။

သူတို့သည် အချုပ်အချယ်မဲ့ တံဆိပ်တော်သခင်မျိုး နောင်တွင် မကြုံတွေ့ရစေရန် ဆုတောင်းမိကြသည်။

အကယ်၍ ပေါ်ပေါက်လာလျှင်လည်း အားလုံး ညီညီညွတ်ညွတ်နှင့် စုပေါင်းရင်ဆိုင်ရန် ဆုံးဖြတ်ထားလိုက်ကြလေတော့သည်။

နန္ဒကျော်သူ

( ပြီးပါပြီ )